# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 7 December 2021 ၁၀၅၈၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံစက်မှုအင်ဂျင်နီယာသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

## ယခုသင်တန်းကျောင်းသည် အခြေခံအကျဆုံးသော စက်မှုဆိုင်ရာဘာသာရပ်များကို သင်ကြားပေးရသည့် သင်တန်းကျောင်းတစ်ခုဖြစ် သင်ခန်းစာများအတွက် လိုအပ်သည့်သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာ ဖြည့်ဆည်းဆောင်ရွက်ပေး

**နေပြည်တော် ဒီဇင်ဘာ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံစက်မှုအင်ဂျင်နီယာ သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား စက်မှုအင်ဂျင်နီယာသင်တန်းကျောင်း အစည်းအဝေးခန်းမတွင် လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် နေမျိုးဦးက သင်တန်းကျောင်း သမိုင်းအကျဉ်း၊ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်မှု၊ သင်ထောက်ကူပစ္စည်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုနှင့် သင်တန်းကျောင်းအား အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံစက်မှုအင်ဂျင်နီယာ သင်တန်းကျောင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။


**ယနေ့** ဖတ်စရာ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဦးဝင်းမြင့်နှင့် ဒေါ်အောင်ဆန်းစုကြည် တို့အား ဇမ္ဗူသီရိမြို့နယ်(သီးသန့်) တရားရုံးက ချမှတ်ထားသော သတ်မှတ်ပြစ်ဒဏ်များအား လျှော့ပေါ့လွတ်ငြိမ်းသက်သာခွင့် ဆောင်ရွက်ပေး** စာမျက်နှာ » ၄

**အနာဂတ်မျိုးဆက်များအတွက် အဂတိလိုက်စားမှုများအား ဆန့်ကျင်တိုက်ဖျက်ကြပါစို့** စာမျက်နှာ » ၆

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၃၁ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၃၇ ရာခိုင်နှုန်းရှိ** စာမျက်နှာ » ၂၂

ကြေးမုံ

# ပြည်သူများ၏ဆန္ဒ မမှိတ်မသုန်အကောင်အထည်ဖော်

“ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအရ အချင်းချင်းသဘောကွဲလွဲမှုများရှိနိုင်သော်လည်း အများစု၏ဆန္ဒသဘောထားကိုလည်း ထည့်သွင်းစဉ်းစား၍ ဆင်ခြင်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေးလျှောက်လှမ်းမှုတွင် အဆင်ပြေချောမွေ့စေရန်အတွက် မိမိတို့က ဝိုင်းဝန်းဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအား ဒီဇင်ဘာ ၅ ရက်က တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ပြောကြားချက်သည် မြန်မာနိုင်ငံ နိုင်ငံရေးနှင့်ပတ်သက်သည့် ပကတိအရှိအမှန်တရားဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်လျက်ရှိရာတွင် နိုင်ငံရေးလမ်းစဉ် တည့်မတ်ခိုင်မာမှန်ကန်ရေးအတွက် တပ်မတော်က အမျိုးသားနိုင်ငံရေးတာဝန်အရ ထိန်းကျောင်းတည့်မတ်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံသူ နိုင်ငံသားများကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တပ်မတော်အနေဖြင့် နိုင်ငံ၏ဖြစ်ပေါ်လာသည့် အခြေအနေများအရ စစ်မှန်သောဒီမိုကရေစီဖြစ်ပေါ်လာစေရန် နိုင်ငံတော်ကို ခေတ္တတာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စစ်မှန်သောဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို လျှောက်လှမ်းနေသည်။ ယင်းသည် ပြည်သူများရွေးချယ်ထားသည့် လမ်းကြောင်းဖြစ်သဖြင့် လမ်းကြောင်းမသွေဖည်အောင် ဆောင်ရွက်နေသည်။ နိုင်ငံတော်၏ နိုင်ငံရေးတာဝန်ကို ဝင်ရောက်တာဝန်ယူခဲ့ခြင်းသည် တပ်မတော်က ဖန်တီးခဲ့ခြင်းမဟုတ်ပေ။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမတိုင်မီကာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ နိုင်ငံရေးတွင် ရိုးသားမှုရှိစေရေးနှင့် နိုင်ငံရေးအရ လက်စားချေခြင်းများ မပြုလုပ်စေရေးအတွက် တပ်မတော်အနေဖြင့် အမြဲမပြတ် တိုက်တွန်းပြောကြားခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲစနစ်တွင် အနိုင်ရပါတီမှ ရွေးကောက်ခံကိုယ်စားလှယ်များက သမ္မတရွေးချယ်ခြင်း၊ အစိုးရအဖွဲ့ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ကြရသည်။ သမ္မတမှတစ်ဆင့် တရားသူကြီးများနှင့် အာဏာပိုင်အဖွဲ့အစည်းအသီးသီးကို ခန့်အပ်ဆောင်ရွက်ရသဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တရားမျှတမှုရှိရေးသည် အလွန်အရေးကြီးသောအချက်ဖြစ်သည်။ သို့သော် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြုလုပ်ချိန်တွင် မသမာမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို မလွှဲမရှောင်သာဘဲ ထိန်းသိမ်းတာဝန်ယူခဲ့ရသည်။ ထိုသို့ နိုင်ငံတော်တာဝန်ကို ရယူဆောင်ရွက်သောအခါ အာဏာလက်လွှတ်လိုက်ရသည့် နိုင်ငံရေးသမားအများစုက တိုင်းပြည်အလုံးစုံပျက်စီးစေရန် ပြုလုပ်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။

အာဏာရရှိရေးအတွက် တိုင်းပြည်ပျက်စီးရေးကို မည်သို့ပင်ပြုလုပ်သည်ဖြစ်စေ တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ ပြည်သူများ ရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်ရာတွင် အဖွဲ့အစည်းအားလုံးနှင့် တိုင်းရင်းသားပြည်သူများ၏ ပါဝင်ကူညီမှုလိုအပ်သည်။ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြပါက နိုင်ငံတော်သည် မျှော်မှန်းထားသည့်အတိုင်း အကောင်းဆုံးအခြေအနေကို အမြန်ဆုံးရောက်ရှိလာမည်ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မတူကွဲပြားသောတိုင်းရင်းသားပြည်သူများ ကာလရှည်ကြာ အေးချမ်းစွာနေထိုင်ခဲ့ကြသူများဖြစ်၍ ပြည်ထောင်စုအကျိုးအတွက် တူညီသောစိတ်ထားများထားရှိကြရန်လိုသည်။

ဘာသာတရားကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံဖြစ်၍ အချင်းချင်းမေတ္တာတရားဖြင့် ရိုင်းပင်းကူညီကြဖို့လိုအပ်သည်။ ဘာသာတရားနှင့်ပတ်သက်၍ အစွန်းရောက်စိတ်ဓာတ်များ၊ နိုင်ငံရေးနှင့်ပတ်သက်သည့် အစွန်းရောက်စိတ်ဓာတ်များ ရှောင်ရှားကြရန်လိုအပ်သည်။ အစွန်းရောက်စိတ်ဓာတ်များကို မွေးမြူပြီး ပြည်သူများအား မှုဝေပေးပါက တိုင်းပြည်ပျက်စီးရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိသွားနိုင်သည်။ တိုင်းပြည်ပျက်စီးရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိမသွားစေရန် တပ်မတော်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန် တာဝန်ရှိပေသည်။ အစဉ်အလာကြီးမားသောတပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ၊ လွတ်လပ်ရေးရရှိပြီးသောကာလများမှ ယနေ့ထက်တိုင်အောင် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ ရှေးအဖို့တွင်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများကို ကာကွယ်စောင့်ရှောက်သွားမည်ဟု ယုံကြည်ထားသည်။

မြန်မာနိုင်ငံသည် ပြည်သူများ၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တည့်မတ်မှန်ကန်စွာ ဆက်လက်လျှောက်လှမ်းနေပြီဖြစ်သည်။ လွတ်လပ်ပြီးတရားမျှတသည့် စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ် ပေါ်ပေါက်လာအောင် တပ်မတော်အနေဖြင့် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများ၏ဆန္ဒဖြစ်သည့် တည်ငြိမ်အေးချမ်းသောနိုင်ငံဖြစ်ရေး၊ စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ပေါ်ပေါက်ရေး၊ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု လေးမှု စီရင်ချက်ချမှတ်
## ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးကြည်သိန်း၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃/၂၀၂၀ (မန္တလေး)၊ ၆/၂၀၂၀ (မန္တလေး)၊ ၉/၂၀၂၀ (ကရင်)နှင့် ၁၂/၂၀၂၀(ရန်ကုန်) စုစုပေါင်း တရားမအထူး အယူခံမှု လေးမှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၅/၂၀၂၁ (မွန်)နှင့် ၆/၂၀၂၁ (တနင်္သာရီ)၊ တရားမအထူးအယူခံမှုအမှတ် ၁၃/၂၀၂၀ (ဧရာဝတီ)၊ ၂၂/၂၀၂၀(ရန်ကုန်)နှင့် ၂၄/၂၀၂၀(ပဲခူး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကုသရေးဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

**နေပြည်တော် ဒီဇင်ဘာ ၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၃၈ မျိုး စုစုပေါင်း (၅၅၈၉၀ ဒသမ ၇၆ ကီလိုဂရမ်)၊ နယ်စပ်(မြဝတီ၊ ကျိုင်းတုံ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီရှစ်ခုတို့မှ Vitamin C Injection ၁၃၂၄၀၀၊ Glucose Injection ၁၃၈၀၀၊ နှာခေါင်းစည်း ၃၄၄၂၂ ကီလိုဂရမ်၊ အောက်ဆီဂျင်(အရည်) ၁၄၅၇၇ ကုဗမီတာတို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

“အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့”

"Orange the world: End violence against women now!"

၂၅-၁၁-၂၀၂၁ နေပြည်တော်


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၆ - ၁၂-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၂၁၄ | ၁,၈၄၀,၄၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၁၁၅ | ၃၆၃,၀၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၁၁ | ၈၆,၉၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၁၄၉ | ၂,၉၀၅,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၂၁ | ၅၇,၇၅၀ |
| EFR | ၂,၉၅၀ | ၂,၉၅၀ | ၄ | ၁၁,၈၀၀ |
| AMATA | ၆,၀၀၀ | ၆,၀၀၀ | ၉ | ၅၄,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဒီဇင်ဘာ ၆**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၈၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၀၈.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၉.၃၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၅၂၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၀.၆၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၆၀၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၄၉.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၉၉.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၇၃.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၀.၆၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် နေမျိုးဦးက ရှင်းလင်းတင်ပြစဉ်။

- ❖ **သင်တန်းဆင်းသူများအနေဖြင့် တပ်မတော်အတွင်း စက်မှုဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ရေး သင်ကြားပို့ချပေးနိုင်ရမည်**
- ❖ **သင်တန်းသားများ၏ စားသောက်နေထိုင်ရေးတို့အား ဆောင်ရွက်ပေးရာတွင် သတ်မှတ်နှုန်းထားများအတိုင်း ပြည့်မီစွာ ဆောင်ရွက်ရန်လိုပြီး သင်တန်းသားများအနေဖြင့် သင်ခန်းစာကို ရာနှုန်းပြည့် သင်ယူလေ့လာနိုင်ရမည်**

☆ ရေဖိုးမှ

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည့် စက်မှုအင်ဂျင်နီယာသင်တန်းကျောင်းများအနေဖြင့် အခြေခံသင်ရိုးညွှန်းတမ်းများအား တူညီမှုရှိစွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းကျောင်းသည် အခြေခံအကျဆုံးသော စက်မှုဆိုင်ရာဘာသာရပ်များကို သင်ကြားပေးရသည့် သင်တန်းကျောင်းတစ်ခုဖြစ်ကြောင်း၊ သင်တန်းဆင်းသူများအနေဖြင့် တပ်မတော်အတွင်း စက်မှုဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ရေး သင်ကြားပို့ချပေးနိုင်ရမည်ဖြစ်ကြောင်း၊ သင်တန်းသားများ၏ စားသောက်နေထိုင်ရေးတို့အား ဆောင်ရွက်ပေးရာတွင် သတ်မှတ်နှုန်းထားများအတိုင်း ပြည့်မီစွာ ဆောင်ရွက်ရန်လိုပြီး သင်တန်းသားများအနေဖြင့် သင်ခန်းစာကို ရာနှုန်းပြည့် သင်ယူလေ့လာနိုင်ရမည်ဖြစ်ကြောင်း၊ သင်ခန်းစာများအတွက်လိုအပ်သည့် သင်ထောက်ကူပစ္စည်းများကိုလည်း ပြည့်စုံစွာ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လေ့ကျင့်ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းအတွင်း လှည့်လည်၍ သင်တန်းဆောင်များအတွင်း သင်တန်းသား သင်တန်းသူများ၏ ဘာသာရပ်အလိုက် သင်ယူနေမှုအခြေအနေ၊ သင်တန်းအထောက်အကူပြု သရုပ်ပြစက်ပစ္စည်းကိရိယာများကို အသုံးပြု၍ သင်တန်းသားများကိုယ်တိုင် လက်တွေ့ဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှု၍ သင်တန်းသားများအနေဖြင့် ၎င်းတို့သင်ယူထားသည့် သင်ခန်းစာများအား လက်တွေ့နယ်ပယ်တွင် အမှန်တကယ်အသုံးချနိုင်ရေး လူမှန်နေရာမှန် တာဝန်ပေးအပ်ရန် လိုအပ်သည့် အခြေအနေ၊ အရေးပေါ်အခြေအနေများတွင် ကိရိယာတန်ဆာပလာအနည်းဆုံးဖြင့် စက်မှုဆိုင်ရာ အခက်အခဲများကို ထိုးထွင်းကြံဆဖြေရှင်းဆောင်ရွက်တတ်စေရေးတို့အတွက်လည်း ထည့်သွင်းသင်ကြားပေးရန် လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လေ့ကျင့်ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ကြောင်းနှင့် သင်တန်းကျောင်း အဆင့်မြှင့်တင်ရေးအတွက် အဆောက်အအုံများ ထပ်မံတိုးချဲ့ဆောက်လုပ်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းအထောက်အကူပြု သရုပ်ပြစက်ပစ္စည်းကိရိယာများကို အသုံးပြု၍ သင်တန်းသားများကိုယ်တိုင် လက်တွေ့ဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဦးဝင်းမြင့်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား ဇမ္ဗူသီရိမြို့နယ်(သီးသန့်) တရားရုံးက ချမှတ်ထားသော သတ်မှတ်ပြစ်ဒဏ်များအား လျှော့ပေါ့လွတ်ငြိမ်းသက်သာခွင့် ဆောင်ရွက်ပေး

**နေပြည်တော် ဒီဇင်ဘာ ၆**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်(သီးသန့်) တရားရုံးတွင် တရားရင်ဆိုင်လျက်ရှိသည့် ဦးဝင်းမြင့်သည် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၆/၂၀၂၁ ဖြင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေပုဒ်မ ၂၅ ကို ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်း ပြစ်မှုထင်ရှားစီရင်ပြီး ထောင်ဒဏ်(၂)နှစ်ကိုလည်းကောင်း၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၅/၂၀၂၁ ဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅၊ ပုဒ်မခွဲ(ခ)ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ပြီး ထောင်ဒဏ်(၂)နှစ်ကိုလည်းကောင်း ကျခံစေရန်အတွက် ယနေ့တွင် ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။

အလားတူ အဆိုပါတရားရုံးတွင် တရားရင်ဆိုင်လျက်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်သည်လည်း ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၇/၂၀၂၁ ဖြင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေပုဒ်မ ၂၅ ကို ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်း ပြစ်မှုထင်ရှားစီရင်ပြီး ထောင်ဒဏ်(၂)နှစ်ကိုလည်းကောင်း၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၅/၂၀၂၁ ဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅၊ ပုဒ်မခွဲ(ခ)ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ပြီး ထောင်ဒဏ်(၂)နှစ်ကိုလည်းကောင်း ကျခံစေရန်အတွက် ယနေ့တွင် ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။

တရားဥပဒေစိုးမိုးရေးအတွက် တည်ဆဲဥပဒေနှင့်အညီ မှန်ကန်မျှတစွာ တရားစီရင်မှုကို နိုင်ငံသားအားလုံးက လေးစားလိုက်နာ ခံယူကြရမည်ဖြစ်ပါသည်။ သို့သော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ဦးဝင်းမြင့်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် တရားရုံးကချမှတ်ခဲ့သည့် ထောင်ဒဏ် (၄)နှစ်စီအနက် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ထောင်ဒဏ်(၂) နှစ်ကို လွတ်ငြိမ်းသက်သာခွင့်ပြုပြီး ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၁၊ ပုဒ်မခွဲ (၁)အရ ကျခံရန် ကျန်ရှိသည့် ထောင်ဒဏ်(၂) နှစ်အား လက်ရှိထိန်းသိမ်းထားသည့်နေရာ၌ပင် ကျခံစေရန် အမိန့်ထုတ်ပြန်၍ ပြစ်ဒဏ်မှ လျှော့ပေါ့လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခွန်အခြေတိုးချဲ့ဖော်ထုတ်ရေးနှင့် လွယ်ကူစွာ အခွန်ပေးဆောင်နိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ပြီး အခွန်ရှောင်တိမ်းမှုများနှင့် မသမာမှုများကို ဖော်ထုတ်အရေးယူသွားကြရန်လို

**နေပြည်တော် ဒီဇင်ဘာ ၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက် ၁၀ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည့် မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကောက်ခံမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့လည်းကောင်း တက်ရောက် အမှာစကားပြောကြားသည်။



### ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိ

မြန်မာ့စီးပွားရေးဘဏ်လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ငွေထုတ်ယူမှု၊ ငွေသားလိုအပ်ချက်၊ ငွေသယ်ယူမှု၊ ပင်စင်လစာထုတ်ပေးမှုနှင့် ATM စက်များတွင် ငွေထုတ်ယူမှုစသည့်လုပ်ငန်းများကို မြန်မာ့စီးပွားရေးဘဏ်နှင့် သက်ဆိုင်ရာဒေသဆိုင်ရာ အာဏာပိုင်များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘဏ်လုပ်ငန်းစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဝိုင်းဝန်းကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ဒေသအချို့၌ လုံခြုံရေးအခြေအနေကြောင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများ နှောင့်နှေးမှုများ ရှိနေသော်လည်း သက်ဆိုင်ရာ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘဏ်ငွေသွင်းငွေထုတ်ဆောင်ရွက်ရာတွင် မသမာမှုများမရှိစေရန်လိုအပ်ကြောင်း၊ ဘဏ်လုံခြုံရေးကိုလည်း အထူးသတိထားဆောင်ရွက်ရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဘဏ်လုပ်ငန်းဆောင်ရွက်မှုများကို ဘဏ်လုပ်ငန်းစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန် အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ဘဏ်ဝန်ဆောင်မှုလုပ်ငန်း အခက်အခဲများကို ဘဏ်လုပ်ငန်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အထွေထွေမန်နေဂျာများနှင့် အွန်လိုင်းဖြင့် တက်ရောက်သည့် မြန်မာ့စီးပွားရေးဘဏ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မန်နေဂျာများက တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်ပေးရန်လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

### တိုးတက်ရောက်ရှိလာ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အခွန်ကောက်ခံမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ပြီး မြန်မာနိုင်ငံ၏ အခွန်ရငွေနှင့် GDP အချိုးသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းနေသေးသည်ကို တွေ့ရှိရကြောင်း၊ အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆယ်စုနှစ်အတွင်း IMF အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှ နည်းပညာအကူအညီများ ရယူဆောင်ရွက်ခဲ့ရာ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်အခွန်စနစ်သို့ တိုးတက်ရောက်ရှိလာကြောင်း။

တန်ဖိုးဖြည့်အခွန်စနစ် (Value Added Tax – VAT) ဖြင့် အခွန်တိုးမြှင့်ကောက်ခံရရှိနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အခွန်အခြေ (tax base) တိုးချဲ့ဖော်ထုတ်ရေးနှင့် လွယ်ကူစွာ အခွန်ပေးဆောင်နိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ပြီး အခွန်ရှောင်တိမ်းမှုများနှင့် မသမာမှုများကို ဖော်ထုတ်အရေးယူသွားကြရန်လိုကြောင်း၊ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများအတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ ပြည့်ပြည့်ဝဝကောက်ခံရရှိအောင် တီထွင်ကြံဆဆောင်ရွက်ကောက်ခံကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အခွန်ကောက်ခံမှုအပိုင်းတွင် အားနည်းချက်များကို စနစ်တကျ ကွပ်ကဲကြပ်မတ်ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ အွန်လိုင်းမှ ရောင်းဝယ်ခြင်း Account Transfer ဖြင့် ငွေလွှဲပြောင်းပေးချေမှုများ တိုးတက်လာမှုကို အခွင့်ကောင်းယူ၍ အခွန်ကောက်ခံရရှိနိုင်မှုနည်းလမ်းများကို ကြံဆဖော်ထုတ်ကြရန် တိုက်တွန်းလိုကြောင်း၊ အခွန်ကင်းလွတ်ခွင့်ပြုရေး တင်ပြခြင်းကို စနစ်တကျ စိစစ်သုံးသပ်တင်ပြကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက နိုင်ငံတော်ရငွေရရှိရေးကို အလေးထားဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အွန်လိုင်းဖြင့် တက်ရောက်သည့် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးများက တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်ပေးရန်လိုအပ်ချက်များကို တင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်သမဝါယမအသင်းစုများက စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၆**

ကျေးလက်နေတောင်သူလယ်သမားများ စိုက်ပျိုးခဲ့သည့် မိုးစပါးများ ဈေးကွက်များသို့ တင်ပို့ရောင်းချရာတွင် တောင်သူများအခက်အခဲမရှိစေရေးနှင့် အကျိုးစီးပွားမြင့်မားစေရေးတို့အတွက် သမဝါယမကဏ္ဍက စပါးဝယ်ယူရေးလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျုံပျော်မြို့နယ် သမဝါယမအသင်းစုမှ ဧည့်မထစပါးတင်း ၂၀၀၀၀၊ အိမ်မဲမြို့နယ် ရွှေပါရမီစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ ဆင်းသုခ/မနောသုခစပါးတင်း ၅၀၀၀၊ ဓနုဖြူမြို့နယ် သမဝါယမအသင်းစုမှ ဆင်းသုခစပါးတင်း ၂၀၀၀၊ ဖျာပုံမြို့နယ် သမဝါယမအသင်းစုမှ တောင်ပျံစပါးတင်း ၆၀၀၀၊ ဒေးဒရဲမြို့နယ် သမဝါယမအသင်းစုမှ ဘေးကြားတောင်ပျံစပါးတင်း ၃၀၀၀ စုစုပေါင်း စပါးတင်းပေါင်း ၃၆၀၀၀ ကို ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နမ္မတူမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**နမ္မတူ ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများအတွက် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

### လွှဲပြောင်းပေးအပ်

အဆိုပါအခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းက မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်မည့်ကျေးရွာနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာများအနေဖြင့် ရန်ပုံငွေများကို လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန်နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်သွားကြရန် ပြောကြားခဲ့ပြီး တက်ရောက်လာကြသော ကျေးရွာစီမံကိန်းကော်မတီများထံသို့ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် မက်မွန်းကျေးရွာ၊ ခိုမကျေးရွာ၊ အိုဗလန်ဒါကုန်းကျေးရွာနှင့် ကောင်းဟုန်းကျေးရွာတို့အား တစ်ရွာလျှင် ကျပ်သိန်း ၁၀၀ နှုန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် ဆိုင်ဂျာကျေးရွာအား လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးစုနိုင်**

# နိုင်ငံပိုင်မီဒီယာများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား အပြန်အလှန် ပေါင်းကူးဆက်သွယ်ခြင်းသာမက ပြည်ပနိုင်ငံများကပါ မိမိတို့၏ သတင်းမှန်၊ အခြေအနေမှန်များကို သိရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားရမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့အလင်း သတင်းစာတိုက်နှင့် တာမွေမြို့နယ်ရှိ The Global New Light of Myanmar သတင်းစာတိုက်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်အားပေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ မြန်မာ့အလင်း သတင်းစာတိုက် ရှင်းလင်း ဆောင်၌ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ရန်ကုန်မြို့ရှိ မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများ ပုံနှိပ်ထုတ်ဝေဖြန့်ချိနေမှု၊ နေပြည်တော်နှင့် ကိုယ်ပွား သတင်းစာတိုက်များမှ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိနေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး မြန်မာ့အလင်းသတင်းစာတိုက်မှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ပုံနှိပ်စက်ခန်းနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် The Global New Light of Myanmar သတင်းစာတိုက်သို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက Joint Venture အဖြစ် ဆောင်ရွက်လျက်ရှိသည့် The Global New Light of Myanmar သတင်းစာ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိနေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့်သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာတိုက်တို့မှ တာဝန်ရှိသူများ၊ စာတည်းအဖွဲ့ဝင်များအား လိုအပ်သည်များ မှာကြားပြီး ပုံနှိပ်စက်ခန်းနှင့် စာတည်းဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြန်မာ့အလင်း သတင်းစာတိုက်နှင့် The Global New Light of Myanmar သတင်းစာတိုက်တို့သို့ ရောက်ရှိစဉ်အတွင်း ဝန်ထမ်းများ၊ စာတည်းအဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံ မှာကြားရာတွင် ပြန်ကြားရေး ဝန်ကြီးဌာနသည် နုပျိုသစ်လွင်သည့် တင်ဆက်မှုများကို အများပြည်သူ ဝန်ဆောင်မှု မီဒီယာပုံစံဖြင့် ပြည်သူ့အတွက် ဦးစားပေး ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပုံနှိပ်မီဒီယာ အပါအဝင် မီဒီယာ၏ အခန်းကဏ္ဍကို အထူးအလေးထားပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် မီဒီယာကဏ္ဍသည် အလွန်အရေးပါပြီး နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးအောင် တည်ဆောက်ရာတွင် အရေးကြီးပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို ခေတ်နှင့်လျော်ညီသော၊ နုပျိုသစ်လွင်သော စိတ်ဝင်စားဖွယ် အစီအစဉ်ကောင်းများ စီစဉ်ထုတ်လွှင့်နိုင်ရေး ပြောင်းလဲဆောင်ရွက်စေလျက်ရှိပါကြောင်း၊ အလားတူ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းက ထုတ်ဝေသည့် သတင်းစာများတွင်လည်း သတင်းမှန်များ အချိန်နှင့်တစ်ပြေးညီ ဖော်ပြခြင်း၊ ခေါင်းကြီးများ၊ ဆောင်းပါးများ ရေးသားခြင်းနှင့် လူငယ်များ စိတ်ဝင်စားသည့် နည်းပညာကဏ္ဍများ၊ အားကစားကဏ္ဍများ ယခုထက် ပိုမိုဖော်ပြခြင်းများဆောင်ရွက်သွားစေလိုပါကြောင်း။

**ယခုထက်ပိုမိုဖော်ပြ**

ဒီမိုကရေစီ စနစ်ကို တည်ဆောက်ရာတွင် ပြည်သူများ၏ အခန်းကဏ္ဍသည် လွန်စွာ အရေးကြီးသည့်အတွက် ပြည်သူများ အသိမှန်၊ အမြင်မှန်၊ အတွေးမှန်စေရန် မီဒီယာနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း၊ သို့မှသာ အနာဂတ် မျိုးဆက်သစ်များသည် မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိမည် ဖြစ်ပါကြောင်း၊ နိုင်ငံပိုင် မီဒီယာများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား အပြန်အလှန် ပေါင်းကူးဆက်သွယ်ခြင်းသာမက ပြည်ပနိုင်ငံများကပါ မိမိတို့၏ သတင်းမှန်၊ အခြေအနေမှန်များကို သိရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

The Global New Light of Myanmar သတင်းစာအနေဖြင့်လည်း မြန်မာ့ပုံရိပ်မှန်များကို ဘက်လိုက်မှုကင်းကင်းဖြင့် ကမ္ဘာသို့ တင်ပြပေးစေလိုပါကြောင်း၊ သတင်းတင်ဆက်မှု အရည်အသွေး ပိုမိုကောင်းမွန်စွာဖြင့် နိုင်ငံတကာနှင့် အများပြည်သူ ပိုမိုစိတ်ဝင်စားလာစေရန် ထင်သာမြင်သာရှိအောင် ကြိုးပမ်းလုပ်ဆောင် သွားကြစေလိုပါကြောင်း။

**ထိတွေ့ဆောင်ရွက်ရ**

မိမိတို့ဝန်ကြီးဌာနသည် အလွှာအသီးသီး၊ နယ်ပယ်အသီးသီးတွင် ထိတွေ့ ဆောင်ရွက်ရသည့်အတွက် အများပြည်သူတို့ စိတ်ကျေနပ်မှု ရစေမည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်နှင့် ပြည်သူလူထု၏ အသိအမှတ်ပြုမှု ပိုမိုရရှိစေရေးအတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ဂုဏ်သိက္ခာ မြင့်မားရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာနည်းလမ်းများဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်း ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း ပြောကြားသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံ သတင်းစာတို့ကိုလည်းကောင်း၊ ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့် Joint Venture အဖြစ် ပူးပေါင်း၍ The Global New Light of Myanmar သတင်းစာကိုလည်းကောင်း နေ့စဉ်ထုတ်ဝေလျက်ရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၆**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် ကလောမြို့ Hill Top Villa Hotel ၌ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိမ်းမောင်၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ကလောဇုန်) ဥက္ကဋ္ဌနှင့် ဟိုတယ်များမှ မန်နေဂျာများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့နိုင်ငံအချို့တွင် ကိုဗစ်-၁၉ ဗီဇမျိုးကွဲ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါ ဖြစ်ပွားနေသဖြင့် တစ်ဦးချင်း ကျန်းမာရေး အသိစိတ်ဓာတ်ဖြင့် ထိန်းသိမ်းလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံသည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပုံရိပ်ကို မြှင့်တင်ပေးနိုင်ရန် Health & Safety Protocol အစီအစဉ်အရ အမျိုးသားအဆင့် အသိအမှတ်ပြုလက်မှတ်များ လျှောက်ထားရယူနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပြီး ဝန်ကြီးဌာနမှ စီမံဆောင်ရွက်ထားသော Website တွင် အမြန်ဆုံး လျှောက်ထားရယူနိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း။



ကလောမြို့၏ မြေယာအခင်းအကျင်း၊ သဘာဝအလှအပ စိမ်းလန်းစိုပြည် သာယာလှပမှုများကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြစေလိုကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ညောင်ရွှေမြို့သို့ရောက်ရှိပြီး အင်းလေးကန်နှင့် ထိစပ်နေသော ဟိုတယ်များရှိ ဗေဒါနှင့် ဒိုက်များ ရှင်းလင်းဆောင်ရွက်ပြီးစီးမှုနှင့် ငါးဖယ်ချောင်းကျေးရွာရှိ ဗေဒါမြေဆွေးထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Aureum Palace Hotel ၌ Enchanting Myanmar Health and Safety Protocol (HSP) National Level အသိအမှတ်ပြုတံဆိပ်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။


အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အင်းလေးကန်အတွင်း ဗေဒါနှင့် ဒိုက်များ ကင်းရှင်းပြီး လည်ပတ်ချင်စရာကောင်းသော နေရာတစ်ခုအဖြစ် ရပ်တည်လာပြီဖြစ်ကြောင်း၊ ဟိုတယ်များအနေဖြင့် ဟိုတယ်မျက်နှာစာ အဝန်းအဝိုင်းအတွင်းနှင့် ရေလမ်းကြောင်းများတွင် ဗေဒါပင်များ ထပ်မံမပေါက်စေရေး မျက်ခြည်မပြတ် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ဗေဒါများကို စနစ်တကျစုစည်း၍ မြေဩဇာအဖြစ် ပြန်လည်အသုံးချကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးက Enchanting Myanmar Health and Safety Protocol (HSP) National Level အသိအမှတ်ပြုတံဆိပ် လျှောက်ထားနိုင်ရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ယင်းနောက် ပြည်ထောင်စုဝန်ကြီးက Aureum Palace Resort နှင့် Myanmar Treasure Resort များမှ တာဝန်ရှိသူများအား ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသည့် ဝန်ဆောင်မှုပေးနိုင်သော (HSP) National Level အဆင့်အသိအမှတ်ပြုတံဆိပ်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# အနာဂတ်မျိုးဆက်များအတွက် အဂတိလိုက်စားမှုများအား ဆန့်ကျင်တိုက်ဖျက်ကြပါစို့

မောင်မင်းဇံ




အဂတိလိုက်စားမှုသည် ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင် တွေ့ကြုံနေရသော ပြဿနာတစ်ရပ်ဖြစ်ပြီး ၎င်း၏ဆိုးကျိုးသက်ရောက်မှုသည် ကြီးမားကျယ်ပြန့်သောကြောင့် နိုင်ငံအစိုးရများက နည်းလမ်းပေါင်းစုံဖြင့် ကိုင်တွယ်ဖြေရှင်းနေကြရပါသည်။ မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့သော ၂၀၁၄ ခုနှစ်မှစ၍ အဂတိလိုက်စားမှုများကို ထိထိရောက်ရောက်စုံစမ်းစစ်ဆေးအရေးယူခြင်းများ ပြုလုပ်နိုင်ခဲ့ပြီး နိုင်ငံတကာ၏အသိအမှတ်ပြုမှုကို ရရှိခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်၏ငွေကြေးနှင့် ပိုင်ဆိုင်မှုများ ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုများအား ဖော်ထုတ်နိုင်ခဲ့ပြီး အဂတိလိုက်စားမှုကြောင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် ပေးသွင်းစေခြင်းနှင့် သိမ်းဆည်းခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း ကော်မရှင်က ထုတ်ပြန်သည့် နှစ်ပတ်လည်အစီရင်ခံစာများအရ သိရှိရပါသည်။ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို တဖြည်းဖြည်းတိုးမြှင့်လုပ်ဆောင်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ဖွဲ့စည်းခဲ့သော တတိယအကြိမ်ကော်မရှင်လက်ထက်၌ စုံစမ်းစစ်ဆေးအမှုဖွင့်အရေးယူမှုများကို အရှိန်အဟုန်ကောင်းကောင်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်းကို နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် ကော်မရှင်ကထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်များတွင် တွေ့ရှိရပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုဖြစ်ပေါ်လာစေရေးတွင် ရင်ဆိုင်ကြုံတွေ့နေရသော အဓိကအဟန့်အတားများအနက် တစ်ခုအပါအဝင်ဖြစ်သော အဂတိလိုက်စားမှုများကို အရှိန်အဟုန်ဖြင့် တွန်းလှန်တိုက်ဖျက်ခြင်းများဆောင်ရွက်လာသည်ကို ပြည်သူတစ်ယောက်အနေဖြင့် ကျေနပ်အားရမိပါသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ခဲ့မှုများ

မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်ဘေးဒဏ်ကြောင့် ပြည်သူလူထုများကို ထောက်ပံ့ရေးပစ္စည်းများဖြင့် ထောက်ပံ့ခဲ့ရာ ၎င်းပစ္စည်းများကို ခိုးယူခြင်းနှင့် အဂတိလိုက်စားမှုများကို တားဆီးကာကွယ်နိုင်ရန်အတွက် ပြည်သူ့ထောက်ပံ့ရေးပစ္စည်းများခိုးယူခြင်းမှ ကာကွယ်သည့် ကော်မတီကို ၂၃-၁၂-၁၉၄၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ဆက်လက်၍ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးကော်မတီနှင့် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးရဲအဖွဲ့တို့ကို ဖွဲ့စည်းပြီး ပြည်သူ့ဝန်ထမ်းများ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှု၊ တာဝန်ထမ်းဆောင်ရန် ပျက်ကွက်မှုများကို ၁၈၆၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ရာဇသတ်ကြီး (Penal Code) အခန်း(၉)၊ ပုဒ်မ ၁၆၁ မှ ၁၆၅ အထိ၌ ပါဝင်သည့် ပြဋ္ဌာန်းချက်များအရ အရေးယူဆောင်ရွက်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေကို သီးခြားပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အစိုးရအဆက်ဆက် ဆောင်ရွက်ခဲ့ကြပါသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ

နိုင်ငံတော်သမ္မတဦးသိန်းစိန်လက်ထက်တွင် လာဘ်ပေးလာဘ်ယူမှုများ လျော့နည်းပပျောက်စေရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ၈-၁-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉/၂၀၁၃ ဖြင့် "လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီ"ကို ဖွဲ့စည်းခဲ့ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၇-၈-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၂၃/၂၀၁၃ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်သည့် ၁၇-၉-၂၀၁၃ ရက်နေ့မှစ၍ အာဏာတည်ခဲ့ပါသည်။ ပြောင်းလဲလာသောခေတ်နှင့်အညီ ပုံစံအမျိုးမျိုးဖြင့်ပေါ်ပေါက်လာသည့် အဂတိလိုက်စားမှုများကို တားဆီးကာကွယ်အရေးယူဆောင်ရွက်နိုင်ရေးအတွက် ယင်းဥပဒေကို ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ရာ ပထမအကြိမ်ပြင်ဆင်ခြင်းအဖြစ် ၂၃-၇-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၂/၂၀၁၄ ဖြင့် ပုဒ်မလေးခုကိုလည်းကောင်း၊ ဒုတိယအကြိမ်ပြင်ဆင်ခြင်းအဖြစ် ၂၉-၇-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၃/၂၀၁၆ ဖြင့် ပုဒ်မသုံးခုကိုလည်းကောင်း၊ တတိယအကြိမ်ပြင်ဆင်ခြင်းအဖြစ် ၃၁-၇-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၈/၂၀၁၇ဖြင့် ပုဒ်မနှစ်ခုကိုလည်းကောင်း၊ စတုတ္ထအကြိမ် ပြင်ဆင်ခြင်းအဖြစ် ၂၁-၆-၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀/၂၀၁၈ ဖြင့် ပုဒ်မ ၂၄ ခုကိုလည်းကောင်း ပြင်ဆင်ခဲ့ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေအား ၁၀-၇-၂၀၁၅ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၅ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။

## ကော်မရှင်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၆/၂၀၁၄ ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (ယခင် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်) အား ၂၅-၂-၂၀၁၄ ရက်နေ့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၃ ဦး စုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသမိုင်းကြောင်းတွင် အရေးပါသည့် အပြောင်းအလဲတစ်ခုဖြစ်ပါသည်။ ကော်မရှင်ကို ကောင်းမွန်လေးနက်သော ရည်ရွယ်ချက်များဖြစ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်၊ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ အဂတိလိုက်စားမှုကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်နှင့် တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် စသည့် ရည်ရွယ်ချက်ခြောက်ရပ်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ဒုတိယအကြိမ်ကော်မရှင်ကို ၂၃-၁၁-၂၀၁၇ ရက်နေ့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၀ ဦး စုစုပေါင်း ၁၂ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ တတိယအကြိမ်ကော်မရှင်ကို ၂၀-၂-၂၀၂၁ နေ့ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၇၇/၂၀၂၁ နှင့် ၇၈/၂၀၂၁ ဖြင့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ကိုးဦး စုစုပေါင်း ၁၁ ဦး ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၆-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် ၁၁၀/၂၀၂၁ ဖြင့် ထပ်မံတာဝန်ပေး ခန့်အပ်ခဲ့သည့်အတွက် စုစုပေါင်း ၁၂ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

## ကော်မရှင်၏ ဆောင်ရွက်ချက်များ

ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဟူသော ကဏ္ဍသုံးရပ်ဖြင့် လုပ်ဆောင်လျက်ရှိပါသည်။ ကော်မရှင်အနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် နီးနီးကပ်ကပ်ပူးပေါင်းပြီး ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်ရုံးခွဲများကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့နှင့် မော်လမြိုင်မြို့တို့တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများအဖြစ် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံအဖြစ် ၂-၁၂-၂၀၀၅ ရက်နေ့တွင် ပါဝင်လက်မှတ်ရေးထိုးပြီး ၁၆၅ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုဝင်ရောက်ခြင်းကို ၂၀-၁၂-၂၀၁၂ ရက်နေ့တွင်လည်းကောင်း၊ အရှေ့တောင်အာရှအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၄-၁၁-၂၀၁၃ ရက်နေ့တွင် လည်းကောင်း၊ နိုင်ငံတကာအဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ အဖွဲ့ဝင်အဖြစ် ၃၀-၁၁-၂၀၁၉ ရက်နေ့တွင် ၇၉ နိုင်ငံမြောက် အဖွဲ့ဝင် အဖြစ်လည်းကောင်း သဘောတူလက်မှတ်ရေးထိုးဝင်ရောက်ခဲ့သည်။ **စာမျက်နှာ ၇ သို့** ❂

**အဂတိလိုက်စားမှုအညွှန်းကိန်းများကို ဖော်ပြရာတွင် ကမ္ဘာပေါ်ရှိနိုင်ငံများနှင့် အဖွဲ့အစည်းများက အသိအမှတ်ပြုရသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့၏ အဂတိလိုက်စားမှုအညွှန်းကိန်းဖော်ပြချက်၌ မြန်မာနိုင်ငံအတွက် အညွှန်းကိန်းမှာ ကော်မရှင်စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်တွင် နိုင်ငံပေါင်း ၁၇၅ နိုင်ငံ အနက် အဆင့် ၁၅၆ ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်က နိုင်ငံပေါင်း ၁၈၀ အနက် အဆင့် ၁၃၀ အထိရောက်ရှိလာအောင် ကော်မရှင်က စွမ်းဆောင်နိုင်ခဲ့ပါသည်။ သို့သော်လည်း ၂၀၂၀ ပြည့်နှစ်အညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၀ အနက် အဆင့် ၁၃၇ သို့ရောက်ရှိသွားခဲ့**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**

**“အဂတိပယ်ရှားပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

❂ **စာမျက်နှာ ၆ မှ**

ၾင်းအပြင် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် ဗီယက်နမ်နိုင်ငံ Government Inspectorate of Vietnam နှင့် ၁၅-၁၀-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံ National Anti–Corruption Commission နှင့် ၁-၂-၂၀၁၇ ရက်နေ့တွင်လည်းကောင်း၊ လာအိုနိုင်ငံ State Inspection and Anti–Corruption Authority နှင့် ၁၅-၁-၂၀၁၈ ရက်နေ့တွင်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ Anti–Corruption and Civil Rights Commission နှင့် ၃၀-၅-၂၀၁၈ ရက်နေ့တွင်လည်းကောင်း နားလည်မှုစာချွန်လွှာများရေးထိုး၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် နှစ်စဉ်ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများကိုလည်း သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ၂၀၁၇ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

### ပြည်သူလူထု၏ သဘောထား

ပထမအကြိမ်ကော်မရှင်နှင့် ဒုတိယအကြိမ်ကော်မရှင်လက်ထက်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ဥပဒေနှင့်အညီ အဂတိလိုက်စားမှုကျူးလွန်သောသူများအား စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ခဲ့သော်လည်း အရေးယူဆောင်ရွက်မှုများတွင် အဆင့်မြင့်အရာရှိများနှင့် နိုင်ငံရေးရာထူးရှိသူများအပေါ် အရေးယူဆောင်ရွက်မှုနှင့်ပတ်သက်၍ ပိုမိုပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ကြောင်း ပြည်သူလူထုက မှတ်ချက်ပြုခဲ့ပါသည်။ အဂတိလိုက်စားမှုအညွှန်းကိန်းများကို ဖော်ပြရာတွင် ကမ္ဘာပေါ်ရှိနိုင်ငံများနှင့် အဖွဲ့အစည်းများက အသိအမှတ်ပြုရသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာပွင့်လင်းမြင်သာမှုအဖွဲ့၏ အဂတိလိုက်စားမှုအညွှန်းကိန်းဖော်ပြချက်၌ မြန်မာနိုင်ငံအတွက် အညွှန်းကိန်းမှာ ကော်မရှင်စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်တွင် နိုင်ငံပေါင်း ၁၇၅ နိုင်ငံအနက် အဆင့် ၁၅၆ ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်က နိုင်ငံပေါင်း ၁၈၀ အနက် အဆင့် ၁၃၀ အထိ ရောက်ရှိလာအောင် ကော်မရှင်က စွမ်းဆောင်နိုင်ခဲ့ပါသည်။ သို့သော်လည်း ၂၀၂၀ ပြည့်နှစ်အညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၀ အနက် အဆင့် ၁၃၇ သို့ ရောက်ရှိသွားခဲ့ပါသည်။ ထိုကဲ့သို့ အဆင့်ကျဆင်းသွားရခြင်းမှာ နိုင်ငံရေးရာထူးရှိသူများအပေါ် အဂတိလိုက်စားမှုများအား အရေးယူဆောင်ရွက်ရာတွင် ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့်ဟု မိမိ ထင်မြင်ယူဆမိပါသည်။ ပြည်သူလူထုမှလည်း အဂတိလိုက်စားမှုများကို ပြတ်ပြတ်သားသား ကိုင်တွယ်အရေးယူရန် လိုလားခဲ့ကြသည်။

### တတိယအကြိမ်ကော်မရှင်၏ ဆောင်ရွက်ချက်

သက်တမ်းအားဖြင့် ကိုးလခန့်သာရှိသေးသည့် တတိယအကြိမ်ကော်မရှင်တွင် ယခုအခါ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်စုစုပေါင်း ၁၂ဦးဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်အဖွဲ့တွင် အတွေ့အကြုံရှိသည့် အသိပညာရှင်များနှင့် အတတ်ပညာရှင်များပါဝင်သည်ကို တွေ့ရှိရပါသည်။ တတိယအကြိမ်ကော်မရှင်အဖွဲ့တာဝန်ယူပြီးနောက် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်သူများကို စစ်ဆေးအရေးယူနေကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းစာရှင်းလင်းပွဲများတွင် ထုတ်ပြန်ပြောဆိုလာခဲ့၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ဆောင်ချက်များအပေါ် ပြည်သူလူထု၏စိတ်ဝင်စားမှု မြင့်တက်လာခဲ့ပါသည်။ ဆက်တိုက်ဆိုသလိုပင် အဂတိလိုက်စားမှုဖြင့် စုံစမ်းစစ်ဆေးတိုင်ချက်ဖွင့် အရေးယူမှုသတင်းများကို သတင်းစာများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ထုတ်ပြန်သည်ကို တွေ့ရှိရပါသည်။

တတိယအကြိမ် ကော်မရှင်စတင်ဖွဲ့စည်းသည့် ၂၀-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ ကော်မရှင်က အမှုဖွင့်တရားစွဲဆိုအရေးယူထားသည့်အမှုများအရ ရာထူးတာဝန်ကို အလွဲသုံးစားလုပ်ခြင်းနှင့် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ခြင်းကြောင့် နိုင်ငံတော်အတွက် ငွေကြေးနှင့် ပစ္စည်းများစွာ ဆုံးရှုံးနစ်နာခဲ့ရသည်ကို တွေ့ရှိရပါသည်။ ရာထူးတာဝန်ကို အလွဲသုံးစားလုပ်သည့် လုပ်ပိုင်ခွင့်အာဏာရှိသူများအပေါ် အဂတိလိုက်စားမှုဖြင့် စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ခြင်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အာဏာအလွဲသုံးစားပြုကျင့်ခဲ့သည်များနှင့်ပတ်သက်၍ နောင်လာမည့်အစိုးရအဆက်ဆက်တွင် နိုင်ငံ့တာဝန် ထမ်းဆောင်ကြမည့် လုပ်ပိုင်ခွင့်အာဏာရှိသူများအနေဖြင့် သတိပြုဆင်ခြင်နိုင်ကြမည်ဖြစ်ပြီး ဖြောင့်မတ်တည်ကြည်မှုရှိစွာ နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ကြမည်ဖြစ်ပါသည်။ စီရင်ထုံး၊ သမိုင်းမှတ်တမ်းများ၊ သင်ခန်းစာယူဖွယ်ရာမှတ်တိုင်များအဖြစ် စိုက်ထူနိုင်ခဲ့မည်ဖြစ်ပါသည်။

### အဂတိပယ်ရှား ပြည်သာယာရေး

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးသည် လွန်စွာအရေးပါပါသည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေကြသော ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံကြီးများတွင် အဂတိလိုက်စားမှုအရှုပ်တော်ပုံများ ရှိနေကြသည်ကို သတိပြုရမည်ဖြစ်သည်။ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာစေရေးတွင် အဓိကအဟန့်အတားတစ်ခုဖြစ်သည့် အဂတိလိုက်စားမှုကို လျော့နည်းပပျောက်သွားအောင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် လုပ်ဆောင်လျက်ရှိသည်ကို တွေ့မြင်နေရပါသည်။ ဝေဖန်မှုများစွာရှိနေသည့်ကြားမှပင် ကော်မရှင်သည် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဖြောင့်မတ်တည်ကြည်မှုရှိစွာ၊ ချစ်ခြင်း၊ မုန်းခြင်းကင်းစွာနှင့် ဘက်လိုက်ခြင်းကင်းစွာဖြင့် လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ နောင်လာမည့် အနာဂတ်မျိုးဆက်သစ်များအတွက် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို လက်ဆင့်ကမ်းအမွေပေးနိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့်အတူ ပြည်သူတစ်ရပ်လုံးကလည်း အဂတိလိုက်စားမှုများကို ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ဖျက်သွားကြပါရန် ဆန္ဒပြုတိုက်တွန်း၍ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အား ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ ။

**(နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာများ၊ ကြေးမုံသတင်းစာများနှင့် www.accm.gov.mm ကို ကိုးကားပါသည်။)**

■

## ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီနှင့် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီနှင့် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များက ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကြောင်း သိရသည်။ **သတင်းစဉ်**



# အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းများဖြစ်ရန်နှင့် ဝန်ကြီးဌာန၏ ဂုဏ်သိက္ခာ၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်သော ဝန်ထမ်းကောင်းများဖြစ်ရန် ကြိုးပမ်းအားထုတ်သွားကြရန်လို

**နေပြည်တော် ဒီဇင်ဘာ ၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်မည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)တို့မှ ကျောင်းဆင်းဝန်ထမ်းများအတွက် ဖွင့်လှစ်သည့် ရက်တိုလုပ်ငန်းခွင်သင်တန်းအမှတ်စဉ် (၁/၂၀၂၁)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။



**ကြိုးပမ်းအားထုတ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက နိုင်ငံ့တာဝန်များကိုတာဝန်ထမ်းဆောင်ရာတွင် ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ရုံးလုပ်ငန်းလက်စွဲတို့အပြင် ဒေသန္တရစည်းမျဉ်း၊ စည်းကမ်းများကို သိရှိထားရန်လိုအပ်ကြောင်း၊ ကျောင်းဆင်း ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဌာနများ၌တာဝန်ထမ်းဆောင်သည့်အခါ အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းများဖြစ်ရန်နှင့် ဝန်ကြီးဌာန၏ ဂုဏ်သိက္ခာ၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်သော ဝန်ထမ်းကောင်းများဖြစ်ရန် ကြိုးပမ်းအားထုတ်သွားကြရန်လိုကြောင်း။

ကျောင်းဆင်းဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဌာနများ၌ တာဝန်ထမ်းဆောင်သည့်အခါ မည်သည့်ကိစ္စရပ်များကိုမဆို စေတနာထား၍ လုပ်ကိုင်ဆောင်ရွက်ပြီး အခြေခံကျသည့် လိုက်နာဆောင်ရွက်ရမည့် အချက် ၁၂ ချက်ကို မှာကြားလိုကြောင်း၊ ၎င်းတို့မှာ မိသားစုစိတ်ဓာတ်မွေးရန်၊ အထက်အောက်ဆက်ဆံရေးမှန်ကန်ရန်၊ ရောက်သည့်နေရာ ကျရာတာဝန်ကို အကောင်းဆုံးကြိုးစားလုပ်ဆောင်ရန်၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ လုပ်ဆောင်ခြင်းဖြင့် ဥပဒေကိုလေးစားလိုက်နာရန်၊ ကိုယ့်အလုပ်ကိုယ်လေးစားဂုဏ်ယူရန်၊ စာများများဖတ်ရန်၊ ကိုယ့်နိုင်ငံသမိုင်းကိုသိရန်၊ ဘာသာသာသနာကို ရိုသေလေးစားရန်၊ ကျန်းမာရေးဂရုစိုက်ရန်၊ ပါတီနိုင်ငံရေးကင်းရှင်းရန်၊ တိုင်းရင်းသားချစ်စိတ်မှသည် အမျိုးသားချစ်စိတ် (မျိုးချစ်စိတ်) ထိုမှတစ်ဆင့် ပြည်ထောင်စုစိတ်ဓာတ်ရှိအောင် ကြိုးစားရန်၊ တိုင်းရင်းသားအားလုံး ချစ်ကြည်စည်းလုံးစွာ နေထိုင်ကြရန်လိုအပ်ပြီး တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိသည်ဟု ယုံကြည်ရန်တို့ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသား သင်တန်းသူများကို နှုတ်ဆက်အားပေးစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သင်ကြားပို့ချသွားမည်**

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဦးထွန်းအုံ၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဒီဇင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း (၄၁) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာဘုတ်အဖွဲ့ အစည်းအဝေးနှင့် (၅၇) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများညီလာခံသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၆**

အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ (SEACEN Centre)နှင့် ဗီယက်နမ်ဗဟိုဘဏ်တို့ ပူးပေါင်းကျင်းပသည့် (၄၁) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာဘုတ်အဖွဲ့(41st SEACEN Board of Governors–BOG) အစည်းအဝေးကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ (၅၇) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများညီလာခံ (57th SEACEN Governors' Conference/ High Level Seminar) ကို ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးနှင့်ညီလာခံသို့ SEACEN အဖွဲ့ဝင် ဗဟိုဘဏ် ၁၉ ဘဏ်တို့မှ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းသော်၊ ဒေါ်သန်းသန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အဆင့်မြင့်အရာထမ်းများ တက်ရောက်ကြသည်။

(၄၁) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာဘုတ်အဖွဲ့ (41st SEACEN Board of Governors–BOG) အစည်းအဝေးတွင် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ ဗီယက်နမ်နိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ Madam Nguyen Thi Hong၊ ယခင်နှစ်မှ အလှည့်ကျဥက္ကဋ္ဌဟောင်းဖြစ်သူ ဘရူနိုင်းဗဟိုဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး Ms. YM Dayang Hajah Rokiah binti Haji Badar နှင့် SEACEN အမှုဆောင်ဒါရိုက်တာ Dr. Mangal Goswami တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

**တင်ပြ**

ဆက်လက်၍ SEACEN စင်တာ၏ ၂၀၂၀-၂၀၂၂ ခုနှစ်အတွက် နည်းဗျူဟာအစီအစဉ် အကောင်အထည်ဖော်မှုဆိုင်ရာ Update အခြေအနေများကို SEACEN အမှုဆောင်ဒါရိုက်တာ Dr. Mangal Goswami က ကိုဗစ်-၁၉ ကာလအတွင်း SEACEN မှ ဆောင်ရွက်ခဲ့သော Online Learning Course များ / Research Progress များကို တင်ပြသည်။

ထို့နောက် ၂၀၂၁ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများကို Online အသုံးပြု၍ ကျင်းပပြီးစီးမှုအခြေအနေ၊ သင်တန်းသား တက်ရောက်မှုအခြေအနေ၊ ကဏ္ဍအလိုက် ဘဏ္ဍာငွေသုံးစွဲမှုအခြေအနေ၊ SEACEN ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ Update အခြေအနေများ၊ ၂၀၂၁ ခုနှစ်အတွင်း SEACEN Additional Scholarships (SAS) အသုံးပြုမှုအခြေအနေတို့ကို ဗဟိုဘဏ်ဥက္ကဋ္ဌများထံ SEACEN အမှုဆောင်ဒါရိုက်တာ Dr.Mangal Goswami က တင်ပြသည်။

**လမ်းညွှန်မှာကြား**

ယင်းနောက် SEACEN Centre ၏ ၂၀၂၀-၂၀၂၂ ဘဏ္ဍာနှစ်အတွက် SEACEN စင်တာမှ ကြီးမှူးဆောင်ရွက်လျက်ရှိသည့် ICT မဟာဗျူဟာမြောက် စီမံကိန်းများ ဆောင်ရွက်မှုအခြေအနေ၊ လာမည့် ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများ၊ ၂၀၂၂ ခုနှစ်အတွက် ဘတ်ဂျက်လျာထားမှုအခြေအနေ၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် SEACEN စင်တာမှ ICT Strategic Plan နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ၊ ၂၀၂၁ ခုနှစ် SEACEN စင်တာ၏ Organization Scorecard နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊ SEACEN စင်တာ၏ Senior Advisor ခန့်အပ်ခြင်းနှင့် ခေါင်းဆောင်မှုနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဗဟိုဘဏ်ဥက္ကဋ္ဌများထံ လမ်းညွှန်မှုခံယူရာ SEACEN အဖွဲ့ဝင်ဗဟိုဘဏ် ၁၉ ဘဏ်တို့မှ တက်ရောက်လာကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများက ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များကို လမ်းညွှန်မှာကြားကြသည်။

ထို့နောက် (၅၇) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများ ညီလာခံ (57th SEACEN Governors' Conference/ High Level Seminar) တွင် “Digitalization of the Financial System – Implications for Central Banks” နှင့်စပ်လျဉ်း၍ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ ဗီယက်နမ်ဗဟိုဘဏ်ဥက္ကဋ္ဌ Madam Nguyen Thi Hong က ဆွေးနွေးပြောကြားခဲ့ပြီး SEACEN အဖွဲ့ဝင်ဗဟိုဘဏ်အသီးသီးမှ ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဆက်လက်၍ “Blockchain Technology Redefining Banking and Digitalization of Money and Payments”နှင့်စပ်လျဉ်း၍ J.P.Morgan မှ Global Head of Coin Systems ဖြစ်သူ Mr. Naveen Mellela၊ Mr. Jason Ekberg နှင့် Mr. Oliver Wyman တို့ကလည်းကောင်း၊ “The Future of Money: How the Digital Revolution is Transforming Currencies and Finance” နှင့်စပ်လျဉ်း၍ Cornell University မှ Tolani Senior Professor နှင့် Brookings Institution မှ senior fellow ဖြစ်သူ Professor Eswar Prasad ကလည်းကောင်း ဆွေးနွေးကြရာ Financial Times, Chair Editorial Board ဖြစ်သူ Ms. Gillian Tett က Moderator အဖြစ် ဆောင်ရွက်သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ် BIS ၏ General Manager ဖြစ်သူ Mr. Agustin Carstens၊ ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့၏ Chief Executive Mr. Eddie Yue၊ ဖိလစ်ပိုင်ဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Benjamin Diokno၊ နယူးဇီလန်ဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Adrian Orr နှင့် အင်ဒိုနီးရှားဗဟိုဘဏ်ဥက္ကဋ္ဌ Dr. Perry Warjiyo တို့က အသီးသီးဆွေးနွေးကြရာ ဟောင်ကောင်တက္ကသိုလ်မှ Professor ဖြစ်သူ Mr. Doug Arner က Moderator အဖြစ်ဆောင်ရွက်သည်။ ထို့နောက် SEACEN အဖွဲ့ဝင်ဗဟိုဘဏ် ၁၉ ဘဏ်တို့မှ တက်ရောက်လာကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

၂၀၂၂ ခုနှစ်တွင် (၄၂) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ဥက္ကဋ္ဌများ အစည်းအဝေးနှင့် (၅၈) ကြိမ်မြောက် SEACEN ဗဟိုဘဏ်ဥက္ကဋ္ဌများညီလာခံကို ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

**သတင်းစဉ်**

# မြစ်ကြီးနား၊ ပူတာအိုမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အိမ်တွင်းမှုကျောင်းများစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးသည် ကချင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်း၊ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၃ ရက်က ပူတာအိုမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီး သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ဝန်ထမ်းများ၊ အိမ်တွင်းမှုသင်တန်းသူများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး ဝန်ထမ်းများနှင့် သင်တန်းသူများ၊ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်း ကွန်ကရစ်ရေမြောင်းဆောင်ရွက်မှုနှင့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များကို လှည့်လှည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဒီဇင်ဘာ ၄ ရက်တွင် ဒုတိယဝန်ကြီးသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဟိုပင်) သို့ ရောက်ရှိကာ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ကာကျောင်းဝင်းအတွင်း ကွန်ကရစ်ရေမြောင်း၊ ခြံစည်းရိုးကာရံ ဆောင်ရွက်နေမှုနှင့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဒီဇင်ဘာ ၅ ရက်တွင် အမှတ်(၁)၊ အမှတ်(၂) နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(မြစ်ကြီးနား) သို့ ရောက်ရှိကာ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်း သန့်ရှင်းရေး၊ ထမင်းချက်ဆောင်၊ စိုက်ပျိုးရေး ဆောင်ရွက်ထားမှုနှင့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များအား လှည့်လှည် ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများနှင့် အတူ နေ့လယ်စာ စားသုံးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**











# အင်းဝခေတ် အမျိုးသား / အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပုံများဖြင့် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၂၀၀ ကျပ်တန်) ရောင်းချပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၆**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ဖော်ထုတ်သည့်အနေဖြင့် ခေတ်အဆက်ဆက် မြန်မာအမျိုးသားများနှင့် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများကို အများပြည်သူများနှင့် မျိုးဆက်သစ်လူငယ်များ ပိုမိုအလေးထားလေ့လာမှတ်သားနိုင်စေရန်ရည်ရွယ်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ အင်းဝခေတ် အမျိုးသား/အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပုံများဖြင့် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၂၀၀ ကျပ်တန်) နှစ်မျိုးအား ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၈ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် နတ်တော်လဆန်း ၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဒီဇင်ဘာ ၈ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်သည်။

ဆက်လက်၍လည်း ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်နှင့် အမရပူရခေတ် မြန်မာအမျိုးသားများနှင့် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများကို ထုတ်ဝေရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အာဆီယံ-ရုရှား ရေတပ်ဆိုင်ရာလေ့ကျင့်ခန်း ASEAN–RUSSIA Naval Exercise (ARNEX–2021) သို့ တက်ရောက်ခဲ့သော တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား) ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကမ်းလွန်ပင်လယ်ပြင်တွင် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံ-ရုရှား ရေတပ်ဆိုင်ရာ လေ့ကျင့်ခန်း ASEAN–RUSSIA Naval Exercise(ARNEX–2021) သို့ တက်ရောက်ခဲ့သော တပ်မတော်(ရေ)မှ ဗိုလ်မှူးချုပ်ဇော်ဇော်လတ်ဦးဆောင်သည့် စစ်ရေယာဉ်(ကျန်စစ်သား)သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ အလယ်ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ်၊ ဌာနချုပ်မှူး ဦးဆောင်၍ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များက ကြိုဆိုနှုတ်ဆက်ကြသည်။



**ရန်ကုန်မြို့မှ စတင်ထွက်ခွာ**

အဆိုပါ အာဆီယံ-ရုရှားရေတပ်ဆိုင်ရာ လေ့ကျင့်ခန်းသို့ တက်ရောက်ရန်အတွက် စစ်ရေယာဉ်(ကျန်စစ်သား)သည် နိုဝင်ဘာ ၂၆ ရက်တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ BELAWAN ဆိပ်ကမ်းအနီးသို့ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့သည်။ ASEAN–RUSSIA Naval Exercise (ARNEX–2021) ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပခဲ့ရာ အခမ်းအနားသို့ အာဆီယံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Alexander Ivanov ၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Lyudmila Vorobyeva ၊ အင်ဒိုနီးရှားရေတပ်မှ အမှတ်(၁)စစ်ရေယာဉ်စုမှူး ဗိုလ်ချုပ် Arsyad Abdullah နှင့် အာဆီယံနိုင်ငံများမှ တာဝန်ရှိသူများ၊ စစ်သံမှူးများ တက်ရောက်ကြပြီး လေ့ကျင့်ခန်းတွင် ပါဝင်သည့်စစ်ရေယာဉ်များမှ Virtual Conferencing ဖြင့် တက်ရောက်ခဲ့ကြသည်။

စစ်ရေယာဉ်(ကျန်စစ်သား)သည် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ အာဆီယံနှင့် ရုရှားရေတပ်တို့မှ စစ်ရေယာဉ်များ၊ လေယာဉ်/ရဟတ်ယာဉ်များနှင့် အတူ ဆူမားတြားကမ်းလွန်ပင်လယ်ပြင်တွင် ရေယာဉ်များ ပုံပြမောင်းနှင်ခြင်း၊ သံသယဖြစ်ဖွယ်ရေယာဉ်များအား ရှာဖွေထောက်လှမ်းခြင်းနှင့် ရေယာဉ်ပေါ်သို့ တက်ရောက်ရှာဖွေစီးနင်းခြင်း၊ အချက်ပြဆက်သွယ်ခြင်း၊ ကာကင်းထုတ်ချီတက်ခြင်း၊ ပျက်စီးထိန်းဆောင်ရွက်မှု၊ စစ်နည်းဗျူဟာဆိုင်ရာသင်ခန်းစာများ အပြန်အလှန်မေးမြန်းခြင်း၊ ပင်လယ်ပြင်ထောက်ပံ့ဖြည့်တင်းရေးဆောင်ရွက်ခြင်း၊ ရေယာဉ်များပေါ်သို့ ရဟတ်ယာဉ်ဆင်းသက်ခြင်း၊ ညအချိန်ရေယာဉ်အုပ်လိုက် ချီတက်ခုတ်မောင်းခြင်း၊ ရှာဖွေကယ်ဆယ်ရေး စသည့်လေ့ကျင့်ခန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် လေ့ကျင့်ခန်းပြီးဆုံး၍ ပိတ်ပွဲအခမ်းအနားကို ပင်လယ်ပြင်တွင်ဆောင်ရွက်ခဲ့ပြီး စစ်ရေယာဉ်များ အချင်းချင်း အပြန်အလှန်နှုတ်ဆက်ကြသည်။

**ပထမဦးဆုံးသော ရေတပ်လေ့ကျင့်ခန်း**

အာဆီယံ-ရုရှား ရေတပ်ဆိုင်ရာလေ့ကျင့်ခန်း ASEAN–RUSSIA Naval Exercise (ARNEX– 2021) တွင် မြန်မာနိုင်ငံမှ စစ်ရေယာဉ်(ကျန်စစ်သား)၊ ရုရှားနိုင်ငံမှ ဖျက်သင်္ဘော Admiral Panteleyev တို့ အပါအဝင် အင်ဒိုနီးရှား၊ မလေးရှား၊ ဘရူနိုင်း၊ စင်ကာပူ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ စစ်ရေယာဉ် ရှစ်စင်း၊ ရဟတ်ယာဉ် သုံးစင်းနှင့် ပင်လယ်ရေကြောင်းကင်းထောက်လေယာဉ် တစ်စင်းတို့ ပါဝင်ခဲ့ကြပြီး လာအို၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ လေ့လာသူကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ယခုလေ့ကျင့်ခန်းသည် ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား နှစ်ပေါင်း ၃၀ ကြာ ဆက်ဆံရေးခိုင်မြဲသည့် အထိမ်းအမှတ်အဖြစ် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် အချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ရရှိရန် လေ့ကျင့်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ရုရှားနိုင်ငံနှင့် မဟာဗျူဟာမြောက် အာဆီယံမိတ်ဖက်နိုင်ငံများအကြား သမိုင်းစာမျက်နှာသစ်တစ်ခု ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အာဆီယံ-ရုရှားရေတပ်များ ပူးတွဲလေ့ကျင့်သည့် ပထမဦးဆုံးသော ရေတပ်လေ့ကျင့်ခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**ရေမိုင် ၃၀၀၀ ခန့်ကို ခရီးနှင်ခဲ့**

တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား) သည် ယခုခရီးစဉ်တစ်လျှောက် စုစုပေါင်းရေမိုင် ၃၀၀၀ ခန့်ကို ခရီးနှင်ခဲ့ပြီး ပင်လယ်ရေကြောင်းဆိုင်ရာ လုံခြုံရေးအတွက် ဦးတည်ဆောင်ရွက်သည့် အာဆီယံ-ရုရှားရေတပ်ဆိုင်ရာ လေ့ကျင့်ခန်းတွင် အောင်မြင်စွာ ပူးပေါင်းလေ့ကျင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့

လင်းအရဏ်ဦး (ပဲခူး)

**မြန်မာလူမျိုးတို့သည် ဘာသာတရား၏ အဆုံးအမအရ “ဟီရိဩတ္တပ္ပ” ဟူသော အရှက်၊ အကြောက်ဆိုသည့် လောကပါလတရားနှစ်ပါးကို လက်ကိုင်ထားသော ယဉ်ကျေးသိမ်မွေ့သည့်လူမျိုးဖြစ်ပါသည်။ မြတ်ဗုဒ္ဓ၏အဆုံးအမဖြစ်သော “ဗြဟ္မဝိဟာရတရားလေးပါး” ကို လက်ကိုင်ထားကြသူများဖြစ်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားကို လက်ကိုင်ထား၍ သည်းခံခွင့်လွှတ်မှုများဖြင့် အကောင်းဘက်သို့သာ ဦးတည်လျက်ရှိသောကြောင့် အကြမ်းဖက်မှုမှာ မြန်မာ့ဓလေ့တစ်ရပ် မဟုတ်ပါ**

လူသည် တစ်ဦးတစ်ယောက်တည်း နေထိုင်၍မရဘဲ ပတ်ဝန်းကျင်နှင့် ဆက်ဆံနေထိုင်ရပါသည်။ ပတ်ဝန်းကျင်ဟုဆိုရာ၌ အနီးစပ်ဆုံးမိသားစုမှ အစပြု၍ ဆွေမျိုးသားချင်း၊ မိတ်ဆွေသင်္ဂဟအပေါင်းအသင်း၊ အိမ်နီးချင်း၊ ရပ်ကွက်၊ မြို့/ရွာအလိုက်၊ ထိုမှတစ်ဆင့် တိုင်းနိုင်ငံများနှင့် ကမ္ဘာကြီးတစ်ခုအသွင် “ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ” သဖွယ်ဖြစ်တည်လာရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် ရေမြေသဘာဝ၊ ရာသီဥတု၊ အသားအရောင်၊ အစားအသောက်၊ နေထိုင်မှုစနစ်၊ ဝတ်စားဆင်ယင်မှု၊ ကိုးကွယ်ရာဘာသာနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ တစ်နိုင်ငံနှင့်တစ်နိုင်ငံမတူညီ၊ ကွဲပြားကြသည်။ ထိုသို့ မတူညီကြသော်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်သွယ်ဆက်ဆံမှုပြုရသည်။ သက်ဆိုင်ရာနိုင်ငံ၏ ယဉ်ကျေးမှုအစဉ်အလာ၊ ဓလေ့ထုံးတမ်းများကို လေးစားကြရသည်။ အစဉ်အလာအားဖြင့်လည်းကောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအရလည်းကောင်း မတူညီမှုများကို ဘေးဖယ်၍ ဆက်ဆံမှုပြုနေကြသော်လည်း တူညီသည့်အချက်တစ်ချက်ကို အံ့ဩဖွယ်ကောင်းလောက်အောင် တွေ့ရှိရသည်။ ယင်းမှာ ယောကျ်ား၊ မိန်းမ ခွဲခြားဆက်ဆံခြင်း၊ အမျိုးသမီးများ၏အခွင့်အရေးကို ပြည့်ပြည့်ဝဝမပေးဘဲ နှိမ့်ချခြင်း၊ အထူးသဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းတို့ပင်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### ဘီစီ ၆ ရာစုခန့်က စာလိပ်တစ်ခု

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုသည်မှာ လူ့အခွင့်အရေးကို အရက်စက်ဆုံး၊ အကြီးမားဆုံးချိုးဖောက်ခြင်း ပြယုဂ်တစ်ခုဖြစ်ပါသည်။ ထိုအခြေအနေသည် ခွဲခြားဆက်ဆံခြင်း၊ လူ့အခွင့်အရေးကို လျစ်လျူရှုခြင်းတို့ထက် ပိုမိုပြင်းထန်သော နှိပ်စက်ခြင်းတစ်မျိုးလည်းဖြစ်သည်။ ထို့ကြောင့် သမိုင်းနှင့်ယှဉ်သော လူ့အခွင့်အရေးနောက်ခံကို သိရှိကြရေး အထူးပင်လိုအပ်လှပါသည်။ အစောဆုံး လူ့အခွင့်အရေးဟုဆိုနိုင်သော အယူအဆများပါဝင်သည့် အထောက်အထားမှာ မက်ဆိုပိုတေးမီးယားလွင်ပြင် ဘေဘီလုံမြို့ပျက်၌ တူးဖော်တွေ့ရှိရသော ဘီစီ ၆ ရာစုခန့်က စာလိပ်တစ်ခုပင်ဖြစ်သည်။ စာလိပ်တွင် ကျွန်စနစ်ဖျက်သိမ်းခြင်း၊ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ အနည်းဆုံးလစာနှင့် ခိုလှုံခွင့်တို့ကို ဖော်ပြထားသည်။ ထိုနောက်ပိုင်းတွင် ရှေးဟောင်းဂရိအတွေးအခေါ် အယူအဆပေါ်လာသည်။ ဆက်လက်၍ သဘာဝအခွင့်အရေးအတွေးအခေါ်သည် ၁၄ရာစုတွင် ပေါ်ပေါက်ခဲ့သည်။ ယင်းနောက်တွင် လူသား၏သဘာဝအခွင့်အရေးများနှင့် ဥပဒေအရအခွင့်အရေးများဆိုသည့် အတွေးအခေါ်များ ထွန်းကားလာခဲ့ပါသည်။

သဘာဝအခွင့်အရေးဆိုသည်မှာ မည်သည့်ဥပဒေ၊ အုပ်ချုပ်မှုပုံစံကမှ ခွင့်ပြုပေးစရာမလိုသည့် မွေးရာပါလူသားဖြစ်တည်ကတည်းက ရရှိသောအခွင့်အရေးဖြစ်ပြီး ဥပဒေပါအခွင့်အရေးမှာမူ အုပ်ချုပ်သူအစိုးရ၊ မင်းတို့က ပြဋ္ဌာန်းခွင့်ပြုပေးထားသည့်အခွင့်အရေးများဖြစ်သည်။ အဆိုပါအခွင့်အရေးနှစ်ရပ်လုံး အမျိုးသမီးများရရှိခံစားရမှသာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်မည်ဖြစ်သည်။ ယနေ့ခေတ်လူ့အခွင့်အရေးဆိုသည့် သဘာဝဥပဒေသည် ၁၆ ရာစုက ပေါ်ထွန်းလာခဲ့သော သဘာဝဥပဒေအယူအဆမှ သက်ဆင်းလာခြင်းဖြစ်ပါသည်။ ၁၆၈၉ ခုနှစ် ဗြိတိန်နိုင်ငံတွင် ရေးဆွဲခဲ့သော လူ့အခွင့်အရေး ပဋိညာဉ်စာချုပ်နှင့် ၁၇၇၆ခုနှစ် အမေရိကန်လွတ်လပ်ရေးကြေညာစာတမ်းတို့တွင် လူသားတို့ ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် ပျော်ရွှင်စွာနေထိုင်ပိုင်ခွင့်တို့ပါရှိခဲ့ပြီး ၁၈၃၃ ခုနှစ် ကျွန်ပြုမှုတိုက်ဖျက်ရေးဥပဒေအရ ကမ္ဘာပေါ်တွင် ကျွန်စနစ်ပပျောက်ရန် နိုင်ငံတကာစာချုပ်ချုပ်ဆိုနိုင်ခဲ့ပါသည်။

### စစ်ပြေငြိမ်းရေးဗာဆိုင်းစာချုပ်

ပထမကမ္ဘာစစ်၊ စစ်ပြေငြိမ်းရေးဗာဆိုင်းစာချုပ် ချုပ်ဆိုအပြီး နိုင်ငံပေါင်းချုပ်အသင်းကြီးကို ၁၉၁၉ ခုနှစ်တွင် ထူထောင်လိုက်သည်။ အသင်းကြီးသည် ရည်ရွယ်ချက်များကို ထိရောက်စွာမဖြည့်ဆည်းနိုင်သဖြင့် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားရပြန်ပါသည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂကို ဖွဲ့စည်းပြီး ကုလသမဂ္ဂပဋိညာဉ်ကို ရေးသား၍ အဖွဲ့ဝင်နိုင်ငံများက အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြပါသည်။ ပဋိညာဉ်၏ရည်ရွယ်ချက်များတွင် ကျား၊ မ တန်းတူအခွင့်အရေးများရရှိစေရန်၊ လူသား၏ဂုဏ်သိက္ခာနှင့်အညီနေထိုင်နိုင်သည့် အခြေခံလူ့အခွင့်အရေးများကို လူမျိုး၊ လိင်၊ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုမခွဲခြားဘဲ တန်းတူညီမျှအကာအကွယ်ပေးရန်ဟူ၍ပါရှိသည်။ အလားတူပင် ပဋိညာဉ်အပိုဒ် (၅၅)(ဃ)တွင် လူမျိုး၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုအပေါ် အခြေခံပြီး ခွဲခြားဆက်ဆံခံရခြင်းမှကင်းလွတ်၍ လူသားတို့၏ အခြေခံလူ့အခွင့်အရေးများ၊ လွတ်လပ်ခွင့်များ ရရှိစေရန် တိုးမြှင့်လုပ်ဆောင်ပေးမည်ဟု ဖော်ပြထားပါသည်။

ထို့နောက် နိုင်ငံတကာလူ့အခွင့်အရေးကြေညာစာတမ်းရေးဆွဲနိုင်ရေး ကဏ္ဍပေါင်းစုံမှ ဆွေးနွေးမှုများစွာပြုလုပ်ခဲ့သည်။ လူသားတို့၏ အခြေခံအခွင့်အရေးများမှာ မည်သည့်အချက်များဖြစ်သည်၊ ယင်းတို့ကို မည်သို့ကာကွယ်ပေးရမည်ဆိုသည်ကို အလေးထားဆွေးနွေးခဲ့ကြပြီး ၁၉၄၈ ခုနှစ်တွင် အချက် (၃၀) ပါသော “အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း” ကို ထုတ်ပြန်နိုင်ကာ အဖွဲ့ဝင်နိုင်ငံများက တညီတညွတ်တည်းလက်ခံအတည်ပြုလိုက်ကြသည်။ လူ့အခွင့်အရေး ကြေညာစာတမ်းသည် ဥပဒေဖြင့် ချည်နှောင်မှုမရှိသော်လည်း နိုင်ငံများကို တရားမျှတမှုနှင့် တန်းတူညီမျှမှုရှိစေရန်၊ မိမိနိုင်ငံသားများအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် တွန်းအားပေးသည့်သဘောသက်ဝင်ကြောင်း တွေ့ရှိရပါသည်။ ပဋိညာဉ်စာချုပ် အချက်(၃၀)တွင် အပိုဒ်(၁) လူသားတိုင်းသည် မွေးဖွားလာစဉ်ကတည်းက တူညီသောဂုဏ်သိက္ခာနှင့် တူညီသောအခွင့်အရေးရှိသည်။ အပိုဒ်(၂)မည်သူ့ကိုမျှ ခွဲခြားဖိနှိပ်ခြင်းမရှိစေရ။ အပိုဒ်(၃)လူသားတိုင်း အသက်ရှင်ခွင့်၊ လွတ်လပ်ခွင့်နှင့် လုံခြုံခွင့်ရှိသည်။ အပိုဒ် (၅) မည်သူ့ကိုမျှ မတရားနှိပ်စက်ခြင်း၊ လူမဆန်စွာရက်စက်စွာဆက်ဆံခြင်း၊ အပြစ်ပေးခြင်းပြုခွင့်မရှိဟု အတိအလင်းဖော်ပြပါရှိသည်။ အလားတူစွာ ၁၉၇၉ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းပြီး ၁၉၈၁ ခုနှစ်တွင် အသက်ဝင်ခဲ့သော အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ်အပါအဝင် ဥပဒေသဘောသက်ရောက်သည့် စာချုပ်ခြောက်ခု ရေးဆွဲချမှတ်နိုင်ခဲ့ပါသည်။

လူ့အခွင့်အရေးသည် လူသားအားလုံးနှင့် သက်ဆိုင်၍ တစ်ဦးပိုင် မဟုတ်သည့်အတွက် အခြားသူများ၏အခွင့်အရေးကို လေးစားရပါမည်။ လူသားများနေထိုင်ရာ ဤကမ္ဘာတွင် လူသားကို ပဓာနထားသော၊ လူကိုလူလိုတန်ဖိုးထားသော၊ လူကိုလူလို လေးစားသက်ဝင်တတ်သောစနစ် ကျယ်ပြန့်ထွန်းကားမှသာ ငြိမ်းချမ်းသာယာဖွံ့ဖြိုးသည့် လူ့ဘောင်ကို တည်ဆောက်နိုင်မည်ဖြစ်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ဆောလျင်စွာ ပပျောက်ရေး အလွန်လိုအပ်လျက်ရှိပါသည်။

၁၉ရာစုနှောင်းပိုင်းမှစ၍ ကမ္ဘာပေါ်ရှိ အမျိုးသမီးများ၏အခန်းကဏ္ဍ အရေးပါမှုကို ကမ္ဘာက အသိအမှတ်ပြုလာသည်နှင့်အညီ ၁၉၆၇ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ကျား/မ ခွဲခြားမှုပယ်ဖျက်ရေးကို တညီတညွတ်တည်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ထို့နောက် ၁၉၇၅ခုနှစ်ကို “အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနှစ်” အဖြစ်လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှ ၁၉၈၅ ခုနှစ်ကို “ကုလသမဂ္ဂအမျိုးသမီးများဆယ်စုနှစ်” အဖြစ်လည်းကောင်း၊ ၁၉၇၇ ခုနှစ်မှစ၍ နှစ်စဉ် မတ်လ ၈ ရက်နေ့ကို “အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့” အဖြစ်လည်းကောင်း သတ်မှတ်ပေးလိုက်ခြင်းက ကမ္ဘာ့အမျိုးသမီးထုတစ်ရပ်လုံးအတွက် နှစ်ထောင်းအားရ ဂုဏ်ယူဖွယ်ရာပင်ဖြစ်ပါသည်။

### ကမ္ဘာ့အမျိုးသမီးညီလာခံများ

အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ အခွင့်အရေးများရရှိခံစားမှု၊ တန်းတူရည်တူဆက်ဆံခွင့်ရရှိမှု၊ အမျိုးသမီးများ၏ စွမ်းပကားမြင့်မားမှုတို့အတွက် နိုင်ငံတကာလှုပ်ရှားမှုများ ပေါ်ပေါက်လာခဲ့ခြင်းကြောင့် “ကမ္ဘာ့အမျိုးသမီးညီလာခံများ” ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ပထမဆုံးကမ္ဘာ့အမျိုးသမီးညီလာခံ (၁၉၇၅) ကို မက္ကဆီကိုနိုင်ငံ မက္ကဆီကိုမြို့တွင်လည်းကောင်း၊ ဒုတိယအကြိမ်ကမ္ဘာ့အမျိုးသမီးညီလာခံ (၁၉၈၀) ကို ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌လည်းကောင်း၊ တတိယအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံ (၁၉၈၅) ကို ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင်လည်းကောင်း၊ စတုတ္ထအကြိမ်ကမ္ဘာ့အမျိုးသမီးညီလာခံ (၁၉၉၅) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့၌လည်းကောင်း အသီးသီးကျင်းပခဲ့ပါသည်။

စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံ၌ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရာတွင် နိုင်ငံတိုင်း၌ အမျိုးသားအဆင့်ယန္တရားဖွဲ့စည်းပြီး အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့် ကဏ္ဍကြီး (၁၂) ရပ် ပါဝင်သော “ဘေဂျင်းကြေညာစာတမ်း” ကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ထိုကဏ္ဍကြီး(၁၂)ရပ်တို့မှာ (၁) အမျိုးသမီးများနှင့် ဆင်းရဲမွဲတေမှု၊ (၂) အမျိုးသမီးများအား ပညာပေးရေးနှင့် လေ့ကျင့်သင်တန်းပေးရေး၊ (၃) အမျိုးသမီးများနှင့်ကျန်းမာရေး၊ (၄)အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး၊ (၅) လက်နက်ကိုင် ပဋိပက္ခများအကြားတွင် ကျရောက်နေသောအမျိုးသမီးများ၊ (၆) အမျိုးသမီးများနှင့် စီးပွားရေးကဏ္ဍ၊ (၇) ဆုံးဖြတ်ချက်ချခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာခွဲယူခြင်းတွင် အမျိုးသမီးများကဏ္ဍ၊ (၈) အမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းယန္တရားများ၊ (၉) အမျိုးသမီးများနှင့် လူထုဆက်သွယ်ရေး၊ (၁၀) အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်၊ (၁၁) အမျိုးသမီးများနှင့် လူ့အခွင့်အရေး၊ (၁၂) မိန်းကလေးငယ်များဟူ၍ဖြစ်ပါသည်။

စတုတ္ထအကြိမ်အမျိုးသမီးညီလာခံက ချမှတ်ခဲ့သည့် ဘေဂျင်းကြေညာစာတမ်းအရ ထိုစဉ်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ၁၉၉၆ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လမ်းညွှန်ဆောင်ရွက်သွားနိုင်ရန် “မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ” (ယခု မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ) ကို ဖွဲ့စည်းပေးခဲ့ပါသည်။ အဆိုပါကော်မတီသည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် “အမျိုးသားအဆင့်ယန္တရား” အဖြစ် ရပ်တည်ဆောင်ရွက်ပါသည်။ ထို့အတူမြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ စတင်ဖွဲ့စည်းသည့် ဇူလိုင် ၃ ရက်ကို “မြန်မာနိုင်ငံ အမျိုးသမီးများနေ့” အဖြစ် သတ်မှတ်ကာ နှစ်စဉ်အခမ်းအနားများ ကျင်းပပြုလုပ်သွားရန် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းလိုက်ရာ မြန်မာအမျိုးသမီးထုတစ်ရပ်လုံးအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ပါသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ အမျိုးသမီးထုကြီးကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ လွှမ်းခြုံအကောင်အထည်ဖော်နိုင်ရန်၊ ပြည်တွင်း ပြည်ပ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လွယ်ကူစွာဆက်သွယ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်ချက်ဖြင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် “မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်” ကို ဖွဲ့စည်းခဲ့ပါသည်။ အဖွဲ့ချုပ်ကြီးသည် ရည်ရွယ်ချက် (၇) ရပ်၊ အခြေခံမူ (၅) ရပ်နှင့်အညီ မြန်မာအမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းများအတွက် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်း အဖွဲ့ခွဲ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ၊ အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ခွဲတို့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာလူမျိုးတို့သည် ဘာသာတရား၏ အဆုံးအမအရ “ဟီရိဩတ္တပ္ပ” ဟူသောအရှက်၊ အကြောက်ဆိုသည့် လောကပါလတရားနှစ်ပါးကို လက်ကိုင်ထားသော ယဉ်ကျေးသိမ်မွေ့သည့်လူမျိုးဖြစ်ပါသည်။ မြတ်ဗုဒ္ဓ၏အဆုံးအမဖြစ်သော “ဗြဟ္မဝိဟာရတရားလေးပါး” ကို လက်ကိုင်ထားကြသူများဖြစ်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားကို လက်ကိုင်ထား၍ သည်းခံခွင့်လွှတ်မှုများဖြင့် အကောင်းဘက်သို့သာ ဦးတည်လျက်ရှိသောကြောင့် အကြမ်းဖက်မှုမှာ မြန်မာ့ဓလေ့တစ်ရပ် မဟုတ်ပါ။

စာမျက်နှာ ၁၁ သို့ ✲

✻ စာမျက်နှာ ၁၀ မှ

အချင်းချင်းဆက်ဆံရာတွင်လည်း အမျိုးသား၊ အမျိုးသမီးမခွဲခြားဘဲ "ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား" အစဉ်အလာဖြင့် ဆက်ဆံခဲ့ကြသည်။ တတ်သိလိမ္မာမှုနှင့် လူမှုအဆင့်အတန်းကို အစဉ်အလာအားဖြင့် ထိန်းသိမ်းလာသော ဓလေ့ထုံးတမ်းယဉ်ကျေးမှုထွန်းကားရာနိုင်ငံလည်းဖြစ်ပါသည်။

**အခွင့်အရေးနှင့် တာဝန်နှစ်ရပ်**

မြန်မာလူ့ဘောင်အဖွဲ့အစည်းတွင် မြန်မာအမျိုးသမီးများသည် ရှေးခေတ်အဆက်ဆက်ကပင် အခွင့်အရေးနှင့် တာဝန်နှစ်ရပ်ကို တစ်ပြိုင်တည်းရရှိထမ်းဆောင်ခဲ့ကြသူများဖြစ်ပါသည်။ မြန်မာအမျိုးသမီးများသည် မိမိချစ်ခင်နှစ်သက်သူကို လက်ထပ်ယူနိုင်ခွင့်ရှိသလို မိမိတို့မိသားစုနှင့် မြန်မာ့လူ့အဖွဲ့အစည်း၏ ဆုံးမသွန်သင်လမ်းညွှန်မှုဘောင်အတွင်း နေထိုင်၍ လိုက်နာဆောင်ရွက်တတ်ကြသူများလည်းဖြစ်သည်။ အိမ်ထောင်ကိုဦးစီးခွင့်၊ ငွေကြေးကိုင်ဆောင်သုံးစွဲခွင့်၊ စီမံခန့်ခွဲခွင့်၊ အမွေဆက်ခံပိုင်ခွင့်များသည် တောင်းယူစရာမလိုသော ပုံစံတကျရှိနေသည့် မူလအခွင့်အရေးများပင်ဖြစ်သည်။ အလားတူစွာ ပညာသင်ယူခွင့်၊ အလုပ်လုပ်ခွင့်၊ အလုပ်တာဝန်ချင်းတူပါလျှင် အမျိုးသားများနှင့်တန်းတူလစာခံစားခွင့်၊ သားဖွားခွင့်၊ ဆေးခွင့်၊ အငြိမ်းစားယူခွင့် စသောအခွင့်အရေးများသည်လည်း မြန်မာအမျိုးသမီးတို့ တောင်းယူရန်မလိုသောအခွင့်အရေးများပင်ဖြစ်ပါသည်။ သို့ရာတွင် အမျိုးသမီးဟူသော အားနည်းချက်ကို ကိုင်စွဲလျက် ခွဲခြားဆက်ဆံခြင်း၊ အခွင့်အရေးမပေးခြင်းနှင့် လူမဆန်စွာညှဉ်းပန်းနှိပ်စက် အကြမ်းဖက်ခံရခြင်းများရှိနေကြောင်း တွေ့မြင်သိရှိနေရသဖြင့် ထိုအရာများသည် စိတ်မကောင်းဖွယ်ရာ၊ အော့နှလုံးနာစရာများပင် ဖြစ်နေပေတော့သည်။

အကြမ်းဖက်မှုကို သိလျက်နှင့် ကျူးလွန်ကြသည်များရှိသလို မသိနားမလည်သည့်အတွက် ပြုလုပ်မိသူများလည်းရှိသည်။ အကြမ်းဖက်မှုကို လေ့လာလျှင် ပြစ်မှုကြီးများကိုသာ မြင်တတ်ကြပါသည်။ အကြမ်းဖက်မှုနယ်ပယ်သည် ထိုမျှသာမက သတိမထားလိုက်မိသည့် အကြမ်းဖက်မှုများလည်း ရှိနေပေသည်။ ယနေ့ကာလတွင် အမျိုးသမီးများအပေါ် ကျူးလွန်သော အကြမ်းဖက်မှုများသာမက ကလေးသူငယ်များအပေါ်တွင် ကျူးလွန်သော အကြမ်းဖက်မှုများပါ သိုသိုသိပ်သိပ်ကျယ်ပြန့်စွာ ဖြစ်ပေါ်လျက်ရှိသည်။ အမျိုးသမီးဟုဆိုလိုက်သည်နှင့် အားနွဲ့သူဆိုသောစကားလုံးကို နာမဝိသေသနအဖြစ် ပူးတွဲမြင်တတ်ကြသည်။ အသိဉာဏ်အားမနည်းသော်လည်း ဇီဝကမ္မသဘောတရားအရ ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံတွင် အမျိုးသားများထက် အားနွဲ့သည်ဟု သတ်မှတ်မြင်တတ်ကြပါသည်။ ထိုအမြင်များက အမျိုးသမီးများအပေါ် တစ်နည်းမဟုတ်တစ်နည်းဖြင့် အကြမ်းဖက်ကြလေ့ရှိပါသည်။ အထူးသဖြင့် မသိနားမလည်သူ၊ စိတ်ဓာတ်ပျော့ညံ့သူ၊ ဆင်ခြင်တုံတရားနည်းပါးသူ အမျိုးသမီးများမှာ ပိုမိုအကြမ်းဖက်ခံရလေ့ရှိကြောင်း တွေ့ရှိရပါသည်။

သိသာမြင်သာသော အကြမ်းဖက်မှုများမှာ ဆဲဆိုပြစ်တင်ကြိမ်းမောင်းကာ ကိုယ်ထိလက်ရောက် ထိုးကြိတ်ရိုက်နှက်ကန်ကျောက်ခြင်းများဖြစ်သည်။ လူမှုပတ်ဝန်းကျင်အတွင်း လင်ယောကျ်ားက ဇနီးမယားကိုရိုက်နှက်အကြမ်းဖက်မှုများရှိနေသေးသည်။ ဇနီးမယား၊ သမီးမိန်းကလေး၊ အရွယ်မရောက်သေးသော မိန်းကလေးများနှင့် သူစိမ်းမိန်းကလေးများကို ရိုက်နှက်ပုတ်ခတ်ကျူးလွန်ခြင်းသည် အရုပ်ဆိုးအကျည်းတန်သော အပြုအမူများဖြစ်သည်။ အိမ်ထောင်စုအတွင်း ယောကျ်ားက မိန်းမကို ရိုက်နှက်နေခြင်းသည် သားသမီးများ၏စိတ်ဓာတ်ကိုပါ ရိုက်ချိုးသလိုဖြစ်သဖြင့် ထိုအိမ်ထောင်စုသည် မည်သည့်အခါမှ အေးချမ်းသာယာတိုးတက်မည်မဟုတ်ပါ။ မူးရူးသောက်စားရမ်းကားတတ်သော အိမ်ထောင်ဦးစီးယောကျ်ားသားရှိသောအိမ်ထောင်စုမှာ အဆိုးဆုံးခံစားနေကြရပါသည်။

ကိုယ်ထိလက်ရောက်ကျူးလွန်မှ အကြမ်းဖက်ခြင်းမဟုတ်ပေ။ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများမှာလည်း ပုံစံအမျိုးမျိုးဖြင့် စိမ့်ဝင်ပျံ့နှံ့လျက်ရှိနေပါသေးသည်။ မြန်မာဆိုရိုးစကားတစ်ခုရှိသည်။ "ကျောပူခံနိုင်သည်၊ နားပူမခံနိုင်" ဟူ၍ဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည် တစိမ့်စိမ့်နှင့် အမှည့်ခြွေခြွေသောပုံစံပင်ဖြစ်သည်။ ယနေ့ခေတ်အခြေအနေအရ လင်ယောကျ်ားသာမက ဇနီးမယားတို့ပင် အပြင်ထွက်အလုပ်လုပ်ကြရသည်။ ပြင်ပအလုပ်လုပ်၍ စီးပွားရှာရသော်လည်း အိမ်မှုကိစ္စလစ်ဟင်းမှုမရှိရအောင် အလုပ်မသွားမီနှင့် အလုပ်အပြန်၌ အိမ်သူဇနီးမယားများကပင် လုပ်ကြရသည်။ နိစ္စဓူဝပင်ပန်းဆင်းရဲနေသည့်တိုင်အောင် နားဝင်မချိုသော၊ အပြစ်ဖို့သောစကားများဖြင့် အနုနည်းအကြမ်းဖက်ခြင်းတို့ကြောင့် နောက်ဆုံး၌ အိမ်ထောင်ကွဲကွာရခြင်းများလည်းရှိသည်။ ကျွဲနှစ်ကောင်ခတ်ရာမှ ကြားကမြေစာပင် သားသမီးတို့ အခြောက်တိုက်နစ်မွန်းကြရှာပါသည်။

**အလုပ်ခွင်အကြမ်းဖက်မှုများ**

ထိုသို့ အိမ်တွင်းအကြမ်းဖက်မှုများသာမက အလုပ်ခွင်အကြမ်းဖက်မှုများလည်းရှိနေသေးသည်။ အလုပ်ရှင်က အလုပ်သမားအမျိုးသမီးများကို လူမဆန်စွာ အကြမ်းဖက်မှုအမျိုးမျိုးပြုနေကြသည်။ အိမ်ဖော်အမျိုးသမီးငယ်လေးများအား ရေနွေးပူလောင်းခြင်း၊ အပ်ဖြင့်ထိုးဆွခြင်း၊ ရိုက်နှက်ခြင်း၊ ပိတ်လှောင်ထားခြင်း၊ အစာရေစာ ဝဝလင်လင်မကျွေးခြင်းများအပြင် အချို့အမျိုးသမီးများမှာ အပျိုရည်ပျက်ရသည်အထိ အကြမ်းဖက်ခြင်းခံကြရသည်။ လုပ်ခလစာနှင့်မတန်အောင် ခိုင်းခြင်း၊ နားနေချိန်မရအောင် နေ့၊ ညမပြတ်ခိုင်းစေခြင်း စသည်ဖြင့် တိရစ္ဆာန်လို သဘောထားသူများလည်း ရှိသည်။ ပြည်တွင်း၌သာမက ပြည်ပသို့ရွှေ့ပြောင်းသွားလာလုပ်ကိုင်ကြသည့် အမျိုးသမီးများ၏ဘဝများမှာလည်း ရှေ့ရေးမှာ ရင်လေးစရာပင်ဖြစ်သည်။ ရမည်ဆိုသောအလုပ်မရဘဲ ပြည့်တန်ဆာဘဝသို့ရောက်သွားရသော အမျိုးသမီးများမှာလည်း ဒုနှင့်ဒေးပင်ဖြစ်သည်။ အကြမ်းဖက်အနိုင်ကျင့်ခံရ၍ အရှက်ကြီးပြီး မည်သူကိုမျှဖွင့်မပြောရဲသော မိန်းကလေးများ၏ဘဝများသည်ကား ရင်နင့်စရာပင်ဖြစ်သဖြင့် ထိုသို့မဖြစ်ပေါ်အောင် သတိထားကာကွယ်ကြရေးမှာ မလွဲမသွေလိုအပ်လှပါသည်။

နောက်ထပ်လူမဆန်သော အကြမ်းဖက်မှုတစ်ရပ်မှာ လူကုန်ကူးခံရခြင်းပင်ဖြစ်ပါသည်။ လူကုန်ကူးခံရမှုသည် အစပိုင်းတွင် အကြမ်းဖက်ခြင်းနှင့်မတူသယောင်ရှိသော်လည်း လူကုန်ကူးခံရပြီးနောက် လိုရာခရီးသို့ ရောက်သွားပြီးနောက်ပိုင်းတွင် အကြမ်းဖက်ခြင်းခံရသည့်ဘက်သို့ ကူးပြောင်းသွားရတော့သည်။ မသိနားမလည်သဖြင့်လည်းကောင်း၊ အယုံလွယ်၍လည်းကောင်း၊ မက်လုံးပေးမှုကို လောဘတက်သောကြောင့်လည်းကောင်း အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ လူကုန်ကူးခံရတတ်သည်။ နောက်ဆုံးတွင် အလိုမတူဘဲ တိုင်းတစ်ပါးသားနှင့် လက်ထပ်အိမ်ထောင်ပြုရခြင်း၊ ကိုယ်တွင်းအင်္ဂါထုတ်ယူအသုံးချခံရခြင်း၊ မထင်မှတ်ဘဲ လောကငရဲခန်းသို့ သက်ဆင်းသွားရခြင်းအမျိုးမျိုးတို့မှာ အလွန်ဆိုးရွားသော အကြမ်းဖက်ခံရမှုများပင်ဖြစ်သည်။ အဆိုးဆုံးနှင့် လူသားမဆန်ဆုံးအကြမ်းဖက်မှုမှာ သက်ငယ်မုဒိမ်းမှုပင်ဖြစ်သည်။ လောကကြီးအကြောင်းဘာမျှမသိသေးသော ကလေးသူငယ်များ လူမဆန်စွာ အနိုင်အထက်ပြုကျင့်ခံလိုက်ရပြီဆိုလျှင် ကြောက်လန့်စရာကြုံတွေ့ရမှုကြောင့် ဘဝတစ်လျှောက်လုံး အိပ်မက်ဆိုးကြီးတစ်ခုအသွင် ခြောက်လှန့်နေမည်ပင်ဖြစ်သည်။ မုဒိမ်းမှုအဆင့်မရောက်သော်လည်း လူထူထူ၊ လူအလစ်တွင် လူ့သရမ်းများ၏ တို့ထိကိုင်တွယ်မှုများလည်း ကြုံရတတ်သည်။ အမျိုးသမီးများ အကြမ်းဖက်မခံရရေးအတွက် အဓိကလိုအပ်ချက်များမှာ ဥပဒေများကို သိခြင်း၊ တစ်ဦးနှင့်တစ်ဦးစောင့်ရှောက်ခြင်း၊ ဗဟုသုတများခြင်း၊ စဉ်းစားချင့်ချိန်ခြင်းနှင့် အန္တရာယ်ကို ကြိုတင်မြော်တွေး၍ သတိကြီးစွာထားရှိရေးတို့ပင်ဖြစ်ပါသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးအတွက် ပညာပေးခြင်းလုပ်ငန်းသည် အကောင်းဆုံးသော ကြိုတင်ကာကွယ်မှုဖြစ်သည်။ ကြိုတင်ကာကွယ်မှုကောင်းလေ၊ အန္တရာယ်ကင်းလေ လူ့ဘောင်လောကက သာယာလေပင်ဖြစ်သည်။ မိဘအုပ်ထိန်းသူများအနေဖြင့် သမီးမိန်းကလေးများကို ငယ်ရွယ်စဉ်ကပင် စိတ်ဓာတ်ကြံ့ခိုင်ပြီး ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိအောင် ဆုံးမသွန်သင်ပဲ့ပြင်သင့်လှသည်။ အကြောက်တရားဖြင့် သွန်သင်ဆုံးမမှုကို ရှောင်ကြဉ်သင့်သည်။ ငယ်စဉ်ကတည်းက အကြောက်တရားလွှမ်းမိုးခံရပါက အရွယ်ရောက်သော် လူရှိန်၊ လူကြောက်တတ်ပြီး အကြမ်းဖက်မှုပိုမိုခံရနိုင်ခြေများသည်။ မသန်စွမ်းသူများအပါအဝင် ငယ်ရွယ်သော ကလေးသူငယ်များကို မိမိမျက်စိအောက်မှ အပျောက်မခံဘဲ အခါမလပ်ဂရုစိုက်ရမည်ဖြစ်သည်။ အလွယ်လွှတ်မထားသင့်သလို ယုံကြည်စိတ်ချမှုဖြင့် တစ်ပါးသူလက်ထဲသို့ ပြီးစလွယ်မအပ်နှံကြစေလိုပါ။ ပြင်ပသို့သွားရာတွင်လည်း လွှတ်မထားပါနှင့်၊ ရင်အုပ်မကွာထားတတ်ရေးသည်သာ အကောင်းဆုံးဖြစ်ပါသည်။

ပညာသင်ချိန်ရောက်လျှင် မူကြိုမှစ၍ ကျောင်းပညာများအဆင့်ဆင့် သင်ကြားစေလျက် အနည်းဆုံး အခြေခံပညာအလယ်တန်းအဆင့်အထိ တက်ရောက်စေသင့်ပါသည်။ ကျောင်းစာသာမက ပြင်ပဗဟုသုတရရှိစေသော စာအုပ်စာပေဖတ်ရှုလေ့လာခြင်း၊ ဗဟုသုတရှာမှီးခြင်းတို့ပြုလုပ်စေရပါမည်။ လူသူကင်းမဲ့သည့်နေရာများကို ရှောင်၍ ညအချိန်မတော် သွားလာခြင်းအား ခွင့်မပြုသင့်ပါ။ မိဘအုပ်ထိန်းသူများနှင့် ကင်းကွာနေသောအမျိုးသမီးအလုပ်သမားများ၊ ကျောင်းသူများ၊ အခြားမိန်းကလေးများသည် ပို၍သတိထားဆင်ခြင်ရပါမည်။ ခေါ်ရာသို့ အလွယ်မလိုက်သင့်ဘဲ အဖော်ကောင်းပါမှ သွားလာသင့်သလို အချိန်နှောင်းသည်အထိ ပြင်ပတွင်မနေကြရေး အထူးလိုအပ်လှပါသည်။

မည်သို့ပင်ဆင်းရဲနေပါစေ အလုပ်လုပ်လိုစိတ်ပြင်းပြခြင်း၊ မက်လုံးပေးမှု၌ သဘောကျခြင်း၊ အပြောချိုသော စကားနောက် သာယာခြင်း၊ အယုံလွယ်ခြင်းများမပြုဘဲ မိဘမောင်ဘွားတို့နှင့် တိုင်ပင်သဘောတူညီချက်ရမှ အလုပ်လုပ်သင့်သည်။ ရွှေ့ပြောင်းသွားလာလုပ်ကိုင်လိုသူများ မသွားမီက သတင်းစုံစွာရယူ၍ တိကျခိုင်မာသော အလုပ်ရမှသာ ပြည်ပသို့ထွက်ခွာရပေမည်။ သို့မဟုတ်ပါက အရင်းအနှီးငွေဆုံးရှုံးသည့်အပြင် ဘဝပါပျက်သွားတတ်ကြောင်း သတိချပ်သင့်လှသည်။ အိမ်ထောင်ဦးစီး၊ အလုပ်ရှင်များအပါအဝင် မည်သည့်ယောကျ်ားမဆို ကိုယ်ချင်းစာနာတတ်ရေးများစွာလိုအပ်သည်။ နှမချင်းစာနာစိတ်၊ သူ့နေရာတွင် ငါသာဆိုလျှင်ဆိုသော ဝေဖန်ပိုင်းခြားတတ်သည့် အသိတရားထားရှိပြီး လောဘ၊ ဒေါသ၊ မောဟတို့ လျှော့ချသင့်သည်။

အမျိုးသမီးအချင်းချင်းလည်း အကြမ်းဖက်မှုပြုတတ်သဖြင့် အမျိုးသမီးချင်းဖြစ်စေကာမူ အသက်အရွယ်၊ ရာထူးဂုဏ်သိန်၊ ငွေကြေးချမ်းသာမှုအလိုက် အကြမ်းဖက်တတ်လေ့ရှိသဖြင့် နားလည်မှု၊ စာနာမှု၊ ညှာတာသနားမှု၊ ခွင့်လွှတ်မှုတို့ ထွန်းကားမှသာ အကြမ်းဖက်မှုများမှ ကင်းဝေးမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ကြိုတင်ကာကွယ်ခြင်းများသည် တစ်ဦးတစ်ယောက်တည်းက လုပ်၍မရဘဲ နိုင်ငံသားတိုင်းက ကိုယ်စီလိုက်နာရန်လိုသလို ကျဉ်းမြောင်းသောအမြင်၊ မှားယွင်းသောအယူအဆနှင့် ခွဲခြားဆက်ဆံခြင်းတို့ စွန့်လွှတ်သင့်သောအချိန်အခါသို့ရောက်ပြီဟု နားလည်သဘောပေါက်သင့်လှပါသည်။ အကြမ်းဖက်မှုတစ်ခုခုရင်ဆိုင်ကြုံတွေ့လာပါက အမျိုးသမီးများကို အကာအကွယ်ပေးသည့် အဖွဲ့အစည်းအားကို ရယူပါဟု အကြံပြုလိုပါသည်။

ယခုအခါ နိုင်ငံတော်အဆင့်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်များ ကျင်းပလျက်ရှိပါသည်။ အဆိုပါ အထိမ်းအမှတ်လှုပ်ရှားမှုများသည် အမျိုးသမီးများအပေါ် စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများပပျောက်ရေးကို ဦးတည်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသမီးများသာမက ကျား/မအခြေပြုအကြမ်းဖက်မှုပပျောက်ရေးဖြစ်စေရန် အမျိုးသားများလည်း လှုပ်ရှားမှုများ၌ ပါဝင်သင့်လှပါသည်။ ထိုအစီအစဉ်သည် သတ်မှတ်ရက်အတွင်းသာ အကျုံးဝင်သည်မဟုတ်ဘဲ အခါမလပ်လူသားချင်းစာနာစွာ အကောင်အထည်ဖော်ရမည့်လုပ်ငန်းစဉ်တစ်ရပ်ပင် ဖြစ်ပါသည်။

ယနေ့ကာလ မြန်မာအမျိုးသမီးများအကြမ်းဖက်မခံရရေး ပြဋ္ဌာန်းပြီးဖြစ်သော နီးနွှယ်သည့် ဥပဒေများရှိသော်လည်း အထူးကိစ္စတစ်ရပ်အဖြစ် လိုအပ်သည်မှာ "အမျိုးသမီးများအား ဘက်ပေါင်းစုံမှ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေနှင့် ပြည့်တန်ဆာဆိုင်ရာဥပဒေ"တို့ပင်ဖြစ်သည်။ သို့မှသာ သဘာဝလူ့အခွင့်အရေးအပြင် ဥပဒေအခွင့်အရေးပါရရှိခံစားရပြီး အကြမ်းဖက်မှုများ လျော့နည်းပပျောက်မည်ဖြစ်ပါသည်။ အချုပ်အားဖြင့်ဆိုရသော် နိုင်ငံလူဦးရေ၏ ၅၃ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုသော မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ စွမ်းအားကိုရယူလျက် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အားဖြည့်ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ လူ့အခွင့်အရေးများ အပြည့်အဝရရှိရေးအတွက်လည်းကောင်း၊ ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်ချုပ်ချယ်မှု ကင်းစေရေးအတွက်လည်းကောင်း၊ ဂုဏ်သိက္ခာရှိစွာ ရပ်တည်ရေးအတွက်လည်းကောင်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြရန် လိုအပ်ပါသဖြင့် "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့" ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**အဆိုပါအထိမ်းအမှတ်လှုပ်ရှားမှုများသည် အမျိုးသမီးများအပေါ် စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများပပျောက်ရေးကို ဦးတည်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသမီးများသာမက ကျား/မ အခြေပြုအကြမ်းဖက်မှုပပျောက်ရေးဖြစ်စေရန် အမျိုးသားများလည်း လှုပ်ရှားမှုများ၌ ပါဝင်သင့်လှပါသည်။ ထိုအစီအစဉ်သည် သတ်မှတ်ရက်အတွင်းသာ အကျုံးဝင်သည်မဟုတ်ဘဲ အခါမလပ်လူသားချင်းစာနာစွာ အကောင်အထည်ဖော်ရမည့်လုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ်**

# နမီးဘီးယားနိုင်ငံ၌ အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၈ ဦး ထပ်မံတွေ့ရှိ

**ဝင်းဒေါ့ခ် ဒီဇင်ဘာ ၆**

နမီးဘီးယားနိုင်ငံ၌ ယနေ့တွင် အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၈ ဦးအား ထပ်မံစစ်ဆေးတွေ့ရှိခဲ့သဖြင့် အဆိုပါဗိုင်းရပ်စ်အပါအဝင် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံအတွင်းလက်ရှိအချိန်၌ အိုမီခရွန်ဗီဇပြောင်း ထပ်မံကူးစက်မှုမရှိစေရေးအတွက် အဆိုပါဗိုင်းရပ်စ်ကူးစက်ခံရသူများနှင့် အနီးကပ်နေထိုင်ခဲ့သူများအား ရှာဖွေကုသခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း နမီးဘီးယားနိုင်ငံသမ္မတ ဟက်ဂျိန်းအောက်စ်က ပြောကြားသည်။ နိုင်ငံအတွင်း ပွဲတော်ကျင်းပမည့်အချိန် နီးကပ်လာသည့်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို တင်းကျပ်စွာချမှတ်ရမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ထို့ပြင် နမီးဘီးယားနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများကို ရင်ဆိုင်နေရသောကြောင့် လူအစုလိုက် အပြုံလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ကာလန်ဘီရှန်ဂူလာက ပြောကြားသည်။

အိုမီခရွန်ဗိုင်းရပ်စ်နှင့်ပတ်သက်၍ လိုအပ်သည့် အချက်အလက်များရရှိနိုင်ရန် ကြိုးပမ်းနေချိန်၌ ရောဂါကာကွယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



အီရတ်ဝန်ကြီးချုပ် မူစတာဖာအယ်လ်ခါဟီမီနှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး လစ်ထရပ်စ်။

# အီရတ်နိုင်ငံရှိ အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေး ဗြိတိန်နှင့် အီရတ် ဆွေးနွေး

**ဘဂ္ဂဒက် ဒီဇင်ဘာ ၆**

အီရတ်နိုင်ငံရှိ အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် အရေးနှင့်ပတ်သက်၍ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး လစ်ထရပ်စ်နှင့် အီရတ်ဝန်ကြီးချုပ် မူစတာ ဖာအယ်လ်ခါဟီမီတို့အကြား တယ်လီဖုန်းမှတစ်ဆင့် ယနေ့ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးမှုများအတွင်း အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရေးတာဝန်များထမ်းဆောင်ခြင်းမှ ရုပ်သိမ်းရန် နှစ်နိုင်ငံတာဝန်ရှိသူများ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း အီရတ်ဝန်ကြီးချုပ်ရုံးမှ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင်ဗြိတိန်နှင့် အီရတ် နှစ်နိုင်ငံ ပူးပေါင်း၍ အိုင်အက်စ်စစ်သွေးကြွများအား နှိမ်နင်းရေးအပါအဝင် နှစ်နိုင်ငံ ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန်လည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ အီရတ်တပ်ဖွဲ့ဝင်များအား အကြံပေးအဖြစ် ဆောင်ရွက်နေသော ညွန့်ပေါင်းတပ်ဖွဲ့ဝင်အချို့မှလွဲ၍ တိုက်ခိုက်ရေးတာဝန်ထမ်းဆောင်နေသော ညွန့်ပေါင်းတပ်ဖွဲ့ဝင်များသည် ၁၅ ရက်အတွင်း အီရတ်နိုင်ငံမှ ပြန်လည်ဆုတ်ခွာရမည်ဖြစ်ကြောင်း အီရတ်နိုင်ငံပူးတွဲစစ်ဆင်ရေးဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူ တက်ချ်ဆီးအယ်လ်ကဖားချီက နိုဝင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ ဘာသာပြန်-စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁ ဒသမ ၃၂ သန်းကျော်ရှိလာ

**ဟနွိုင်း ဒီဇင်ဘာ ၆**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၅၉၁ ဦးရှိကြောင်း၊ ယင်းတို့အနက် ၁၄၅၅၈ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ပြီး ၃၃ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကူးစက်ခံခဲ့ရ**

အစုလိုက် အပြုံလိုက်ကူးစက်မှုများမှာ နိုင်ငံတောင်ပိုင်းဒေသများမှဖြစ်ကြောင်းနှင့် ဟိုချီမင်းစီးတီး၌ ၁၁၇၄ ဦး၊ ကန်သိုပြည်နယ်၌ ၁၁၈၉ ဦး၊ တေနင်းပြည်နယ်၌ ၈၅၉ ဦး အသီးသီးကူးစက်ခံခဲ့ရကြောင်း သိရသည်။ လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၃၂၃၆၈၃ ဦး ရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၆၄၈၃ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၁၀၁၀၄၀၇ ဦး ရှိကြောင်း သိရသည်။ လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေစုစုပေါင်း ၁၂၈ သန်းနီးပါးအသုံးပြုခဲ့ပြီးဖြစ်ကြောင်းနှင့် နိုင်ငံလူဦးရေ၏ ၅၄ ဒသမ ၄ သန်းခန့်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**





# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၂၁၃၆ ဦးရှိ

**မော်စကို ဒီဇင်ဘာ ၆**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၂၁၃၆ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၉၈၃၃၇၄၉ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၈၄ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၈၂၄၆၂ ဦး ရှိလာကြောင်း သိရသည်။

**ပြန်လည်ကျန်းမာလာ**

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၈၀၇၀ ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၈၅၃၀၄၇၆ ဦး ရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၁၃၄ ဦး ရှိခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၉၆၆၃၇၄ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ ဘာသာပြန်-အလင်းသစ်**

■

# နယူးဇီလန်နိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၃၅ ဦး ထပ်မံတွေ့ရှိ

**ဝယ်လင်တန် ဒီဇင်ဘာ ၆**

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၃၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် လက်ရှိတွင် နိုင်ငံအတွင်း၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူစုစုပေါင်း ၉၁၇၁ ဦးရှိလာကြောင်း နယူးဇီလန် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူများအနက် နိုင်ငံ၏အကြီးဆုံးမြို့တော် အောက်ကလန်၌ ၁၂၅ ဦး၊ ဝိုင်ကာတို၌ ရှစ်ဦးနှင့် ကန်တာဘူရီ၌ နှစ်ဦးတို့ စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူများအနက် ခုနစ်ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၇၆ ဦးသည် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၁၉၆၁ ဦးရှိကြောင်း နယူးဇီလန် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**





## အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၃၀၆ ဦးရှိ

**နယူးဒေလီ ဒီဇင်ဘာ ၆**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၃၀၆ ဦးရှိရာ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၄၆၄၁၅၆၁ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၁ ဦး ထပ်တိုးလာခြင်းကြောင့် သေဆုံးသူပေါင်း ၄၇၃၅၃၇ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၉၈၄၁၆ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၈၈၃၄ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၄၀၆၉၆၀၈ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## ထိုင်းနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ စတင်တွေ့ရှိ

**ဗန်ကောက် ဒီဇင်ဘာ ၆**

ထိုင်းနိုင်ငံသို့ ရောက်ရှိလာသော အသက် ၃၅ နှစ်အရွယ်ရှိ ထိုင်းနွယ်ဖွားအမေရိကန် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးတွင် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံထားရသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

စပိန်နိုင်ငံမှ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသော အဆိုပါ အမျိုးသားအား လေဆိပ်၌ ကျန်းမာရေးစစ်ဆေးခဲ့ရာ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

စပိန်မှတစ်ဆင့် ဒူဘိုင်းတွင် ခရီးတစ်ထောက်နားခဲ့ပြီး ထိုင်းနိုင်ငံသို့ ဝင်ရောက်လာသော အဆိုပါအသက် ၃၅ နှစ်အရွယ်ရှိ အမျိုးသားသည် ခရီးစဉ်တစ်လျှောက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကာကွယ်ရေး နည်းလမ်းများကိုလည်း လိုက်နာဆောင်ရွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း ထိုင်းကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ယခုကဲ့သို့ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူကို စတင်စစ်ဆေးတွေ့ရှိခဲ့ခြင်းသည် ထိုင်းနိုင်ငံအတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်၌ ၎င်းအား ဗန်ကောက်မြို့ရှိဆေးရုံတစ်ရုံ၌ ဆေးဝါးကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ၎င်းသည် ကိုဗစ်-၁၉ ရောဂါလက္ခဏာမပြသဘဲ ရောဂါကူးစက်ခံရသူဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ထိုင်းနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၀၀၀ အား တွေ့ရှိခဲ့သည့်အတွက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂ ဒသမ ၁၄ သန်းကျော်ရှိကာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၀၉၆၆ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၆၆၂၄၁၂၃၀ | ဦး |
| သေဆုံးသူ | ၅၂၇၃၇၄၀ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၃၉၈၈၁၀၄၂ | ဦး |



## တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈ ဒသမ ၉ သန်းကျော် ရှိသွားပြီဖြစ်

**အန်ကာရာ ဒီဇင်ဘာ ၆**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၃၅၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ရောဂါကူးစက်ခံရသူပေါင်း ၈၉၀၁၁၁၇ ဦးရှိလာကြောင်း တူရကီနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၈၅ ဦး ထပ်မံတွေ့ရှိရာ အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၇၇၈၃၀ ရှိပြီး ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၄၂၇၈ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၆ ဒသမ ၃၇ သန်းကျော်ရှိကြောင်း၊ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၀ ဒသမ ၆၅ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေပေါင်း ၁၂၀ ဒသမ ၉၁ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## ဗြိတိန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၄၆ ဦးရှိလာ

**လန်ဒန် ဒီဇင်ဘာ ၆**

ဗြိတိန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၆ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၂၄၆ ဦးအထိ ရှိလာကြောင်း ဗြိတိန်ကျန်းမာရေးတာဝန်ရှိသူများက ယမန်နေ့တွင် ပြောကြားသည်။

နိုင်ငံအတွင်းလက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၄၆၄၃၈၉ ဦးရှိကြောင်း သိရသည်။ ထို့ပြင် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၄၅၆၀၅ ဦးရှိလာသည်။ ဗြိတိန်နိုင်ငံသို့ လာရောက်မည့် နိုင်ငံတကာမှ အသက် ၁၂ နှစ်နှင့်အထက် ကလေးငယ်များအပါအဝင် ခရီးသည်များသည် ဒီဇင်ဘာ ၇ ရက် ဂရင်းနစ်စံတော်ချိန် ၄ နာရီမှစတင်၍ ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုခံယူရန် လိုအပ်ကြောင်းနှင့် အဆိုပါစစ်ဆေးမှုများကို ခရီးစတင်မထွက်မီ ၄၈ နာရီအတွင်း စစ်ဆေးရန်လိုအပ်ကြောင်း ဗြိတိန်ကျန်းမာရေးဝန်ကြီး ဆာဂျစ်ဂျာဗက်က ပြောကြားသည်။

ဗြိတိန်နိုင်ငံသည် လက်ရှိအချိန်တွင် အိုမီခရွန်ဗီဇပြောင်းတွေ့ရှိသော တောင်အာဖရိကရှိ နိုင်ငံအများအပြားအား ခရီးသွားလာမှုဆိုင်ရာ သတိပေးအဆင့် သတ်မှတ်ထားပြီး ဒီဇင်ဘာ ၆ ရက် ဂရင်းနစ်စံတော်ချိန် ၄ နာရီမှစတင်၍ နိုင်ဂျီးရီးယားနိုင်ငံကိုလည်း ခရီးသွားလာမှုဆိုင်ရာ သတိပေးအဆင့်သတ်မှတ်လိုက်ကြောင်း သိရသည်။ လက်ရှိအချိန်၌ ဗြိတိန်နိုင်ငံအတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက်ရှိသူများ၏ ၈၈ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးစီးခဲ့ပြီး ၈၁ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံပြီးစီးခဲ့ကာ ၃၅ ရာခိုင်နှုန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်း ထိုးနှံမှုခံယူပြီးစီးကြောင်း သိရသည်။



**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# နွားထိုးကြီးမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ရက်စက်စွာ သတ်ဖြတ်မီးရှို့ခဲ့မှုကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦးတို့ မီးလောင်သေဆုံးကာ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ရက်စက်စွာသတ်ဖြတ်မီးရှို့ခဲ့မှုကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦးတို့ မီးလောင်သေဆုံးကာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၅ ရက် ည ၇ နာရီတွင် နွားထိုးကြီးမြို့နယ် လက်ဝဲမြင်းနီကျေးရွာနေ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဝင်း (၅၃) နှစ် (ဘ) ဦးကြည်သည် နေအိမ်၌ မိသားစုဝင်များ၊ ကျေးရွာရပ်မိရပ်ဖ ဦးဟန်ဝင်း(၄၈)နှစ် (ဘ)ဦးသောင်းကျင်တို့နှင့်အတူ စကားပြောနေစဉ် လက်နက်ငယ်များ ကိုယ်စီကိုင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်သမား ခုနစ်ဦးက ဆိုင်ကယ် လေးစီးဖြင့် ရောက်ရှိလာပြီး သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ကာ နေအိမ်အတွင်း လက်လုပ်ဗုံးများ ဖောက်ခွဲ၍ နေအိမ်အားမီးရှို့ကာ ပြန်လည်ထွက်ခွာသွားခဲ့သည်။

အကြမ်းဖက်သမားများ၏ ရက်စက်စွာ ပစ်သတ်မီးရှို့ခဲ့မှုကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဝင်း၊ သားဖြစ်သူ မောင်ဝေမင်းသူ (၂၅) နှစ်၊ ချွေးမဖြစ်သူ မခိုင်စိုးရည်(၃၀)နှစ် (ဘ)ဦးမောင်သိန်းနှင့် ဦးဟန်ဝင်းတို့ လေးဦးမှာ နေအိမ်အတွင်း မီးလောင်သေဆုံးခဲ့ပြီး ဦးဆန်းဝင်း၏ ဇနီးဖြစ်သူ ဒေါ်သန်းသန်းဆင့် (၅၂)နှစ် (ဘ) ဦးမှတ်တင်တွင် ယာပေါင်ကျည်ထိမှန်ဒဏ်ရာ တစ်ချက်နှင့် သားဖြစ်သူ မောင်ဖိုးလယ် (၁၇)နှစ်၏ ဝဲလက်မောင်း ကျည်ထိမှန်ဒဏ်ရာတစ်ချက်တို့ဖြင့် မီးလောင်နေသည့် အိမ်အတွင်းမှ ထွက်ပြေးခဲ့သဖြင့် အသက်ဘေးမှလွတ်မြောက်ခဲ့သည်။

အကြမ်းဖက်သူများ၏ မီးရှို့ခဲ့မှုကြောင့် ဦးဆန်းဝင်း၏ နေအိမ်မီးလောင်ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုအသေးစိတ်အား ဆက်လက်စစ်ဆေးလျက်ရှိကာ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးကုသမှုခံယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက မြင်းခြံမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် အခင်းဖြစ်ရပ်အနီးမှ အကြမ်းဖက်သူများ ပစ်ခတ်အသုံးပြုခဲ့သည့် ၁၂ ဗို့ကျည်ခွံ နှစ်ခု၊ ၅ ဒသမ ၅၆ ကျည်ခွံ ၆၀ နှင့် ၇ ဒသမ ၆၂ ကျည်ခွံ ၇၉ ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထိုကဲ့သို့ နိုင်ငံတော်၏ တည်ငြိမ်ရေးကို မလိုလားဘဲ ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများအား ရက်စက်စွာသတ်ဖြတ်မီးရှို့မှု ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးနှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**


ဖိုးလယ်(ဒဏ်ရာရ)


ဒေါ်သန်းသန်းဆင့်(ဒဏ်ရာရ)

## ရန်ကုန်- မန္တလေး မီးရထားလမ်းအား အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၆**

အကြမ်းဖက်အဖွဲ့များအနေဖြင့် အများပြည်သူအသုံးပြုလျက်ရှိသည့် ကားလမ်း၊ ရထားလမ်းများကို မိုင်းထောင်၊ ဖောက်ခွဲဖျက်ဆီးလျက်ရှိရာ



ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်ကျေးရွာအုပ်စု ရန်ကုန်-မန္တလေး မီးရထားလမ်း၊ မိုင်တိုင်(၃၆၄/၅)နှင့် မိုင်တိုင်(၃၆၄/၆)အကြား၌ ဒေသန္တရလက်လုပ်မိုင်း နှစ်လုံး ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထိုသို့ ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းကြောင့် ရထားသံလမ်းပျက်စီးမှုမရှိဘဲ ဖြတ်သန်းခုတ်မောင်းသော ရန်ကုန်- မန္တလေး ကုန်တင်ရထား အဆန်အမှတ်(GT-2096)၏ အတွဲအမှတ်(၃)စားအုန်းဆီတွဲ အောက်ခြေကြမ်းခင်းအနည်းငယ်ပျက်စီးခဲ့ပြီး စားအုန်းဆီကန် ဆီယိုစိမ့်မှုဖြစ်ပေါ်ခဲ့သည်။

ယင်းသို့ အများပြည်သူအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို ဖောက်ခွဲဖျက်ဆီးခဲ့သော အကြမ်းဖက်အဖွဲ့များအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဟိုင်းကြီးကျွန်းမြို့နယ် မြန်မာ့ပင်လယ်ပြင်အတွင်း စက်ချို့ယွင်းမှုဖြစ်ပွားခဲ့သည့် ငါးဖမ်းစက်လှေမှ လှေသားများအား ကူညီကယ်ဆယ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကျောက်ချောင်းကျေးရွာနေ ဦးဖိုးဇော်ပိုင်ဆိုင်သည့် အောင်သစ္စာအမည်ရှိ ငါးဖမ်းလှေသည် ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ဟိုင်းကြီးကျွန်းမြို့၏အရှေ့တောင်ဘက် ရေမိုင် ၁၈ ဒသမ ၅ မိုင်အနီး၌ စက်ချို့ယွင်းမှုကြောင့် ပုလဲကျောက်တန်းပေါ်သို့တင်၍ တိမ်းစောင်းမှုဖြစ်ပွားနေကြောင်း သတင်းအရ တပ်မတော်(ရေ)မှ တပ်မတော်သားများက စစ်ရေယာဉ်ဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စက်လှေတွင် လှေသား ၂၆ ဦးပါဝင်ပြီး ၎င်းတို့ကို စစ်ရေယာဉ်ဖြင့် သွားရောက်ကယ်ဆယ်ခေါ်ဆောင်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် တပ်မတော်သားများက ငါးဖမ်းစက်လှေမှ ပစ္စည်းများအား ကူညီရွှေ့ပြောင်းပေးပြီး လှေသားများ



အား သက်ဆိုင်ရာနေရာသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၁၂-၂၀၂၁ အင်္ဂါနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ ရတနသုတ်၊ တောရှုက်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၇:၃၀ | မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော် (အပိုင်း-၃) |
| ၀၇:၂၀ | စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၃) သင်တန်းဆင်း ဝုဏ်ပြုစစ်ရေးပြအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် | ၁၈:၀၀ | ပြည်တွင်းသတင်း |
| | | ၁၈:၃၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| | | ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာမျက်နှာဖုံး'** (အပိုင်း-၂၆) |
| ၀၉:၄၅ | ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ် | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၀:၀၀ | သတင်းထဲကသတင်း | | |
| ၁၀:၃၀ | မျှဝေအသိပေးကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး | ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၃:၃၀ | MRTV National News | ၂၁:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ **'မတူညီသောမေတ္တာများ'** (အပိုင်း-၄၀) |
| ၁၅:၀၀ | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'ရူပဗေဒဘာသာရပ်'** | | |
| ၁၆:၃၅ | မျှဝေအသိပေးကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး | ၂၂:၁၀ | ရုပ်မြင်သံကြားဇာတ်လမ်း **'ထာဝရမိတ်ဆွေဖြစ်ပါစေ'** |

**သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

| | |
|---|---|
| 07:01 | News |
| 07:26 | Global Partnership for Brighter Future: Finland National Day at Expo 2020 Dubai |
| 07:34 | Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi) |
| 07:41 | Lacquerware Technology College |
| 08:01 | Impressionist Myanmar Master Artist - U Lun Gywe |
| 08:17 | Gardener: King Orange Plantation |
| 08:32 | Travelogue: Ngwe Saung Beach |
| 08:52 | Friendship & Cooperation: Singapore 100 (SINGAPORE) |
| 09:01 | The Lapidarist |
| 09:17 | Robe Business in Ta Ma Ta Kaw |
| 09:31 | Kayah Traditional Dance |
| 09:45 | Betel Nut Farmer |

**MRTV NRC**

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
လယ်ဝါလိုတောင်ပေါ်ရိုးရာတီးဝိုင်း

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
သာယာလှပသဲဖြူကျွန်းအလှ

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ငှက်ပျောသီးမုန့်

**ချင်း (ဖလမ်း) (၀၉:၀၀ မှ ၁၀:၀၀)**
သင်မယ်၊ ရေးမယ် တို့ချင်းစာ(အပိုင်း-၂၀)

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်းရိုးရာဆေးအိုး၊ ဆေးတံအကြောင်း

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ကျိုက္ကမီရေလယ်ဘုရားနှင့်စက်စဲကမ်းခြေသို့ အလည်တစ်ခေါက်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
အလှမှာယဉ်၊ ဆေးဖက်ဝင်သည့် တရုတ်စံကားပွင့်လေးများ

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ထိန်းသိမ်းစို့လေ ရိုးရာအမွေ(ရှင်ပြုပွဲ)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၈)

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ဗိုင်ဝါးစကားပြောကြရအောင်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားရိုးရာဝက်အူချောင်း

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကံစမ်းမဲ'** |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၆) |
| ၁၁:၀၀ | ရွေးချယ်တင်မြှောက်ပုံစနစ် အမျိုးမျိုးအကြောင်းသိကောင်းစရာ (အပိုင်း-၂) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၆) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၌ တရားမဝင်ခွင့်ပြုချက်မဲ့ ဆူပူဆန္ဒပြမှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲထိန်းသိမ်းခြင်းများ ဆောင်ရွက်မှုအပေါ် မဟုတ်မမှန်သတင်းဖြန့်လွှင့်မှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်း (တောင်/အနောက်)ရပ်ကွက် ပန်းပင်ကြီးလမ်း၌ ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် တရားမဝင်ခွင့်ပြုချက်မဲ့ လူတစ်စုမှ ဆူပူအော်ဟစ်မှုများပြုလုပ်နေကြောင်း ဆူပူမှုကို မလိုလားသော ပြည်သူအချို့၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာသို့ သွားရောက်၍ လူစုခွဲထိန်းသိမ်းဆောင်ရွက်ခဲ့ရာ ဘိုဘိုစံ(၂၀)နှစ်(ဘ)ဦးမြင့်နိုင်၊ မောင်ကောင်း(၂၆)နှစ်(ဘ)ဦးမျိုးလင်း၊ ကျော်ဇင်ခန့်(၂၀)နှစ်(ဘ) ဦးအောင်ဇော်ထွန်း၊ အာကာကျော်(၁၉)နှစ်(ဘ)ဦးဇာနည်ထွန်း၊ ကိုကိုနိုင်(၂၀)နှစ် (ဘ) ဦးမျိုးစိန်၊ မင်းမင်းဦး(၂၆)နှစ်(ဘ)ဦးဝင်းဦး၊ မင်းဟိန်းခန့်(၂၁)နှစ်(ဘ) ဦးတင်သန်း၊ စည်သူ(၂၈)နှစ်(ဘ)ဦးစိုးမြင့်၊ ကရေဇင်(ခ)မှူးရာဇာ(၂၅)နှစ်(ဘ) ဦးတင်လှအောင်၊ မြကြူကြူသင်း(၂၉)နှစ်(ဘ) ဦးကျော်မင်းအောင်နှင့် ယဉ်မေအောင် (၁၅)နှစ် (ဘ) ဦးဇာနည်ထွန်း တို့အား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူများအနက်မှ ဘိုဘိုစံမှာ ဦးခေါင်းနှင့် လက်မောင်းပေါက်ပြဲဒဏ်ရာ၊ မောင်ကောင်းမှာ ဦးခေါင်းနှင့် ယာဘက်ဒူးခေါင်းပွန်းပဲ့ဒဏ်ရာ၊ ကရေဇင်(ခ)မှူးရာဇာမှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာနှင့် ဝဲဘက်ခြေသလုံးရိုးကျိုး ဒဏ်ရာများ အသီးသီးရရှိခဲ့ပြီး ဒဏ်ရာရရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နီးစပ်ရာ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

လက်ရှိအချိန်သည် နိုင်ငံတော်အား အရေးပေါ်အခြေအနေအဖြစ်ကြေညာထားပြီး အစိုးရအနေဖြင့် တိုင်းပြည်အေးချမ်းသာယာမှုရှိစေရေးဆောင်ရွက်လျက်ရှိသည့် ကာလတွင် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းအချို့၏ သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် တရားမဝင် ဆူပူအော်ဟစ်ဆန္ဒပြမှုများပြုလုပ်ရန် ကြိုးစားလုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။ ထိုကဲ့သို့ တရားမဝင်ခွင့်ပြုချက်မဲ့ ဆူပူအော်ဟစ်ဆန္ဒပြမှုများမှတစ်ဆင့် လမ်းများပိတ်ဆို့ခြင်း၊ မီးလောင်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်မှုများအဖြစ် အဆင့်ဆင့် လုပ်ဆောင်လာခဲ့ကြောင်း တွေ့ရှိရသည်။

ထိုကဲ့သို့ အများပြည်သူထိခိုက်နစ်နာ၍ အသက်အန္တရာယ်ကိုပါစိုးရိမ်ရသည့် အခြေအနေသို့ မရောက်ရှိစေရန်အတွက် တရားမဝင်ခွင့်ပြုချက်မဲ့ ဆူပူအော်ဟစ်ဆန္ဒပြသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့ပြီး ထိုသို့ ဆောင်ရွက်မှုတွင် လူသေဆုံးမှု မရှိခဲ့ဘဲ ထိခိုက်ဒဏ်ရာရရှိသူ သုံးဦးသာ ရှိခဲ့ပြီး နီးစပ်ရာ တပ်မတော်ဆေးရုံတွင် အနီးကပ်ကြပ်မတ်ကုသ ဆောင်ရွက်ပေးလျက်ရှိသည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ အချို့သော သံရုံးများနှင့် သတင်းမီဒီယာများ၊ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန် ထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း၊ သတင်းမှားများ ဖြန့်ချိခြင်းတို့ဖြင့် ပြည်သူလူထုအား ထိတ်လန့်စိုးရိမ်မှုများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။

ယခုကဲ့သို့ တရားမဝင်ဆူပူအော်ဟစ်ဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပွားလာစေရန် လူပုဂ္ဂိုလ်အချို့နှင့် အဖွဲ့အစည်းအချို့၏ သွေးထိုးလှုံ့ဆော်မှုများကို ပြည်သူလူထုအနေဖြင့် နားမယောင်မိစေရန်နှင့် သတင်းမှန်အား သိရှိနိုင်စေရေးအတွက် ထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု မြင်သာယာကျေးရွာရှိ နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ခိုင်ဝင်းဇော်(ခ)မွှေးနီ မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၇၆ ကီလိုကိုလည်းကောင်း၊

ထို့အတူ ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် တောင်ရှည်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့နယ် လသာကျေးရွာအနီး မြစ်ကြီးနား-တနိုင်းသွားကားလမ်း၌ စစ်ဆေးရေးဆောင်ရွက်စဉ် အမျိုးသားတစ်ဦး (စိစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ဒီဇင်ဘာ ၅ ရက် ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် ကျောက်ပါကျေးရွာအုပ်စု ရှမ်းကုန်းစံကျေးရွာအနီးတွင် သက်သက်အောင်မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၁ ကီလိုနှင့် စိတ်ကြွ ရူးသွပ်ဆေးပြား ၃၈၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေးမြို့နယ် အဘော်ကျေးရွာအုပ်စု အဘော်ကျေးရွာ၌ မောင်ထွန်း(ခ)ဗညားထွန်းနှင့် လူလေးတို့နှစ်ဦးကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်ရွှေမြို့နယ် ကျောက်တိုင်ကျေးရွာအုပ်စု ကျွန်းတောင်ကျေးရွာအနီးတွင် လှထွေးမောင်းနှင်ပြီး ဟိန်းထွန်းဇော်လိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၆၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့ အမှတ်(၁)ရပ်ကွက်နေ ထွန်းလူ(ခ)အားဟွာ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၉ ကီလိုနှင့် ဘိန်းစိမ်းတစ်ကီလိုတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



မောင်ထွန်း(ခ)ဗညားထွန်းနှင့် လူလေးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



## တောင်ငူမြို့မဈေးကြီး မီးဘေးအန္တရာယ် ကာကွယ်ရေးသရုပ်ပြ

**တောင်ငူ ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မြို့မဈေးကြီးအတွင်း ယနေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ပူးပေါင်းကာ ဈေးသူဈေးသားများနှင့်အတူ မြို့မဈေးကြီး ရုံအမှတ် (၁၅) ၌ မီးငြိမ်းသတ်ခြင်း သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်သည်။

ဆက်လက်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးကိုကိုဌေးက မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အန္တရာယ်မရှိစေရေးအတွက် အမြန်မီးငြိမ်းသတ်ခြင်းများ၊ မီးဘေးအန္တရာယ်အရေးပေါ် အချက်ပေးခြင်းများ၊ မီးသတ်ဆေးဘူးအသုံးပြုပုံများနှင့် မီးလောင်မှုကို မီးသတ်ဆေးဘူးများဖြင့် ကနဦးငြိမ်းသတ်ခြင်း၊ မီးသတ်ပိုက်လိုင်းဖြင့် ငြိမ်းသတ်ခြင်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီလွင်စိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်ဖြိုးနှင့် တာဝန်ရှိသူများက မြို့မဈေးကြီးအတွင်း ရောင်းချနေသည့် ဈေးဆိုင်များ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ကိုလွင်**



## မင်္ဂလာဒုံမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်


**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း (၁/၂၀၂၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မင်္ဂလာဒုံမြို့နယ် မီးသတ်စခန်း၌ ကိုယ်ဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၂) ဦးစိုးသန်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်ခိုင်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အရန်မီးသတ်တပ်ဖွဲ့ သင်တန်းသား ၅၀ ကို ဒီဇင်ဘာ ၆ ရက်မှ ၃၀ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခွဲအထိ ရက်သတ္တလေးပတ်ကြာ မီးသတ်ပညာ၊ ရှာဖွေကယ်ဆယ်ရေးပညာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင် (၂)၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြောက်ပိုင်းခရိုင် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးနေဆန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးမြင့်ဆွေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

# ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း အကြမ်းဖက်သမားများနှင့် လက်နက်/ခဲယမ်းများ ပို့ဆောင်ပေးလျက်ရှိသည့် တရားခံများအား ဖမ်းဆီးရရှိမှု အခြေပြဇယား




❒ **ရောဝတီတိုင်းဒေသကြီးမှ** သံလိုက်အိမ်မြှောင် နှစ်ခုတို့ဖြင့်လည်းကောင်း၊ **စုလှိုင်မိုး**(၂၅)နှစ်၊ **တင်လှ** (၅၂) နှစ်၊ **ဖြိုးလေး(ခ) ကိုဖြိုး**(၃၀)နှစ်တို့ သုံးဦးကိုလည်းကောင်း၊ **ဖြိုးလေး(ခ) ကိုဖြိုး**၏ ထွက်ဆိုချက်အရ ပုသိမ်မြို့နယ် တိုက်ကြီးကုန်းကျေးရွာ၌ **ဇော်မင်းထွန်း(ခ)ကုလား** (၃၆) နှစ်ကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ထပ်မံဖမ်းဆီးရမိ**

တရားခံများ၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၃ ရက်တွင် ပုသိမ်မြို့နယ် တိုက်ကြီးကုန်းကျေးရွာနေ **နီနီ(ခ)ဘာဘူလေး** (၃၈)နှစ်ကို လည်းကောင်း၊ အိမ်ချောင်းကလေး ကျေးရွာစက်လှေဆိပ်၌ **အောင်ဖြိုးမင်း(ခ) ဖြိုးကြီး**(၂၀)နှစ်နှင့် **စိုးယုကျော် (ခ) ဒေဝ**(၂၆)နှစ်တို့ကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **စိုးပိုင်ဦး**၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၄ ရက်တွင် ပုသိမ်မြို့နယ် လင်းဝင်းကြီးအုပ်စု ကွက်ပြင်ကြီးကျေးရွာနေ **ခင်သန်း** (၅၈)နှစ်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ထွက်ဆိုချက်အရ ပိတောက်ချောင်းကုန်းကျေးရွာရှိ ဖမ်းဆီးရန်ကျန် **အေးသောင်း** နေအိမ်အနောက်ဘက်၌ ပစ္စတိုသေနတ်တစ်လက်၊ ပွိုင့် ၃၈၀ ပစ္စတိုကျည် ၁၉ တောင့်၊ ကျည်အိမ် နှစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားခံ **ဖြိုးလေး(ခ)ကိုဖြိုး**၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၄ ရက်တွင် ပုသိမ်မြို့ (၁၀)ရပ်ကွက် (၁၀) လမ်းမကြီးရှိ ဖမ်းဆီးရန်ကျန် **ဒေါ်မြနှစ်** နေအိမ်၌ ယမ်းထုပ်ငါးထုပ်၊ ချိန်ကိုက်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် စားပွဲတင်နာရီ ၁၀ လုံး၊ ဒီတိုနေတာ အချောင်း ၅၀ နှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

တရားခံ **စိုးယုကျော်**၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၅ ရက်တွင် ငပုတောမြို့နယ် ဂုံညှင်းတန်းအုပ်စု လဲလောင်းကျေးရွာအနီး ခြေတော်ရာ ဘုန်းကြီးကျောင်းအား ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်ရှင်းလင်းခဲ့ရာ **ဦးပညာနန္ဒ(ခ) ကြည်ညွန့်**(၆၆)နှစ်ကို **ပစ္စတိုတစ်လက်**၊ ကျည်အိမ် နှစ်ခု၊ ၉ မမ ကျည်အတောင့် ၂၀၊ **M16 တစ်လက်**၊ ကျည်အိမ်လေးခု၊ ၅ ဒသမ ၅၆ ကျည် ၉၆ တောင့်၊ ရှေ့ထွက်မိုင်း သုံးလုံး၊ ကျောပိုးအိတ် ငါးလုံး၊ Keypad ဖုန်းရှစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ **စိုးပိုင်ဦး**၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၅ ရက်တွင် ပုသိမ်မြို့ (၁၀) ရပ်ကွက် စက်ကုန်းလမ်းတွင် **ဖိုးထွေး**(၅၁)နှစ်ကို ပွိုင့်-၂၂ တစ်လက်၊ ကျည် ၆၈ တောင့်ဖြင့်လည်းကောင်း၊ လက်နက်/ခဲယမ်းများ သိုဝှက်သိမ်းဆည်းရာတွင် ပူးပေါင်းပါဝင်သည့် ဆက်စပ်တရားခံများဖြစ်သော **သော်ဇင်ခြိုး(ခ)ကိုခြိုး**(၂၅)နှစ်၊ **ထူးဝေ(ခ) ဟန်မျိုးဦး** (၂၃)နှစ်၊ **စိုးသက်ခိုင်(ခ) သားပု** (၂၁)နှစ်တို့ သုံးဦးကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ဖမ်းဆီးရမိ**

ဖြစ်စဉ်တွင် တရားခံ **ကျား ၁၄ ဦး၊ မ နှစ်ဦး၊ ပေါင်း ၁၆ ဦး**တို့ကို လက်နက်မျိုးစုံ လေးလက်၊ ကျည်အိမ်မျိုးစုံ ရှစ်ခု၊ ကျည်မျိုးစုံ ၂၀၃ တောင့်၊ ရှေ့ထွက်မိုင်း သုံးလုံး၊ ဒီတိုနေတာ ၅၅ ချောင်း၊ ယမ်းထုပ်ငါးထုပ်၊ လက်လုပ်သေနတ်ပြုလုပ်ရန် ဆင်ထားသည့် ပိုက်သုံးခု၊ Laptop တစ်လုံး၊ သံလိုက်အိမ်မြှောင် နှစ်ခု၊ ဖောက်ခွဲရေးဆက်စပ် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံများ၏ ထွက်ဆိုချက်အရ KNLA တပ်မဟာ(၆)တွင် ထွက်ပြေးတိမ်းရှောင်နေသူ ဖမ်းဆီးရန်ကျန် **ဂျပန်ကြီး**မှ ရန်ကုန်မြို့နေ ဖမ်းဆီးရန်ကျန် **ဖိုးလပြည့်(ခ) လပြည့်**နှင့် ချိတ်ဆက်၍ လက်နက်/ခဲယမ်းများအား ဂက်စ်အိုးများအတွင်း ထည့်သွင်းကာ ရန်ကုန်-ပုသိမ်ပြေးဆွဲသော ခရီးသည်တင်ယာဉ်များဖြင့် **စိုးပိုင်ဦး**ထံ ပို့ဆောင်ခဲ့ကြောင်းနှင့် ၎င်းမှတစ်ဆင့် လက်နက်သယ်ဆောင်ပေးမည့်သူများဖြစ်သည့် **ဘယ်ကျော်**ထံ သို့လည်းကောင်း၊ ဖမ်းဆီးရန်ကျန် **ချစ်ပိုင်စိုး**မှတစ်ဆင့် **ခင်သန်း** ထံသို့လည်းကောင်း၊ ဖမ်းဆီးရန်ကျန် **ဆရာဇော်**မှတစ်ဆင့် ပုသိမ်မြို့ (၁၀) ရပ်ကွက် စက်ကုန်းလမ်းနေ **ဖိုးထွေး**ထံသို့လည်းကောင်း၊ ဖမ်းဆီးရန်ကျန် တရားခံဖြစ်သည့် **ရဲခေါင်**မှတစ်ဆင့် ငပုတောမြို့နယ် လဲလောင်းကျေးရွာအနီး ခြေတော်ရာ ဘုန်းကြီးကျောင်းရှိ **ဦးပညာနန္ဒ (ခ) ကြည်ညွန့်**၊ ဖမ်းဆီးရန်ကျန် **တိုက်ဂါး**၊ **ဆိတ်ကြီး**၊ **ကောင်းကောင်း**တို့ထံသို့ ပေးပို့ထားရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ပို့ဆောင်ပေးခဲ့**

ထို့အပြင် တရားခံများ၏ ထွက်ဆိုချက်အရ **ဂျပန်ကြီး**မှ ပေးပို့သည့် ဒီတိုနေတာများနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများအား **စိုးပိုင်ဦး**သည် **ကိုဖြိုး(ခ) ဖြိုးလေး**မှတစ်ဆင့် မအူပင်မြို့နယ်နေ ဖမ်းဆီးရန်ကျန် **ကျားကြီး**ထံသို့ လည်းကောင်း၊ ကြံခင်းမြို့နယ်နေ ဖမ်းဆီးရန်ကျန် **မတင်ညွန့်**ထံသို့ လည်းကောင်း ခရီးသည်တင် ယာဉ်လိုင်းများဖြင့် ပို့ဆောင်ပေးခဲ့ကြောင်းနှင့် **စိုးယုကျော်(ခ)ဒေဝ**သည် **ရဲခေါင်**မှ ပေးပို့သည့် ဖောက်ခွဲရေးပစ္စည်းများအား ငပုတောမြို့နယ် ဂုံညှင်းတန်းအုပ်စု လဲလောင်းကျေးရွာရှိ **အေးမြင့်**ထံပေးပို့ခဲ့ရာ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **အေးမြင့်**၊ **ရဲခေါင်**၊ **တိုက်ဂါး**၊ **ဆိတ်ကြီး**နှင့် **ကောင်းကောင်း**တို့ ငါးဦးမှ လက်လုပ်မိုင်းများ ပြုလုပ်ခဲ့ပြီး ဖမ်းဆီးရန်ကျန် **မင်းမင်းဦး**မှ လက်လုပ်မိုင်းများအား ငပုတောမြို့နယ် ဂုံညှင်းတန်းအုပ်စု လဲလောင်းကျေးရွာနေ ဖမ်းဆီးရန်ကျန် **တူကယ်**ထံသို့ ပို့ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ ယခုဖမ်းဆီးရမိတရားခံများသည် ဖမ်းဆီးရန်ကျန် ပုသိမ် PDF အကြမ်းဖက်အဖွဲ့မှ **နန္ဒ**၏ စေခိုင်းမှုဖြင့် အစိုးရ၏အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်၍

**စာမျက်နှာ ၁၇ သို့** ■



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ပုသိမ်မြို့ (၁၀)ရပ်ကွက် စက်ကုန်းရပ်၌ ဖမ်းဆီးရမိသည့် ဖောက်ခွဲဖျက်ဆီးရေး ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ငပုတောမြို့နယ် ဂုံညှင်းတန်းအုပ်စု လဲလောင်းကျေးရွာအနီး ခြေတော်ရာဘုန်းကြီးကျောင်း၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အမှုထမ်းများအခြေခံသင်တန်း အမှတ်စဉ်(၁၄)ဖွင့်လှစ်



**နေပြည်တော် ဒီဇင်ဘာ ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒုတိယ ဦးစီးမှူးအဆင့် အမှုထမ်း ၈၁ ဦးတို့ကို လုပ်ငန်း စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် အမှုထမ်း များ အခြေခံသင်တန်း အမှတ်စဉ်(၁၄) ဖွင့်ပွဲအခမ်း အနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ် (၅၈) အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ် ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ်များ၊ ဦးစီးရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းတာဝန်ခံများနှင့် သင်တန်းသား သင်တန်း သူများသည် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန် ထားသော ကိုဗစ်-၁၉ လမ်းညွှန်ချက်နှင့်အညီ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး မြို့နယ် လေးမြို့နယ်၌ ဆောင်းရာသီကာလတွင် ကြံစိုက်ဧက ၂၅၀၀၀ ကျော် စိုက်ပျိုးသွားမည်

**မန္တလေး ဒီဇင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး မြို့နယ် လေးမြို့နယ်၌ သကြားစားသုံးမှု ဖူလုံစေရန်အတွက် ဆောင်းရာသီကာလတွင် ကြံစိုက်ဧက ၂၅၀၀၀ ကျော်ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါကြံသီးနှံကို ပြင်ဦးလွင်ခရိုင်ရှိ မြို့နယ် လေးမြို့နယ်မှ တောင်သူများကို မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပြီး မြို့နယ်အလိုက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ခရိုင်တွင် မတ္တရာမြို့နယ်၌ ၂၀၀၈ ဧက၊ စဉ့်ကူးမြို့နယ်၌ ဧက ၇၅၀၀၊ သပိတ်ကျင်းမြို့နယ်၌ ဧက ၅၂၀၀ နှင့် တကောင်းမြို့နယ်၌ ဧက ၁၀၄၀၀ စုစုပေါင်း စိုက်ဧက ၂၅၁၀၈ ဧကကို ယခုဒီဇင်ဘာလမှစ၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခိုင်မိုမိုဇင်က ပြောသည်။

"ကြံသီးနှံသက်တမ်းက တစ်နှစ်ပျမ်းမျှရှိပါတယ်။ စိုက်ပျိုးချိန်က လည်း ဒီဇင်ဘာလကနေ မတ်လအတွင်း စိုက်ပျိုးပါတယ်။ တစ်နှစ်ကို တစ်ကြိမ် စိုက်ပါတယ်။ ဆောင်းကြံပါ။ ကြံသီးနှံက တစ်နှစ်ပတ်လုံး စိုက်တာဖြစ်တယ်။ မြေတွင်းအစိုဓာတ်ကို ကြိုက်နှစ်သက်တဲ့သီးနှံဖြစ် ပါတယ်။ မခြောက်သွေ့လွန်း၊ မပူလွန်းတဲ့နေရာတွေမှာ စိုက်ပျိုး ဖြစ်ထွန်းပါတယ်။ တောင်သူတွေအဆင်ပြေစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဌာနကနေပြီးတော့ သကြားစက်ရုံတွေနဲ့ တောင်သူတွေကြား ညှိနှိုင်း ပြီး ကြိုတင်စိုက်ပျိုးစရိတ်ထုတ်ချေးပေးခြင်းဖြင့် ကန်ထရိုက် လယ်ယာစနစ်(Contract Farming) ဆောင်ရွက်ပေးထားပါတယ်။ ကြံကို စနစ်တကျစိုက်ပျိုးပြီး ပြုစုပျိုးထောင်ပေးမယ်ဆိုရင် ဝင်ငွေ ကောင်းတဲ့သီးနှံတစ်ခုဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ စိုက်ပျိုးသင့် ပါတယ်။ ခုချိန်မှာ သကြားဈေးနှုန်းတွေကလည်း မြင့်တက်လာတဲ့ အတွက် ဝင်ငွေတွေလည်း တိုးတက်လာမှာပါ"ဟု ၎င်းကပြောသည်။

ဆက်လက်၍ "ကြံစိုက်ပျိုးခြင်းကြောင့် ပြည်တွင်းသကြားစားသုံးမှု ဖူလုံစေတယ်။ ပိုလျှံနေတဲ့ သကြားတွေကိုလည်း ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်ဖို့အတွက် ရည်ရွယ်ပြီး စိုက်ပျိုးခြင်းဖြစ်ပါတယ်။ ပြည်ပက ဝင်ရောက်လာတဲ့ သကြားဈေးနဲ့ ယှဉ်ပြိုင်နိုင်ဖို့အတွက် ပြည်တွင်းမှာ သကြားဈေးကွက် ခိုင်မာစွာရှိဖို့လည်း လိုအပ်ပါတယ်။ ထုပ်ပိုးနည်း ပညာတွေလည်း ဆောင်ရွက်နေပါတယ်။ ကြံသီးနှံဟာ ရာသီသီးနှံ မဟုတ်ဘဲ တစ်နှစ်လုံးကို အချိန်ပေးပြီး စိုက်ပျိုးရတဲ့အတွက် အဓိက တော့ တောင်သူတွေအတွက် ခိုင်မာတဲ့ဈေးကွက်တွေ ရစေချင်ပါတယ်" ဟု ၎င်းက ရှင်းပြသည်။

ကြံစိုက်ပျိုးရာတွင် ကြံသီးနှံမျိုးကွဲပေါင်း ၁၈ မျိုးရှိပြီး တိုင်းဒေသကြီး



အတွင်း၌ ၎င်းမျိုးကွဲများအားလုံးကို စိုက်ပျိုးလျက်ရှိကြောင်း၊ ဒေသ မျိုးရင်းအနေဖြင့် CO-775၊ F-15C၊ ရေဆင်း (၁)၊ VM C- 74၊ 527 နှင့် ရေဆင်း(၂) ဟူ၍ ဒေသမျိုး ငါးမျိုးနှင့် အခြားအထွက်ကောင်းမျိုး ၁၃ မျိုးရှိကြောင်း၊ ကြံတစ်ဧကလျှင် ကုန်ကျစရိတ်အနေဖြင့် လက်ရှိ ဈေးတက်နေသည့် မြေသြဇာနှုန်းနှင့် တွက်ကြည့်ပါက ငွေကျပ် ၁၁ သိန်းကျော်ကုန်ကြကြောင်း၊ ပုံမှန်ဈေးနှုန်းများဆိုပါက ငွေကျပ် ၁၀ သိန်းဝန်းကျင်ခန့်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

■ **စာမျက်နှာ ၁၆ မှ**

နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ ပြည်သူများအား ဒလန်ဟု စွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ခြင်း၊ ပြည်သူလူထု အထိတ်တလန့် ဖြစ်စေရန် ရည်ရွယ်၍ အများ ပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်မည့်သူများ၊ လက်နက် / ခဲယမ်းများနှင့် ဖောက်ခွဲရေး ပစ္စည်းများအား ပို့ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အဆိုပါ အကြမ်းဖက်အဖွဲ့များ ထံ လူ၊ လက်နက်၊ ခဲယမ်းများနှင့် ဖောက်ခွဲရေး ပစ္စည်းများအား ပို့ဆောင်ပေးလျက်ရှိသော ဖမ်းဆီး ရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှား သွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် သက်ဆိုင်ရာက မေတ္တာရပ်ခံထားသည်။

**သတင်းစဉ်**



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ငပုတောမြို့နယ် လဲလောင်းကျေးရွာအနီး ခြေတော်ရာဘုန်းကြီးကျောင်း၌ သိမ်းဆည်းရမိသည့်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ပုသိမ်မြို့ (၁၀)ရပ်ကွက် စက်ကုန်းလမ်းနေ တရားခံ ဖိုးထွေး၏ နေအိမ်မှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

# နိုဝင်ဘာလတွင် မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ခရီးသွား ၃၀၀၀ ကျော် အပန်းဖြေ အနားယူခဲ့

ရန်ကုန် ဒီဇင်ဘာ ၆
ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်းဘေးမဲ့တော အပန်းဖြေစခန်းသို့ ခရီးသွားရာသီအစ နိုဝင်ဘာလတွင် ခရီးသွား ၃၀၀၀ ကျော် အပန်းဖြေအနားယူခဲ့ကြောင်း သိရသည်။



**ဝင်ရောက်ကျက်စား**

ဆောင်းရာသီ၌ မြန်မာနိုင်ငံသို့ ကမ္ဘာ့မြောက်ဝင်ရိုးစွန်းမှ ဆောင်းခိုငှက်များ ဝင်ရောက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ရေပျော်ဆောင်းခိုငှက်များ ဝင်ရောက်ကျက်စားလျက်ရှိပြီး ခရီးသွားရာသီဖြစ်သည့်အလျောက် အပန်းဖြေအနားယူသူတို့ တဖွဲဖွဲဝင်ရောက်လျက်ရှိသည်။ မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ဧပြီလနှင့် မေလတွင် တစ်ရက်လျှင် ခရီးသွား ၂၈၀၀ ကျော် လာရောက်အပန်းဖြေခဲ့ပြီး အောက်တိုဘာလတွင် ခရီးသွားလျော့ကျခဲ့သော်လည်း ခရီးသွားရာသီအစ နိုင်ဝင်ဘာလ၌ ခရီးသွား ၃၀၀၀ ကျော် ဝင်ရောက်ခဲ့သည်။

"ခရီးသွားရာသီမှာ ရှေ့ဆက်ပြီး ခရီးသွား ပိုပြီးဝင်ရောက်နိုင်တယ်။ ဩဂုတ်လမှာ ခရီးသွား ၄၀၅ ဦး၊ အောက်တိုဘာလမှာ ခရီးသွား ၉၇၀ ဝင်ရောက်ခဲ့ပြီးတော့ နိုဝင်ဘာလမှာ ၃၀၀၀ ကျော် လာရောက်အပန်းဖြေကြတဲ့အတွက် အောက်တိုဘာလကစပြီး ခရီးသွားတိုးလာတယ်လို့ ပြောလို့ရပါတယ်။ ယခင်လထက်စာရင် ဆောင်းခိုငှက် ပိုပြီးဝင်ရောက်လာလို့ ဒီလဆိုရင် ကြိုးကြာငှက်ကိုလည်း တွေ့လာရပါပြီ။ ဒီဇင်ဘာလဟာ အပန်းဖြေလာရောက်သူတွေနဲ့ငှက်ကြည့်ဝါသနာရှင်တွေ နှစ်ခြိုက်တဲ့လဖြစ်တဲ့အတွက် ပြီးခဲ့တဲ့လထက် ခရီးသွားပိုပြီးဝင်ရောက်နိုင်မယ်လို့ မှန်းထားပါတယ်။ လက်ရှိမှာ ကိုဗစ်ရောဂါထိန်းချုပ်ကာကွယ်ရေးကိုလည်း ဂရုပြုရမှာဖြစ်တဲ့အတွက် ခရီးသွား အတက်အကျကို နှစ်ဆန်းပိုင်းမှာ ပိုပြီး ခန့်မှန်းလို့ရနိုင်ပါပြီ"ဟု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တာဝန်ခံက ပြောကြားသည်။

**ဆက်လက်ဝင်ရောက်**


ယခုဆောင်းရာသီတွင် ယခင်နှစ်ကထက်စော၍ မိုးယွန်းကြီးအင်းသို့ ဆောင်းခိုငှက်များ အောက်တိုဘာလကုန်ပိုင်းမှစတင်ဝင်ရောက်ခဲ့ပြီး နိုဝင်ဘာလတွင် ကြိုးကြာ၊ ရေကြက်ဒုံ၊ ဘဲရစ်၊ ဒုံးငှက်စသောဆောင်းခိုငှက်များ ဆက်လက်ဝင်ရောက်ခဲ့သည်။

ယမန်နှစ်ဆောင်းရာသီတွင် ဆောင်းခိုငှက်မျိုးစိတ် ၄၀ ခန့် ဝင်ရောက်ခဲ့ပြီး ယခုနှစ် နိုဝင်ဘာလ၌ ဆောင်းခိုငှက်မျိုးစိတ် ၂၆ မျိုး စတင်ဝင်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံသို့ ဆောင်းခိုငှက်များ ပုံမှန်အားဖြင့် နိုဝင်ဘာလဆန်းပိုင်းတွင် စတင်ဝင်ရောက်လေ့ရှိ၍ မေလဆန်း၌ ပြန်လည်ထွက်ခွာလေ့ရှိရာ ဆောင်းခိုငှက်အများဆုံး ဝင်ရောက်တတ်သော ဒီဇင်ဘာလသည် အပန်းဖြေသူနှင့် ငှက်ဝါသနာရှင်တို့ဖြင့် အထူးစည်ကားလေ့ရှိသည်။ ငှက်ကြည့်ဝါသနာရှင်များ စိတ်ဝင်စားကြသည့် ဘဲမျိုးစိတ်များဖြစ်သော တောဝမ်းဘဲ၊ ဘဲအ၊ ဘဲရစ်၊ ဘဲဖြူ၊ ဒုံး၊ ဒေါင်းလန်းခြေထောက်၊ မြစ်တွေးငှက်၊ ခရုတုတ်ခေါင်းမည်း၊ ရေညှောင့်၊ ဒီလုံး၊ နှုတ်သီးရှည်ငှက်၊ စနိုက်၊ ရေကြက်၊ တလိုင်းခေါင်း၊ ရေကြက်ဒုံ စသည့် ဆောင်းခိုငှက်အချို့ ဝင်ရောက်ကျက်စားလျက်ရှိပြီး ဌာနေငှက်များဖြစ်သည့် ရေစစ်စလီ၊ ခရုတုတ်၊ ငှက်ကျား၊ ကြိုးကြာ၊ မယ်ညို၊ ကြာဖက်နင်းနှင့် ဗျိုင်းမျိုးစိတ်များလည်း ဆောင်းခိုလျက်ရှိသည်။

**ထိန်းသိမ်းလျက်ရှိ**

ဧက ၂၅၆၀၀ ကျယ်ဝန်းသော မိုးယွန်းကြီးအင်းဘေးမဲ့တောသည် မြန်မာနိုင်ငံတွင် ပထမဆုံးရေဝပ်ဒေသ(Ramsar Site)အဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဆောင်းခိုငှက်များ ဝင်ရောက်ရာ အရှေ့အာရှ-ဩစတြေးလျဒေသ ဆောင်းခိုငှက်များ ပျံသန်းရာလမ်းကြောင်း ပူးပေါင်းထိန်းသိမ်းရေးအဖွဲ့ (EAAFP)အဖွဲ့၏ Flyway Network Site အဖြစ် လည်းကောင်း ၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကို ရရှိထားပြီး ငှက်ကို အဓိကထား ထိန်းသိမ်းရာနေရာဖြစ်သောကြောင့် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသောငှက်မျိုးစိတ်များကို ထိန်းသိမ်းလျက်ရှိသည်။ ဘေးမဲ့တော ရေရှည်တည်တံ့နိုင်ရန်နှင့် ဒေသခံတို့၏ အသက်မွေးမှုကို စဉ်ဆက်မပြတ်စေရန် သစ်တောဦးစီး ဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး ခရီးသွားရာသီအစဖြစ်သော နိုဝင်ဘာလ၌ မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ အပန်းဖြေခရီးသွား ၃၀၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

သတင်း - ညိမ်းသူ (သတင်းစဉ်)
ဓာတ်ပုံ - ကနူး








## မြစ်မိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်

တောင်ငူ ဒီဇင်ဘာ ၆
ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်သည် တောင်ငူခရိုင်ဦးစီးမှူး ဦးစိုးနိုင်၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းခိုင်တို့နှင့်အတူ ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက တောင်ငူမြို့နယ် ချောင်းဖြူကျေးရွာအုပ်စု ချောင်းဖြူ(အလယ်)ကျေးရွာတွင် မြစိမ်းရောင် စီမံကိန်း ရန်ပုံငွေ အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၁၄ သန်းနှင့် ပြည်သူလုပ်အား၊ ပစ္စည်းထည့်ဝင်ငွေကျပ် ၃ ဒသမ ၈ သန်း ဖြင့် ကျေးရွာတွင်းလမ်း အရှည် ပေ ၈၅၀၊ အကျယ် ၁၀ ပေ၊ ဒု ရှစ်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြစိမ်းရောင် စီမံကိန်း ကျေးရွာကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဆောင်ရွက်ပြီးသော လုပ်ငန်းများကို ရေရှည်ကောင်းမွန်အောင် ထိန်းသိမ်းရန်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

## ကျောက်မြောင်းမြို့ ရတနာသိမ်တံတားအနီးတွင် ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်

နေပြည်တော် ဒီဇင်ဘာ ၆
စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝမြစ်ချောင်းဆည်တမံများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာများ ပိုမိုစားသုံးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့ ရတနာသိမ်တံတားအနီးတွင် ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။



အဆိုပါ အခမ်းအနားသို့ ကျောက်မြောင်းမြို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ရွှေဘိုငါးလုပ်ငန်းစခန်း တာဝန်ခံနှင့် ဝန်ထမ်းများ၊ ရေလုပ်သားများ တက်ရောက်ကြပြီး ရွှေဘိုငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၂၈၅၀၀၀ အား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

သားဖြစ်သူ၏သတင်းကို ကြားရသည်။ သား၏ ခံစားချက်များကို နားလည်ရသည်ဆိုလျှင် ဒေါ်သူဇာ၏ရင်မှာ မကောင်းနိုင်။ အင်း၊ သားကို ဖျက်ဆီးလိုက်တာ သူ့အဖေပဲ။ ကိုကောင်းမိုးပဲ။ သင်းကြောင့် သား ပျက်စီးရတာ စသည်ဖြင့် ဒေါ်သူဇာ တွေးသည်။

သားတို့ကျောင်းများ ပြန်ဖွင့်ရက် နီးလေပြီ။ သားသည် ကျောင်းအကြောင်းကို စကားစပ်၍သော်မျှ မပြော။ ဆယ်တန်းစာမေးပွဲအောင်သည်ဆိုစဉ်က ဝမ်းသာပုံမပြ။ မည်သို့ပင်ဖြစ်စေ ဒေါ်သူဇာသည် သားကို ကောလိပ်သို့ သွားစေချင်သည်။ ကောလိပ်ကျောင်းသား ဖြစ်စေချင်သည်။ ဘီအေလောက်တော့ အောင်စေရမည်ဟု ရည်မှန်းထားသည်။ သား၏ ပညာဆုံးခန်းတိုင်ကာ အလုပ်အကိုင်နှင့် အခြေတကျဖြစ်လာလျှင် မိမိနားရတန်ကောင်းပါရဲ့ ထင်သည်။ သည်တော့လည်း ပစ္စက္ခအခြေအနေအရ သားနှင့် စပ်လျဉ်းသော သတင်းစကားများမှာ ဒေါ်သူဇာအဖို့ စိတ်ပျက်ဝမ်းနည်းဖွယ်ချည်း ဖြစ်လာသည်။

သားသည် အရက်ကို မိုးမလင်းအောင်သောက်သည်။ ဆူပူသည်။ ထစ်ခနဲရှိလျှင် တွေ့ကရာလူနှင့် ရန်ဖြစ်သည် စသော သတင်းစကားများကို ယခုတလော ဒေါ်သူဇာ မကြားချင်အဆုံး။

ပြောမယ့်သာပြောရသည်။ ဒီနှစ်သား ကောလိပ်တက်ရဖို့ဆိုသည်မှာပင် ခပ်ခက်ခက်။ ပထမအကြောင်းမှာ ဥရောပတွင် စစ်တပြင်ပြင်နှင့် ရှိနေကြသောကြောင့်။ ဥရောပတွင် သာမက အရှေ့တောင်အာရှမှာလည်း စစ်ဖြစ်မည့် အရိပ်နိမိတ်များကို စတင်တွေ့ရှိနေရပြီ ဖြစ်လေသည်။ ဝင်ရိုးတန်းနိုင်ငံတစ်နိုင်ငံဖြစ်သော ဂျပန်သည် စစ်ကို များစွာ လိုလားလျက်ရှိလာကြောင်း တွေ့ရလေသည်။

စင်စစ် ဒေါ်သူဇာသည် နိုင်ငံရေးဆိုသည်ကို နားလည်လှသည် မဟုတ်ပေ။ ပွဲရုံဆိုတော့လည်း လူက စုံသည်။ သတင်းစုံ ကြားရသည်။ နိုင်ငံရေး အခြေအနေပေါ်မှာမူတည်၍ ကုန်ဈေးနှုန်း အတက်အကျ အတိုးအဆုတ် ရှိတတ်သည်ဖြစ်ခြင်းကြောင့် နိုင်ငံရေးအခြေအနေကို မျက်ခြည်ဖြတ်၍မရ။ သတင်းစကားကို စုဝေးနားထောင်ရသည်ပင်။

ပထမကမ္ဘာစစ်ဖြစ်စဉ်က အကြောင်းများကို သိမီလိုက်သူများ၏ စကားအရ စစ်ဟူသည် ကောင်းကျိုးပေးနိုင်စွမ်း မရှိလှကြောင်း ဒေါ်သူဇာအသိ။ လူတွေ သေကျေကြသည်။ တိုက်တာ အိုးအိမ် ပျက်စီးသည်။ စီးပွားပျက်ကပ် ဆိုက်သည်။ ပထမကမ္ဘာစစ်ကြီးပြီးစက လူတို့ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်သည်၊ ငတ်မွတ်ခေါင်းပါးသည် စသည်ဖြင့် ကြားရဖူးသည်။

ဥရောပတွင် စစ်ဖြစ်သည်ဆိုလျှင် ကိစ္စမရှိ။ ဝေးလံသည်။ သို့ပေမဲ့ အရှေ့တောင်အာရှတွင်လည်း စစ်မီးတောက်တော့မည့် အရိပ်လက္ခဏာများကို မြင်လာရသည်ဆိုသောအခါ ဒေါ်သူဇာ ချောက်ချားမိသည်အမှန်ပင်။

သားဖြစ်သူအား ကောလိပ်သို့ပို့ရန်အတွက် ဒုတိယ အခက်အခဲတစ်ခုရှိသေးသည်။ ၎င်းမှာ ငွေ။

မှန်သည်။ လောလောဆယ်တွင် စစ်ဖြစ်ကြတော့မည်ဆိုခြင်းထက် အရေးကြီးသည်မှာ၊ အဓိကကျသည်မှာ ငွေသာလျှင်ဖြစ်သည်။

ဦးမောင်ကလေး၏ပွဲရုံမှာ တစ်နေ့ထက်တစ်နေ့ ကြီးပွားလာသည်။ တစ်နေ့ထက်တစ်နေ့ ခမ်းနားလာသည်။ ကုန်တွေလှိုင်လှိုင်ရောက်ကာ၊ လှိုင်လှိုင်ထုတ်နေနိုင်သည်။ မိတ်ဟောင်း ဆွေဟောင်းတို့ ဦးမောင်ကလေးနှင့် ပြန်လည် ဆက်စပ်မိကြသည်။ သို့နှင့်အမျှ နံရံချင်းစပ်လျက်ရှိသော ဒေါ်သူဇာတို့ပွဲရုံမှာ တစ်စထက်တစ်စ အခြေအနေယိုင်လာသည်။ ကုန်လှိုင်လှိုင်မရောက်၊ ဒေါ်သူဇာတို့၏ ပွဲရုံမှ မိတ်များ ဦးမောင်ကလေးထံ ပြောင်းလွဲရောက်ရှိကြကုန်သည်။ တကယ်တမ်းပြောရမည်ဆိုပါက ဒေါ်သူဇာ၏ ဦးလေးတော်သူ ပွဲစားကြီးမှာ ပွဲစားပါးမဝ။ မာန်မာနကြီးသည်။ အဆက်အဆံ ခက်ထန်မာကျောသည်။ စကားပြော မပြေပြစ်။ စိတ်ထားကမူ ကောင်းရှာပါသည်။ သို့ပေမဲ့ ပွဲစားအလုပ်ဆိုသည်မှာ စိတ်ထားကောင်းသည် ဆိုးသည်အပထား။ နှုတ်ကပျားသကာလိုချို့ဖို့သာ အရေးကြီးသည်။ ပြီး ဦးမောင်ကလေးဆိုသည်မှာ ရှစ်စပ်ကလည်းသူ၊ အရည်အချင်းနှင့် အတွေ့အကြုံပြည့်ဝသူ။ သူတို့လိုလူကို ယှဉ်နိုင်ဖို့ မလွယ်။

ပွဲရုံကောင်းစားစဉ်က ဒေါ်သူဇာသည် အစုစပ်ထည့်ဝင်သည်။ စင်စစ် နှုတ်ကတိဖြင့် ထည့်ဝင်ခြင်းသာဖြစ်သည်။ အဆွေအမျိုးတော်သူချင်းဖြစ်၍ ပွဲစားကြီးက ကတိစကားဖြင့်ပင် လက်ခံသည်။ တူမအား ကြီးပွားစေချင်ပုံရသည်။ သို့ပေမဲ့ ယခုလို အခြေအနေဆိုးရွားလာပြီဆိုသောအခါ အစုစပ်ထည့်ဝင်သည်ဆိုသော စကားမှာ စကားအဖြစ်သာ တည်ရှိလေတော့သည်။

ယခုတလောတွင် ပွဲစားကြီးစကားခေါ်သည်။ ပွဲရုံကို ဖြုတ်ပစ်ဖို့ပင်ဖြစ်သည်။ ပခုက္ကူ သို့မဟုတ် မြင်းခြံမြို့များသို့ ပြောင်းရွှေ့ဖွင့်လှစ်တော့မည် ဆိုသည်။

သားကို မြို့တွင်ကြာရှည်ထား၍ မဖြစ်နိုင်ကြောင်း ဒေါ်သူဇာ သဘောပေါက်သည်။ အပေါင်းအသင်းတွေကလည်း စုံပါပေ့။ အရက်သမားလည်းပါ၊ ဘိန်းစားလည်းပါ၊ လူဆိုးလူသွမ်းတွေလည်းပါသည်။ သည်အပေါင်းအသင်းများနှင့် ကင်းကင်းရှင်းရှင်းရှိမည်ဆိုလျှင် သားလိမ္မာတန်ကောင်း၏ ထင်သည်။ သို့ဖြင့် သားကို ရန်ကုန်သို့ အမြန်ဆုံးပြန်ပို့ရန်၊ ကျောင်းပြန်တက်စေရန် စီစဉ်မှဖြစ်တော့မည်ဟု ဒေါ်သူဇာ တွေးမိသည်။

ထိုအတွက် ငွေလိုသည်။ ငွေကို ဘယ်ပုံရှာရပ့်။ ငွေ၊ ငွေ ဟူသော အသံသည် ဒေါ်သူဇာအနားမှာ အစဉ် ကြားယောင်လာသည်။ ဆူညံမြည်ဟည်းနေသည့်နှယ်ပင်။

သည်အကြား၊ သည်ကနေ့နံနက် သားက ငွေတောင်းသည်။ အရေးတကြီး အသုံးလို၍ဟု ဆိုသည်။ ဒေါ်သူဇာ အကြံရခက်သည်။ နေ့လယ် ပွဲရုံမှာလာယူဟူ၍တော့ မှာခဲ့သည်။

ငွေဆိုသည်နှင့်တစ်ပြိုင်နက် ကျင်စိန်း၏မျက်နှာကို ဒေါ်သူဇာမြင်လာသည်။ ကျင်စိန်း၊ သူသာလျှင် ငွေနှင့်ပတ်သက်၍ အားကိုးရာဖြစ်သည်။ သူသာလျှင် ကူညီဖြေရှင်းနိုင်သူဖြစ်သည်။ သို့ပေမဲ့ ယခုတလော ကျင်စိန်းကိုယ်တိုင်လည်း စစ်သတင်းများကြောင့် သွေးလေချောက်ချားနေသည်၊ ပစ္စည်းမပါဘဲငွေချေးရန် လက်တွန့်သည်။ ငွေကိုလည်း အရမ်းကာရောမချေး။ အကယ်၍ ငွေပြန်မဆပ်မီ စစ်ဖြစ်လာပါက မခက်လား။ ပြီး လက်ထဲမှာ ခြေစောင့်လက်စောင့်ထားဖို့ကလည်း ရှိသေးသည်။

ထို့ကြောင့်ပင် ဒေါ်သူဇာအား မြင်လိုက်ရပြီဆိုသည်နှင့်တစ်ပြိုင်နက် ကျင်စိန်း၏ မျက်နှာမှာ စိတ်ပျက်လက်ပျက် ဖြစ်သွားပုံရသည်။ ဒေါ်သူဇာ သူ့ထံရောက်လာသည်မှာ ငွေကိစ္စကလွဲ၍ တခြားဘာမျှမဖြစ်နိုင်ဟု တွက်မိပုံရသည်။

"ကိုင်း ဆိုစမ်းပါဦး မသူဇာ"

ယင်းစကားကို မေးလာစဉ်က ကျင်စိန်း၏မျက်နှာထား တင်းနေသည်။

"ကျွန်မ ငွေနည်းနည်းပါးပါး လိုချင်လို့ပါ ကိုကျင်စိန်း"

"မဖြစ်ဘူး မသူဇာ။ အခု ကျုပ် ဘယ်သူ့ကိုမှ ငွေမချေးတော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ"

"ကျွန်မကိုတော့ နောက်ဆုံးအနေနဲ့ နည်းနည်းပါးပါး ချေးပါဦး ကိုကျင်စိန်း"

"မရဘူးဗျာ။ မချေးနိုင်ဘူး။ ခင်ဗျားမှာ အကြွေးတွေကလည်း တင်နေပြီ။ တစ်ခါမှလည်း ပြန်မဆပ်ဘူး။ အဟောင်းပေး အသစ်ယူဆိုရင် တော်ပါသေးရဲ့။ အခုတော့ အဟောင်းလည်း မကျေသေးဘူး။ အသစ်ပဲ ထပ်ထပ်ယူနေတယ်။ မဖြစ်တော့ဘူး မသူဇာ၊ ကျုပ်ဝမ်းနည်းပါတယ်"

ဒေါ်သူဇာသည် ရင်ထဲမှာ တင်းကျပ်လာသည်။ မျက်နှာသည် မဲ့တော့မလို ငိုတော့မယောင် ဖြစ်လာသည်။

"ဒီတစ်ခါနောက်ဆုံးပဲ ကိုကျင်စိန်း။ နောက်ဆုံးပါပဲ။ ကျွန်မ ကတိပေးပါတယ်။ ပွဲရုံက အစုထည့်ထားတဲ့ ငွေပြန်ရရင် ချက်ချင်းလာပေးပါ့မယ်။ ငွေဟာလည်း ပြန်ရခါနီးပါပြီ"

ဒေါ်သူဇာသည် ကြွေးရှင်တိုင်းကို ထာဝစဉ် ခြောက်လှန့်ထားသောနည်းဖြင့် ခြောက်လှန့်သည်။

"ခက်တယ်ဗျာ။ သိပ်ခက်တာပဲ။ ငွေ ဘယ်လောက်လိုချင်သလဲ မသူဇာ"

"တစ်ရာ"

"တစ်ရာတောင်လား။ မဖြစ်ဘူး မသူဇာ။ ဒီငွေလောက်တော့ မပေးနိုင်ဘူး"

"တစ်ရာမရရင် မဖြစ်လို့ပါ ကိုကျင်စိန်း။ ကျွန်မ တောင်းပန်ပါတယ်ရှင်။ ကျွန်မသားကလေးရဲ့ ကျောင်းစရိတ်အတွက်မို့ပါ"

"ငါးဆယ်လောက်ဆိုရင် တော်ရောပေါ့ မသူဇာ"

"ဒီလိုလုပ်ပါ ကိုကျင်စိန်း။ ရှင် ဒီအတိုင်း ငွေမချေးချင်ရင် ကျွန်မအိမ်က အိမ်ထောင်ပရိဘောဂတွေကို အပေါင်ယူထားပါ"

ကျင်စိန်းသည် စဉ်းစားသလို မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။ အတန်ကြာမှ စကားသံထွက်လာသည်။

**ဆက်လက်ဖော်ပြပါမည်။**

**ပထမကမ္ဘာစစ်ဖြစ်စဉ်က အကြောင်းများကို သိမီလိုက်သူများ၏စကားအရ စစ်ဟူသည် ကောင်းကျိုးပေးနိုင်စွမ်း မရှိလှကြောင်း ဒေါ်သူဇာအသိ။ လူတွေ သေကျေကြသည်။ တိုက်တာ အိုးအိမ်ပျက်စီးသည်။ စီးပွားပျက်ကပ်ဆိုက်သည်။ ပထမကမ္ဘာစစ်ကြီးပြီးစက လူတို့ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်သည်။ ငတ်မွတ်ခေါင်းပါးသည်။ အရှေ့တောင်အာရှတွင်လည်း စစ်မီးတောက်တော့မည့် အရိပ်လက္ခဏာများကို မြင်လာရသည်ဆိုသောအခါ ဒေါ်သူဇာ ချောက်ချားမိ . . .**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ခရောင်းလမ်းကိုဖြတ်ကျော်ခြင်း

**နန္ဒာသိန်းဇံ**

**အခန်း[၃]**

**ဘဝခရီးသည်တွေဆီက အသံ**

မှန်တဲ့အမြင်၊ ခိုင်ခံ့တဲ့စိတ်ဓာတ် မရှိပြန်ရင် ဖြစ်လိုရလို ဆန္ဒတွေနဲ့ မျှော်လင့်ချက်တွေဟာလဲ ပျက်ပြယ်လျော့နည်းသွားတတ်တာပဲ။ "ဒါကိုတော့ ရနိုင်တော့မှာ မဟုတ်ပါဘူး" "ဖြစ်နိုင်တော့မှာ မဟုတ်ပါဘူး" "အောင်မြင်တော့မှာ မဟုတ်ပါဘူး" စသည်ဖြင့် အားလျော့စိတ်တွေ ဖြစ်တတ်တာပဲ။

ပုဂ္ဂိုလ်တစ်ဦးက ဘဝခရီးသည်တွေထံက လေသံသုံးမျိုး ကြားရတတ်တယ်။ "ဒါဖြစ်ရမယ်"ဆိုတဲ့ အသံရယ်၊ "ဒါဖြစ်မှဖြစ်ပါ့မလား"ဆိုတဲ့အသံရယ်၊ "ဒါတော့ ဖြစ်မှာ မဟုတ်ပါဘူး"ဆိုတဲ့ အသံရယ်၊ ဒီသုံးမျိုးကြားရတတ်တယ်တဲ့။ ပထမ အသံရှင်ဟာ ဘဝခရီးမှာ အောင်မြင်သူ ဖြစ်နိုင်တယ်။ ဘာကြောင့်ဆိုတော့ ဖြစ်ရမယ်လို့ ဆုံးဖြတ်ချက်ချထားလို့ပဲ။ ဒုတိယ အသံရှင်ကတော့ ဘဝခရီးမှာ အောင်မြင်မှုနဲ့ တွေ့လွဲ လွဲနေသူဖြစ်တယ်တဲ့။ ဘာကြောင့်ဆိုတော့ အလုပ်တစ်ခုခု လုပ်တော့မယ်ဆိုရင် ဖြစ်ပါ့မလားဆိုတဲ့ သံသယဝင်နေလို့ပဲတဲ့။ တတိယအသံရှင်ကတော့ ဖြစ်မှာမဟုတ်တော့ပါဘူးလို့ အစကတည်းက ထင်နေတော့ ဘာမှလဲ မလုပ်ဖြစ်သူ၊ ဘာမှလဲ အောင်မြင်မှုမရသူ ဖြစ်တယ်တဲ့။ ဖြစ်မှာမဟုတ်ဘူးထင်နေတော့ ဘယ်ဖြစ်ပါ့မလဲ။ ဒါထုံးစံပဲ။

စိန့်ဘားနဒ်တောင်ကြား St. Barnard ကိုဖြတ်ပြီး စစ်တပ်ကြီးချီတက်ဖို့ နပိုလျံက သူ့အင်ဂျင်နီယာတွေကို လွှတ်ပြီး စုံစမ်းလေ့လာခိုင်းတယ်။ အင်ဂျင်နီယာတွေ ပြန်ရောက်တဲ့အခါ "ဖြတ်လို့ဖြစ်နိုင်ရဲ့လား"နပိုလျံကမေးတော့ အင်ဂျင်နီယာတွေက သံသယနှောတဲ့လေသံနဲ့ "ဖြစ်နိုင်လောက်ပါတယ်"လို့ဖြေကြတယ်။

နပိုလျံ ဘယ့်နှယ်လုပ်တယ်ထင်သလဲ။

လိုအပ်တာတွေကို အသေအချာ စစ်ဆေးပြီးတဲ့နောက် နပိုလျံက သူ့စစ်တပ်ကြီးကို "ချီတက်"လို့ တစ်ချက်ထဲ အမိန့်ပေးလိုက်တယ်။

နပိုလျံရဲ့ စိတ်ဓာတ်က ခိုင်တယ်၊ ပြတ်တယ်၊ သံသယကင်းတယ်၊ သူလုပ်ချင်တာကို ဖြစ်ရမယ်ဆိုတဲ့ ဆန္ဒကပြင်းထန်တယ်၊ ဖြစ်ရမယ်လို့ တစ်ထစ်ချယုံကြည်ထားတယ်။ "ကျွန်ုပ်၏အဘိဓာန်၌"မဖြစ်နိုင်"ဆိုသော စကားလုံးသည်မရှိ"လို့တောင် နပိုလျံက ကြွေးကြော်ထားသူဖြစ်တယ်။ ဒါကြောင့် အင်ဂျင်နီယာတွေလို "ဖြစ်နိုင်လောက်ပါတယ်" ဆိုတဲ့ သံသယမျိုး သူ့မှာမရှိဘူး။ ဖြစ်နိုင်လောက်တယ်ဆိုရင်တော့ ဖြစ်ကိုဖြစ်ရမယ်လို့ နပိုလျံက ဆုံးဖြတ်ချက်ချလိုက်ပြီးဖြစ်တယ်။

ကမ္ဘာကသိကြတဲ့အတိုင်း အင်မတန်ခက်ခဲတဲ့ သေမင်းတမန် စိန့်ဘားနဒ်တောင်ကြားကြီးကို နပိုလျံရဲ့ စစ်တပ်ကြီးဟာ အောင်မြင်စွာပဲ ဖြတ်ကျော်နိုင်ခဲ့တယ်။ နိုင်းမြစ်စစ်ပွဲမှာ အင်္ဂလိပ်ရေတပ်ဗိုလ်ချုပ်ကြီး နယ်လ်ဆင် Nelson ဟာလဲ ဒီအတိုင်းပဲ။

နိုင်းမြစ်စစ်ပွဲ မဆင်နွှဲခင်မှာ အဲဒီစစ်ပွဲနဲ့ ပတ်သက်ပြီး သူဂရုတစိုက်ရေးဆွဲထားတဲ့ အစီအစဉ်ကို ရှင်းပြတဲ့အခါမှာ ကပ္ပတိန် ဘယ်ရီ Capt. Berry က "တကယ်လို့ (အကယ်၍) ကျွန်တော်တို့ ဒီစစ်ပွဲကိုနိုင်ရင် လူတွေက ဘာပြောကြမလဲ"လို့ ကြားဖြတ်မေးတယ်။ "တကယ်လို့ နိုင်ရင်"ဆိုတဲ့ သူ့စကားက တစ်ထစ်ချယုံကြည်ချက်နည်းကြောင်း ပြနေတယ်။ ဒီအခါမှာ နယ်လ်ဆင်က

"ဒီကိစ္စမှာ တကယ်လို့ (အကယ်၍) ဆိုတာမရှိဘူး၊ ငါတို့ မုချနိုင်ရမယ်"လို့ ပြန်ပြောလိုက်တယ်။

အစည်းအဝေးပြီးလို့ ကပ္ပတိန်တွေ သူတို့သင်္ဘောတွေရှိရာ ပြန်ကြတဲ့အခါမှာ နယ်လ်ဆင်က

"မနက်ဖြန်ဒီအချိန်မှာ ဒို့တစ်တွေ သူရဲကောင်းဘွဲ့တွေရရင်ရ၊ မရရင် အာဇာနည်ကုန်း ရောက်နေမှာပဲ" လို့ ထပ်ပြောလိုက်သေးတယ်။

နယ်လ်ဆင် ယုံကြည်ထားတဲ့အတိုင်းပဲ၊ နိုင်းမြစ်စစ်ပွဲမှာ အနိုင်ရခဲ့တယ်။

ဒီအဖြစ်မျိုး ဗမာ့သမိုင်းမှာလဲရှိတယ်။ ဘုရင့်နောင်ဟာ နောင်ရိုးတိုက်ပွဲမှာ ဒီယုံကြည်ချက်မျိုး၊ ဆုံးဖြတ်ချက်မျိုးနဲ့ တိုက်ခိုက်ခဲ့တာပဲ။

စိတ်ဓာတ်ခိုင်မာသူဟာ ဖြစ်ချင်၊ ရချင်၊ အောင်မြင်ချင်တဲ့ ဆန္ဒကို ယုံယုံကြည်ကြည် ခိုင်ခိုင်ခံ့ခံ့တင်ထားနိုင်တယ်။ အသိပညာရဲ့အကူအညီ၊ စိတ်ဓာတ်ခိုင်ခံ့မှုရဲ့ အကူအညီနဲ့ ခိုင်မာပြင်းထန်တဲ့ ဆန္ဒရှိရင် တော်ရုံအဟန့်အတား၊ အခက်အခဲတွေ၊ ဘေးရန်အန္တရာယ်တွေကို ကျော်လွှားသွားနိုင်မှာပဲ၊ မျှော်လင့်ရာကို ရနိုင်ရောက်နိုင်မှာပဲ။ ဒီတော့ အောင်အောင်မြင်မြင်နဲ့ ဘဝခရီးကို သွားလိုသူတွေမှာ ဆန္ဒ၊ သို့မဟုတ် ရည်မှန်းချက်ရှိဖို့လိုပါတယ်။ ရည်မှန်းချက်မရှိဘဲ ခရီးတစ်ခုကို လျှောက်ရင် ဘယ်ကိုမှ ရောက်မှာမဟုတ်ဘူး။ ပန်းတိုင်... ဒါမှမဟုတ် မျှော်မှန်းချက်မထားရင် သွားနေတဲ့ ခရီးဟာ အဓိပ္ပာယ်မရှိဘူး။

တစ်ခါတုန်းက ဆရာကြီးတစ်ဦးဟာ တပည့်နှစ်ယောက်ကို သူ့ဆီလာဖို့ ခေါ်လိုက်တယ်။ တပည့်နှစ်ယောက် ရောက်လာတော့ အဲဒီနှစ်ယောက်ထဲက တစ်ယောက်ကို အခန်းထဲခေါ်သွားတယ်။ တစ်ယောက်ကိုတော့ အပြင်မှာ ချန်ထားခဲ့တယ်။

အခန်းထဲရောက်တော့ ဆရာကြီးက...."တပည့် ... အခု ဆရာပြောတာမှာတာတွေကို အပြင်မှာကျန်ခဲ့တဲ့ မင့်သူငယ်ချင်းကို လုံးဝပြန်မပြောရဘူး၊ ဘယ်မှာပဲတွေ့တွေ့ မပြောရဘူး၊ မပြောပါဘူးလို့ ဆရာ့ကို ကတိပေးပါ"လို့ ဆိုတော့

တပည့်က ကတိပေးပါကြောင်း ပြောတယ်။

ဒီတော့ ဆရာကြီးက... "ကောင်းပြီ၊ ဆရာပြောမှာက... မနက်ဖြန်ကျရင် အရှေ့ဘက်သစ်တောကို ရိက္ခာအပြည့် အစုံယူပြီး ငါ့တပည့်သွားရမယ်၊ တောထဲရောက်တော့ ဘယ်သစ်ရွက်သစ်မြစ်တွေဟာ ဆေးဖက်ဝင်တယ်ဆိုတာ တတ်နိုင်သလောက် လေ့လာမှတ်သားရမယ်၊ ဒီလိုမင်းလေ့လာမှတ်နေတာကို မင့်သူငယ်ချင်း မြင်ရင်လဲ ဘာတွေလေ့လာမှတ်သားနေတယ်ဆိုတာ မပြောနဲ့ မသိစေနဲ့၊ ပြန်လာတော့မှ မှတ်ခဲ့သမျှကို ဆရာ့ကိုပြောပြရမယ်။ နမူနာအဖြစ် ဆေးဖက်ဝင်တဲ့ သစ်ရွက်သစ်မြစ်တချို့ကိုလဲ တတ်နိုင်သလောက်ယူခဲ့၊ ဒါပါပဲ၊ ကဲ...သွားတော့" ဆိုပြီး လွှတ်လိုက်တယ်။ ဘယ်နေ့မှာ ပြန်ခဲ့ရမယ်ဆိုတာလဲ မှာလိုက်တယ်။

ဒီတပည့်ထွက်သွားတော့မှ အခန်းအပြင်မှာ ကျန်ခဲ့တဲ့တပည့်ကို ဆရာကြီးက အခန်းထဲကိုဝင်ခဲ့လို့ ခေါ်တယ်။ တပည့် အခန်းထဲရောက်တော့

ဆရာကြီးက... "တပည့်...အခု ဆရာပြောတာ မှာတာကိုစောစောကထွက်သွားတဲ့တပည့်ကို မပြောရဘူး။ ဘယ်မှာတွေ့တွေ့ မပြောရဘူး။ မပြောပါဘူးလို့ ဆရာ့ကို ကတိပေးပါ" ဆိုတော့

ဒီတပည့်ကလဲ ကတိပေးတယ်။

ဒီအခါမှာ ဆရာကြီးက "ကောင်းပြီ၊ ဆရာပြောမှာက... မနက်ဖြန်ရောက်ရင် ရိက္ခာအပြည့်အစုံယူပြီးတော့ အရှေ့ဘက်သစ်တောကို ငါ့တပည့် သွားရမယ်၊ တောထဲရောက်တဲ့အခါမှာ ဘယ်လိုသစ်မျိုးကတော့ အဆောက်အအုံကောင်းတွေအတွက် သင့်လျော်တယ်၊ ရာသီဥတုဒဏ်ကို ဘယ်မျှခံနိုင်တဲ့သစ်မျိုး ဖြစ်တယ်ဆိုတာကို တတ်နိုင်သလောက် လေ့လာမှတ်သားခဲ့ရမယ်။ နမူနာအဖြစ် ဒီသစ်အမျိုးအစား နမူနာတွေကို တတ်နိုင်သလောက်ယူခဲ့ရမယ်။ ဆရာ့ထံပြန်ရောက်တဲ့အခါ လေ့လာမှတ်သားခဲ့သမျှ ပြန်ပြောရမယ်၊ ဒါပါပဲ၊ ကဲ သွားတော့" ဆိုပြီးလွှတ်လိုက်တယ်။ ဘယ်နေ့မှာ ပြန်လာခဲ့ရမယ်လို့လဲ မှာလိုက်တယ်။

ဒါနဲ့ နောက်တစ်နေ့မှာ ရိက္ခာထုပ်ကိုယ်စီနဲ့ တပည့်နှစ်ယောက်ဟာ ထွက်လာပြီး အရှေ့ဘက် သစ်တောကိုသွားကြတယ်။ လမ်းမှာ သူတို့နှစ်ယောက်ဆုံမိကြတယ်။ ဆုံတဲ့အခါမှာ သူတို့စိတ်ထဲမှာ ရှိတာတွေကို ပြောချင်နေကြတယ်။ မပြောရဘူး၊ လျှို့ဝှက်ထားပါဆိုရင် ပိုပြီးပြောချင်တတ်တာကတော့ လူ့သဘာဝပဲ။ ဒါပေမဲ့ သူတို့ဆရာကြီးကို ကတိပေးခဲ့တဲ့အတိုင်း ဘာမှမပြောဘဲ တောထဲကို ဝင်ခဲ့ကြတယ်။

ရောက်တော့ သူတို့ လေ့လာစရာရှိတာတွေကို လေ့လာ၊ နမူနာအဖြစ် ယူသင့်တာယူပြီး သတ်မှတ်ထားတဲ့နေ့မှာ ပြန်လာခဲ့ကြတယ်။

ဆရာကြီးက သူတို့နှစ်ယောက်ကို အခြားတပည့်တွေနဲ့အတူ ဆီးကြိုနေတယ်။ မောပန်းလာတဲ့ သူတို့နှစ်ဦးကို ဆရာကြီးက ရေမိုးချိုးအနားယူခိုင်းပြီး ထမင်းကောင်းကောင်း ကျွေးမွေးတယ်။ ညရောက်တဲ့အခါမှာ သူတို့နှစ်ဦးကို တပည့်တွေစုဝေးရာ ခန်းမထဲကိုခေါ်သွားတယ်။ အခြားတပည့်တွေကိုလဲ ဒီခန်းမထဲမှာ စုဝေးနေကြဖို့ ခေါ်ထားတဲ့အတွက် သူတို့ရောက်တဲ့အခါ ခန်းမကြီးထဲမှာ တပည့်တွေ စုဝေးရောက်ရှိနေနှင့်ကြပြီ။

ဒီအခါမှာ ဆရာကြီးက တပည့်တွေကို ဩဝါဒစကားပြောပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

**စာရေးဆရာ နန္ဒာသိန်းဇံ၏ ခရောင်းလမ်းကိုဖြတ်ကျော်ခြင်းစာအုပ်မှ စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ပျော်ရွှင်သူအနည်းငယ်ကို ရွေးချယ်ပါ

**အောင်မြတ်စည်သူ**

သင့်ဘဝ အပြောင်းအလဲကို မထောက်ခံသော မိတ်ဆွေများထံမှ ယဉ်ကျေးစွာ ရှောင်ထွက်ခဲ့ပါ။

မထောက်ခံသော သူငယ်ချင်းများရှိမည်မှာ အမှန်ပင်။ သင်ပြောင်းလဲမှုတစ်ခု ပြုလေတိုင်း မနာလိုဖြစ်၊ ကြောက်လန့်နေသူများ ရှိပေမည်။ သင်၏ဘဝတိုးတက်ရေး အမြင်အသစ်အား သူတို့၏ အမြင်ကင်းမဲ့မှုက ရှုတ်ချချက်တစ်ရပ်အဖြစ် မြင်ပေမည်။ သင့် ယခင်အခြေအနေသို့ ပြန်ကျဆင်းအောင် သူတို့ လက်သီးပုန်းထိုးကြပေမည်။ ဤသို့ပြုသော မိတ်ဆွေများနှင့် မိသားစုဝင်များကို သတိချပ်ပါ။ သူတို့အပြစ်ကို သူတို့ မသိကြပါ။

သင်တွဲနေသောသူများသည် သင့်ဘဝကို တစ်နည်းမဟုတ်တစ်နည်း ပြုပြင်ပြောင်းလဲပေမည်။ သင်သည် လောကကို မကောင်းမြင်သူများနှင့် ပေါင်းသင်းမိလျှင် ထိုသူတို့သည် သင့်ကို သူတို့နှင့်အတူ ဆွဲချပေလိမ့်မည်။ သင်သည် သင့်ကို ပျော်ရွှင်ချမ်းမြေ့ရေးနှင့် အောင်မြင်ရေးတွင် ပံ့ပိုးထောက်ပံ့သူတို့နှင့် ပေါင်းသင်းမိပါလျှင် သင်သည် ပျော်ရွှင်ချမ်းမြေ့သော၊ အောင်မြင်သော ဘဝရပ်တည်ရေးတွင် ခေါင်းတစ်လုံးသာခွင့်ရပေမည်။

နေ့တာတစ်လျှောက်လုံးပင်လျှင် ကျွန်တော်တို့သည် ဘယ်သူနှင့်ရှိနေမည်၊ ဘယ်သူနှင့် စကားပြောဆိုနေမည်ဟူသော အချက်များနှင့် ပတ်သက်၍ ရွေးချယ်စရာ အခွင့်အလမ်းများစွာရှိသည်။ မြို့ထဲရပ်ထဲတွင် အတင်းအဖျင်းပြောခြင်းကသာလျှင် ခေတ်မီသော အလုပ်ဖြစ်နေ၍ ကော်ဖီဆိုင်တွင် သက်သက်စုဝေး၍ အကျိုးမဲ့ အတင်းအဖျင်းပြောဆိုမှု



တွင် မွေ့လျော်မနေပါနှင့်။ သင်အားကုန်ခန်းပြီး သင့်အခွင့်အလမ်းများ ပိတ်ဆို့သွားစေခြင်းသာရှိမည်။ ကျွန်တော်တို့ကို မည်သူများက စိတ်ဓာတ်တက်ကြွစေသည်။ မည်သူများက စိတ်ဓာတ်ကျစေကြောင်းကို ကျွန်တော်တို့ သိသည်။ ကျွန်တော်တို့ မည်သူကို အချိန်ပေးသည်ဆိုသည့် အချက်နှင့် ပတ်သက်၍ ဂရုတစိုက်ရှိကောင်းပါသည်။

အင်ဒရူးဝေးလ်သည် သူ၏ စိတ်ဓာတ်လှုံ့ဆော်ရေး စာအုပ်တစ်အုပ်ဖြစ်သည့် Spontaneous Healing တွင် အောက်ပါအတိုင်း အကြံပြုထားသည်။

'သင့်ကို ပို၍တက်ကြွ၊ ပျော်ရွှင်၊ အကောင်းမြင်စိတ် ပိုရှိစေသော သင့်မိတ်ဆွေအပေါင်းအသင်းစာရင်းတစ်ခု ပြုစုပါ။ ဤသီတင်းပတ်အတွင်း ထိုမိတ်ဆွေများထဲမှ မည်သူနှင့် အချိန်ကုန်ခံမည်ကို ရွေးချယ်ပါ။'

သင်သည် လောကကို အကောင်းမမြင်သူတစ်ဦးနှင့် စကားပြောဆိုသောအခါတွင် အခွင့်အရေး လမ်းပေါက်လမ်းစများ ပျောက်ကွယ်သွားလေ့ရှိသည်ကို ကြုံရသည်။ စကားပြောဆိုရင်းမတ်တပ်ကပင် ကမ္ဘာသကာ ဖြစ်လိုရာဖြစ်စေတော့ဟု ခံယူပုံမျိုး ရှိလာတတ်သည်။

စိတ်ကူးစိတ်သန်းအသစ်၊ ကြံကြံဆဆအတွေးတို့...ပေါ်ပေါက်ခြင်း မရှိပေ။

'မကောင်းမြင်သမားတို့သည် ဖန်တီးမှု ပြုလေ့မရှိ'ဟု သမ္မတ ကယ်လ်ဗင်ကူးလ်လစ်ချ်က ဆိုညွှန်းခဲ့ဖူးသည်။

တစ်ဖက်တွင်မူ ဘဝအတွက် တက်ကြွထက်သန်မှုသည် ကူးစက်စွမ်းရှိသည်။ အကောင်းမြင်ဝါဒီတစ်ယောက်နှင့် စကားပြောဆို ဆွေးနွေးခြင်းသည် ကျွန်တော်တို့အတွက် ဘဝအခွင့်အလမ်းများ ပို၍မြင်သာစေသည်။ လမ်းများပွင့်စေသည်။

ကီအာကီဂတ်သည် တစ်ချိန်က အောက်ပါအတိုင်း ဆိုခဲ့သည်။

'ကျွန်တော် ဆန္ဒရှိသည့်အတိုင်း တောင်းဆိုခွင့်ရခဲ့ပါလျှင် ကျွန်တော်သည် ချမ်းသာကြွယ်ဝရန်နှင့် ဩဇာအာဏာရှိရန် တောင်းဆိုမည် မဟုတ်ချေ။ ဖြစ်နိုင်ခြေကို ပြင်းပြင်းထန်ထန် လိုလားစိတ်၊ အမြဲတစေ ငယ်ရွယ်နုပျိုထက်သန်သော မျက်လုံးများဖြစ်နိုင်သည့် အရေးများကို မြင်စိတ်သာ တောင်းဆိုပါမည်။ ပျော်ရွှင်မှုသည် စိတ်ဓာတ်ကျမှု ဖြစ်စေနိုင်သည့် ဖြစ်နိုင်ခြေများကို မည်သည့်အခါမျှ စိတ်ဓာတ်မကျစေပါ။

*[Ref: Choose a few happy people by Steve Chandler]*

# အောင်မြင်ချမ်းသာချင်သလား

**မောင်ထူးချွန်**

အသိအမြင်စောရင် အကျိုးအများကြီးရှိတယ်။

အသက်အရွယ် ငယ်ငယ်နဲ့သိရင် အကျိုးတရားအလွန်များတယ်။ သားငယ်၊ သမီးငယ်၊ မြေးအရွယ်တွေလည်း သိသင့်တယ်။ ဒါမှ ဘဝမှာ အောင်မြင်ချမ်းသာမှုကို ရရှိလာနိုင်တယ်။

လူဟာ ဦးစွာပထမ မိမိကိုယ်ကို ကောင်းအောင်၊တော်အောင် တည်ဆောက်ရပါမယ်။ မြတ်စွာဘုရားက ကိုယ့်အားကိုယ်ကိုးရမယ်တဲ့။ အတ္တာဟိ အတ္တနောနာထော ကြားဖူးကြပါတယ်။

သူတစ်ပါးဆိုတာ မိမိရဲ့ အားကိုးရာအမြဲတမ်းဘယ်ဖြစ်ပါ့မလဲတဲ့။ မိဘဆွေမျိုးဆိုတာ ကျွေးမွေးပြုစုပေးတာမှန်ပါတယ်၊ ထောက်ပံ့ကြည့်ရှုပေးတာမှန်ပါတယ်။ သို့သော် အချိန်တစ်ခုပဲ။ အရွယ်မရောက်ခင်ဘဲ ကြည့်ရှုနိုင်တယ်။

အသက်အရွယ် ၁၆၊ ၁၇၊ ၁၈ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ပြီဆိုတာနဲ့ ကောလိပ်၊ သိပ္ပံတက္ကသိုလ်တို့ကို ပို့ရပြီး ကျေးလက်တောရွာမှာနေတဲ့ မိဘနဲ့ ပညာသင်သွားရမယ့်သားသမီးတို့ဟာ ခွဲခွာဝေးကွာသွားရပါပြီ။ ကောလိပ်၊ သိပ္ပံတက္ကသိုလ်ဆိုတာ ကိုယ့်ရပ်ကိုယ့်ရွာနဲ့ မဝေးလှပါဘူး ဆိုပေမယ့် အထက်တန်းကျောင်းသား ကျောင်းသူဘဝနဲ့ လုံးဝမတူဘူး။ ကိုယ့်အားကိုယ်ကိုးကြိုးစားကြရပြီ။

ဒီအခါမှာ အတ္တာဟိ အတ္တနောနာထော၊ မိမိကိုယ်သာအားကိုးပြီး တွေ့ကြုံရသမျှ အခက်အခဲတွေကို ကျော်လွှားဖြတ်သန်းရလိမ့်မယ်။ ဝတ်တာစားတာ၊ နေတာ၊ ထိုင်တာ အမေကလာပြီး နေရာတကာ မကြည့်နိုင်တော့ပါ။

စိတ်ထင်ရာဆိုင်းပြီး၊ စားချင်တာစား၊ ဝတ်ချင်သလိုဝတ်၊ လွတ်သွားတတ်တယ်။ အရင်နဲ့မတူတော့ဘူး။ အပျံသင်စငှက်ငယ်ပေါ့။ ငါ့ကိုယ်ငါ အားကိုးရမယ်။

ငါကိုယ်တိုင် အသိဉာဏ်ဗဟုသုတစွမ်းအားခွန်အားရှိရမယ်။ ခွန်အားပြည့်အောင် မိမိကိုယ်ကို တည်ဆောက်ရမယ်။ စာကြိုးစားမယ်၊ များများလေ့ကျင့်မယ်။ ငါ့ဘဝကိုငါ ကြိုးစားမှုလုံ့လဝီရိယနဲ့ တည်ဆောက်ရမယ်။

ဒီအချက်ကို အလေးအနက်နားလည်ရပါမယ်။ စာတော်အောင်ကြိုးစားတာနဲ့ မပြီးသေးဘူး။ အတ္တသမ္မာပဏိဓိစမင်္ဂလာတဲ့ မိမိကိုယ်ကို ကောင်းစွာထိန်းသိမ်းနိုင်တဲ့လူဖြစ်ရပါမယ်။

စားသင့်မှစား၊ သွားသင့်မှသွား၊ စိတ်အလို မလိုက်ရဘူး၊ အပျော်အပါး မလွန်ကဲရဘူး။ အပျော်အပါးဆိုတာ အလွယ်တကူဆွဲဆောင်နိုင်တယ်။ စိတ်လွတ်ကိုယ်လွတ်၊ မိဘရဲ့အရိပ်က လွတ်လာပြီဆိုပြီး ဘီယာလေးသောက်လိုက်၊ စီးကရက်ခဲလိုက်၊ မူးယစ်စိရိဝေစေတဲ့ဆေးပြားလေးစမ်းကြည့်လိုက်၊ လွတ်ထွက်ပြီးအလွယ်တကူပျက်စီးနိုင်တယ်။

အတောင်ပေါက်စငှက်ကလေးများဟာ စွန်ငှက်၊ သိန်းငှက်၊ အသားစားငှက်မုဆိုးများရဲ့ စားသောက်ကိုက်သတ်ခြင်းကြောင့် သေပွဲဝင်ကြရတာတွေ အများကြီးပဲ။

လူဟာ သတိသမ္ပဇဉ်ဉာဏ်နဲ့ယှဉ်မှ ရှင်သန်ရတယ်။ နိုင်ရာစား၊ ကြီးနိုင်ငယ်ညှဉ်း၊ မတရားမှုရက်စက်မှုတွေဟာ ကောင်းကင်က ငှက်လောကထဲမှာလည်း ရှိတယ်။ ရေပြင်ကပင်လယ်သမုဒ္ဒရာထဲမှာလည်း ငါးကြီးကြီးက ငါးသေးသေးလေးတွေကို ဖမ်းယူစားသောက်သတ်ဖြတ်နေကြတာပဲ။

လောကကြီးမှာ ရှင်သန်အောင်ဆိုတာ ဉာဏ်နဲ့ဝီရိယနဲ့ ကြိုးစားမှ ကံကောင်းကြရတယ်။

လူ့လောကမှာ ပထမဦးစွာ မိမိကိုယ်ကိုတည်ဆောက်ရမယ်နော်။ မိမိကိုယ်ကိုအားကိုးပြီး ကြိုးစားရပါတယ်။ မိမိကိုယ်ကိုကောင်းစွာ စောင့်စည်းထိန်းသိမ်းတာဟာ မင်္ဂလာမည်ပါတယ်။

နေ့စဉ်ဘဝမှာ အချိန်ဇယားဆွဲပြီး မိမိကိုယ်ကိုကောင်းအောင်၊ တော်အောင် တည်ဆောက်သင့်တယ်။

ရနိုင်သမျှစု သို့မဟုတ် ငွေစုစာအုပ်နဲ့ လစဉ်လစဉ်ငွေစုရန်ဆိုတဲ့ အချိန်ဇယားဆောင်ရွက်ရန် အစီအစဉ်မှာ မိမိကိုယ်ကို ဒါန၊သီလ၊ဘာဝနာဆိုတဲ့ကုသိုလ်ကောင်းမှုတွေနဲ့ ပြည့်စုံအောင် လေ့ကျင့်ပွားများရတာဖြစ်ပါတယ်။

ဦးစွာပထမ မိမိကိုယ်ကိုကောင်းစွာ တည်ဆောက်ခဲ့ကြတဲ့လူတွေဟာ သူတို့ဘဝကို လှပအောင်၊ မြင့်မားအောင် ဖန်တီးနိုင်ကြတယ်။ သူတို့ယခုလို လူရာဝင်တာ၊ လူလေးစားကြည်ညိုခံရတာဟာ နေ့ချင်းညချင်းရရှိလာတာမျိုးတော့ မဟုတ်ဘူး။ သူတို့ဟာ အချိန်ကို အရင်းအနှီးပြုပြီး မိမိကိုယ်ကိုအားကိုးတယ်။ မိမိကိုယ်တိုင်ကြိုးစားခဲ့ကြတယ်။ မိမိရဲ့ စိတ်ကို ပျော်ရာပေါ်ရာ မလိုက်စားဘဲ လုပ်ရမှာကိုပဲလုပ်တယ်။ လုပ်သင့်တာကိုလုပ်တယ်။ မလုပ်ရမှာဆိုတဲ့ဟာမျိုး လုံးဝမလုပ်ဘူးရှောင်တယ်။ စိတ်ကိုထိန်းသိမ်းနိုင်ခဲ့တယ်။ ဒါကြောင့် တင့်တင့်တယ်တယ် ဘဝမျိုးရလာကြတာပဲ။

အတ္တာဟိ အတ္တနောနာထော၊ မိမိကိုယ်သာ အားကိုးကြိုးစားခဲ့ကြတာ အဓိကပဲ။

အတ္တနော မေဝ ပထမံ၊ မိမိကိုယ်ကို ဦးစွာပထမတည်ဆောက်ရမှာပါကလား ဆိုတဲ့အချက်ကို ကောင်းစွာလက်ခံနားလည်ခဲ့ကြလို့ပဲ။ အတ္တသမ္မာပဏိဓိစမင်္ဂလာဆိုတဲ့ မိမိကိုယ်ကို စိတ်ဖြူ နှုတ်ဖြူ အလုပ်ဖြူတဲ့ လူတော်လူကောင်းဖြစ်လာဖို့ စနစ်တကျ စောင့်ထိန်းခဲ့ကြသူတွေမို့ပါပဲ။

ဒါကြောင့် လူဟာ ဦးစွာပထမ မိမိကိုယ်ကိုတည်ဆောက်ရမယ်။ ပြီးမှ အခြားအလုပ်တွေ လုပ်စရာရှိတာလုပ်ပါ။ အရေးအကြီးဆုံးကတော့ မိမိကိုယ်ကို ကောင်းအောင် ပြုပြင်ထိန်းသိမ်းရပါမယ် ဆိုတာပါပဲ။ ဒါမှသာ ဘဝမှာ အောင်မြင်ချမ်းသာမှုကိုရရှိပြီး လောကကိုအလှဆင်နိုင်တဲ့သူတွေ ဖြစ်လာတော့မှာပေါ့ကွယ်။ ။

■

# ကြီးပွားချမ်းသာနည်းဗျူဟာ

**ထက်ခိုင်**

**ငွေကိုစနစ်တကျသုံးစွဲပါ**

သင့်အသုံးစရိတ်ကိုရေးချပြီး ဦးစားပေးအဆင့်ခွဲခြားသတ်မှတ်လိုက်လျှင် သင်သည် မလိုအပ်သောအသုံးစရိတ်များကို စာရင်းပြုစုနိုင်ပေမည်။

**စာရေးဆရာ**

**အမ်၊ အက်စ်၊ရက်ဒီ (M.S.Reddy)**

ကြီးပွားချမ်းသာခြင်းဟူသည် ငွေရေးကြေးရေးနှင့် အဓိကဆက်နွှယ်နေပေသည်။ ငွေရေးကြေးရေး၏ ရှင်သန်တိုးတက်ကြီးထွားမှုအပေါ်တွင် များစွာမူတည်နေလေရာ ငွေကြေးရရှိမှု၊ သုံးစွဲမှုများကို စနစ်တကျဖြစ်စေရန် လိုအပ်သည်။

ထို့အပြင် ကြီးပွားချမ်းသာရန်သေချာသော အဓိကသော့ချက် ကိုးခု၏ ပဉ္စမမြောက်အချက်တွင် ငွေကိုစနစ်တကျသုံးစွဲပါ။ ငွေဖြုန်းတီးမှုမဖြစ်စေရန် အသိ၊ သတိရှိပါစေ။ ဟူ၍ ပြဆိုထားသည်။

သို့ဖြစ်၍

အောင်မြင်ကြီးပွား ချမ်းသာလိုသူတိုင်းက ငွေကြေးစီမံခန့်ခွဲမှုကို ကောင်းမွန်စွာ ဦးစီးလုပ်ဆောင်တတ်ရန် အရေးပါလှသည်။

"သင့်ဝင်ငွေ၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိစုဆောင်းပါ။ ယင်းသို့ မစုဆောင်းနိုင်လျှင် အနည်းဆုံးအချိန်ပိုအလုပ်လုပ်ပါ" ဟူ၍ စာရေးဆရာ အမ်၊ အက်စ်၊ ရက်ဒီ(၁၉၂၄-၂၀၁၁) က ရေးသားဖော်ပြခဲ့ဖူးသည်။

မဖြစ်မနေ ငွေကြေးစုဆောင်းရင်းနှီးမြှုပ်နှံမှုပြုရန် သင့်စိတ်ကိုတုံးတုံးချ ဆုံးဖြတ်ထားရမည်။ ယင်းသည်ပင်လျှင် သင့်အားပြီးမြောက်အောင်မြင်စေနိုင်သည်ဟုလည်း အဆိုပါစာရေးဆရာက ဆိုထားသည်။

"ချွေတာစုဆောင်း သူဌေးလောင်း" ဟု မြန်မာဆိုရိုးစကားတွင်လည်း ရှိပေသည်။

ငွေကို ချွေတာစုဆောင်းခြင်းအားဖြင့် တဖြည်းဖြည်းစုစည်းမိလာကာ ငွေလုံးငွေရင်းတိုးတက်ကြီးထွားလာပြီး အရင်းအနှီးများရလာနိုင်သည်ဖြစ်ရာ ငွေကိုချွေတာစုဆောင်းခြင်းအလုပ်မှာ လုပ်သင့်လုပ်ထိုက်ပေသည်။



ထို့ကြောင့် ရရှိလာသောဝင်ငွေကို နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ စနစ်တကျသုံးစွဲတတ်ရမည်ဖြစ်သည်။

သို့မှသာ

ဝင်ငွေရသမျှအနေအထားမှ ခြိုးခြံချွေတာစုဆောင်းမှု အတိမ်အနက်ပေါ်မူတည်ကာ ငွေကြေးပိုင်ဆိုင်နိုင်မှုသည်လည်း သိသာစွာကွာခြားလာမည်ဖြစ်သည်။

ထို့ကြောင့် ငွေဖြုန်းတီးမှုမဖြစ်စေဘဲ၊ စုဆောင်းမှု၊ ချွေတာမှုတို့မှ ငွေကြေးလက်ဝယ်ပိုင်ဆိုင်နိုင်မှုစွမ်းအားမြင့်မားလာသည်နှင့်အမျှ ငွေကြေးကြွယ်ဝမှုကိုစတင်ခံစားလာရပေမည်။ ယင်းသည် ကြီးပွားချမ်းသာမှု လမ်းကြောင်းပေါ်သို့ ရောက်ရှိလာနိုင်ရန်လမ်းစလည်းဖြစ်ပေသည်။

လူတိုင်း လူတိုင်း ကြီးပွားချမ်းသာချင်ကြသည်။

ကြီးပွားချမ်းသာချင်သော လူတိုင်းသည် ကြီးပွားချမ်းသာလိုသည်ဟူသည့် အဓိကရည်မှန်းချက်တော့ ရှိနေရပေမည်။ ယင်းရည်မှန်းချက်အား အကောင်အထည်ဖော်နိုင်မှုအပေါ်တွင်သာ မူတည်၍ ကြီးပွားချမ်းသာမှု ရရှိခြင်း၊ မရရှိခြင်းတို့ ကွာသွားရခြင်းပင်ဖြစ်သည်။

"လောင်းကစားသောနည်းမျိုးဖြင့် ငွေရှာခြင်းသည် များစွာသောသူတို့ကို ပျက်စီးခြင်းတိုင်စေ၏။ ဖဲရိုက်ခြင်း၊ မြင်းလောင်းခြင်းတို့သာ လောင်းကစားမဟုတ်။ ကူးသန်းရောင်းဝယ်မှုတို့တွင်လည်း မျက်စိကိုမှိတ်၍ လုပ်ရသဖြင့် လောင်းကစားခြင်းနှင့်တူသော အလုပ်မျိုးရှိသေး၏။ ဤနည်းမျိုးဖြင့် စီးပွားရှာခြင်းသည်လည်း ပျက်စီးခြင်းသို့တိုင်ရောက်တတ်၏။ သို့သော် တွက်ချက်ပြီးနောက် လာဘ်မြင်သဖြင့် သူတစ်ပါးမလုပ်ဝံ့သော အလုပ်မျိုးကို စွန့်စားလုပ်ကိုင်ခြင်းနှင့် လောင်းကစားခြင်းတို့သည် များစွာခြားနား၏။ စွန့်စားလုပ်ကိုင်ခြင်းမည်သည် စိတ်ကူးကောင်းလျှင် အခါခပ်သိမ်းနိုင်တတ်၏။ လောင်းကစားမှုကား သူတစ်လှည့်၊ ငါတစ်လှည့်ဖြစ်တတ်၍ အခါခပ်သိမ်းမနိုင်နိုင်ချေ" ဟူ၍ စာရေးဆရာကြီးရွှေဥဒေါင်းက အကြံဉာဏ်ဖြင့် ကြီးပွားရေးစာအုပ်တွင် ဖော်ပြထားသည်။

"ကိုယ့်အစွမ်းအစ မဟုတ်ဘဲ အချောင်ဆက်ခံရရှိသော ငွေကြေးတို့သည် အောင်မြင်ခြင်းအတွက် အနှောင့်အယှက်ဖြစ်တတ်၏။ အချောင်ရသော ငွေကြေးသည် မွဲခြင်းထက်ဆိုးသေး၏။" ဟုလည်း ဆရာကြီး ရွှေဥဒေါင်းက အဆိုပါစာအုပ်တွင်ပါရှိသော ဆုံးရှုံးရခြင်းအကြောင်းကြီး ၃၀ ကိုရေးသား ဖော်ပြရာ၌ ထည့်သွင်းထားသည်။

သို့ဖြစ်၍

ကြီးပွားချမ်းသာလိုသော လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် ငွေကြေးစီမံခန့်ခွဲ အသုံးပြုတတ်ရန် လွန်စွာအရေးကြီးကြောင်းပြဆိုထားမှုများကို အလေးထားလိုက်နာသင့်ပေသည်။

ဗြိတိန်နှင့် အိန္ဒိယစာရေးဆရာကြီး အမ်၊ အက်စ်၊ ရက်ဒီက ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း စုဆောင်းကာ အသုံးစရိတ်ကိုရေးချပြီး ဦးစားပေး အဆင့်ခွဲခြားသတ်မှတ်ရန် လမ်းညွှန်ထားသကဲ့သို့ မြန်မာစာရေးဆရာကြီး ရွှေဥဒေါင်းကလည်း ငွေကြေးရှာဖွေသုံးစွဲမှု၊ ငွေကြေးစုဆောင်းမှုတို့နှင့်ပတ်သက်၍ လမ်းညွှန်ရေးသားထားမှုများစွာရှိပေသည်။

"အရမ်းသုံးဖြုန်းတတ်သောသူသည် မွဲမည်ကို စိုးရိမ်ရသောဘေးမှ မလွတ်သောကြောင့် မကြီးပွားနိုင်ချေ။ ဝင်ငွေ၏တချို့တစ်ဝက်ကို စုဆောင်းလေ့တတ်သောအကျင့်တစ်ခုရှိရမည်"

"လက်ထဲတွင် လက်ကျန်ငွေရှိသောသူသည် မွဲသွားမည်ကို ကြောက်ရွံ့နေရသောဘေးမှ လွတ်မြောက်သည့်ပြင် အလုပ်အကိုင်ကိုလည်း ရွေးချယ်နိုင်ခွင့်ရှိ၏။ လက်ကျန်ငွေမရှိသောသူမူကား တွေ့ရာအလုပ်ကို လုပ်ရတတ်၏။"

ဤသည်မှာ ဆရာကြီးရွှေဥဒေါင်း၏ လမ်းညွှန်မှုများစွာတို့မှ အချို့သာဖြစ်သည်။

ထိုကဲ့သို့သော ပြည်တွင်း ပြည်ပ စာရေးဆရာကြီးများ၏ ဆောင်ရန်ရှောင်ရန်နည်းလမ်းများကို မှတ်သားနာယူကာ ကြီးပွားချမ်းသာလိုသူတိုင်း ကျင့်ကြံလုပ်ဆောင်ကြပါ။ လုပ်ဆောင်ကြရန်လည်း လိုပေသည်။ လုပ်ဆောင်ကြမည်ဆိုလျှင် မုချဧကန် ကြီးပွားချမ်းသာလာမည်ဖြစ်တော့သည်။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၃၁ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၃၇ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန် ဆောင်ရွက်လျက်ရှိရာ (၅-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၆,၈၈၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၃၁) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၃၇) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၉၈,၂၀၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၄,၆၃၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၉၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၀,၇၀၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၁၄၆) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာ တွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ် (၄၆)၊ အပတ်စဉ် (၄၇) နှင့် အပတ်စဉ် (၄၈) တို့ကို နှိုင်းယှဉ်ချက်အရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ အပတ်စဉ်အလိုက် လျော့နည်းကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။
- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၆-၁၂-၂၀၂၁) ရက်နေ့၊ နံနက် (၀၆:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၄၄) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကြောင်းသိရှိရပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြု တွေ့ရှိရပြီး ဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများဖြစ်သော မလေးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် စင်ကာပူနိုင်ငံ တို့တွင်လည်း တွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက် ၍ ကမ္ဘာတစ်ဝန်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှု မရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်း စည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်-၁၉ ဗီဇ ပြောင်းမျိုးကွဲများ ဝင်ရောက် ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်း ဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၆-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၉၅၃) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၃) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅) ခု | (၂) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၇၅) ခု | (၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၀၃) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၇၀) ခု | (၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၅၈၂) ခု | (၁၈၇) ဦး |
| စုစုပေါင်း | (၁၆,၈၈၄) ခု | (၂၃၁) ဦး |

### လွန်ခဲ့သော(၂၁) ရက်အတွင်း ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုနှင့် အတည်ပြုလူနာသစ်တွေ့ရှိမှုအခြေအနေ (၁၄-၁၁-၂၀၂၁ မှ ၄-၁၂-၂၀၂၁) ရက်နေ့အထိ

| ရက်စွဲ | ဓာတ်ခွဲနမူနာ စုစုပေါင်း | ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | ပျမ်းမျှရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း |
|---|---|---|---|
| (၁၄-၁၁-၂၀၂၁ မှ ၂၀-၁၁-၂၀၂၁) (Epi Week-46) | ၁၆၃,၈၈၈ | ၄,၈၄၇ | ၂.၉၆ |
| (၂၁-၁၁-၂၀၂၁ မှ ၂၇-၁၁-၂၀၂၁) (Epi Week-47) | ၁၇၁,၉၈၆ | ၃,၈၁၆ | ၂.၂၂ |
| (၂၈-၁၁-၂၀၂၁ မှ ၄-၁၂-၂၀၂၁) (Epi Week-48) | ၁၄၂,၆၇၀ | ၂,၉၁၁ | ၂.၀၄ |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၉၉၆၉၈၅၆ | ၃၉၅၂၃၅၇၃ | ၈၀၈၇၆၃ |
| ၂။ | အိန္ဒိယ | ၃၄၆၄၁၅၆၁ | ၃၄၀၆၉၆၀၈ | ၄၇၃၅၃၇ |
| ၃။ | ဘရာဇီး | ၂၂၁၄၃၀၉၁ | ၂၁၃၆၂၅၅၃ | ၆၁၅၆၇၄ |
| ၄။ | ဗြိတိန် | ၁၀၄၆၄၃၈၉ | ၉၂၂၀၆၂၆ | ၁၄၅၆၀၅ |
| ၅။ | ရုရှား | ၉၈၃၃၇၄၉ | ၈၅၃၀၄၇၆ | ၂၈၂၄၆၂ |
| ၆။ | တူရကီ | ၈၉၀၁၁၁၇ | ၈၄၃၆၇၁၂ | ၇၇၈၃၀ |
| ၇။ | ပြင်သစ် | ၇၉၁၇၂၆၄ | ၇၁၇၁၃၅၁ | ၁၁၉၅၃၅ |
| ၈။ | ဂျာမနီ | ၆၁၇၉၈၃၉ | ၅၁၂၀၁၀၀ | ၁၀၃၆၀၄ |
| ၉။ | အီရန် | ၆၁၃၇၈၂၁ | ၅၉၃၀၅၀၂ | ၁၃၀၂၇၇ |
| ၁၀။ | အာဂျင်တီးနား | ၅၃၄၀၆၇၆ | ၅၂၀၁၈၄၀ | ၁၁၆၆၄၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၅၇၈၁၅ | ၄၁၀၈၂၉၇ | ၁၄၃၈၇၆ |
| ၂။ | ဖိလစ်ပိုင် | ၂၈၃၅၁၅၄ | ၂၇၇၂၁၀၇ | ၄၉၄၉၉ |
| ၃။ | မလေးရှား | ၂၆၅၈၇၇၂ | ၂၅၆၆၁၅၉ | ၃၀၆၁၄ |
| ၄။ | ထိုင်း | ၂၁၄၅၂၄၁ | ၂၀၅၅၂၆၅ | ၂၀၉၆၄ |
| ၅။ | ဗီယက်နမ် | ၁၃၂၃၆၈၃ | ၁၀၁၀၄၀၇ | ၂၆၄၈၃ |
| ၆။ | မြန်မာ | ၅၂၄၆၃၈ | ၅၀၀၇၀၁ | ၁၉၁၄၆ |
| ၇။ | စင်ကာပူ | ၂၆၉၂၁၁ | ၂၅၉၅၅၆ | ၇၅၉ |
| ၈။ | ကမ္ဘောဒီးယား | ၁၂၀၂၇၂ | ၁၁၆၆၂၇ | ၂၉၆၃ |
| ၉။ | လာအို | ၈၀၇၂၂ | ၆၈၄၂၄ | ၂၁၀ |
| ၁၀။ | ဘရူနိုင်း | ၁၅၁၈၆ | ၁၄၇၇၃ | ၉၈ |

# သတိကြီးစွာထားရှိရမည့် မျိုးဗီဇပြောင်း အိုမီခရွန်

**ပေါက်ပေါက်**

မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှုနှုန်း သုံးရာခိုင်နှုန်း အောက်သို့ ကျဆင်းလာခြင်းမှာ ကိုးရက်ဆက်တိုက် ရှိပြီး ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ၁၀ ဦး အောက် လျော့ကျလာသည်မှာ ငါးရက်ဆက်တိုက် ရှိပြီဖြစ်ကြောင်း နိုဝင်ဘာလ၏ နောက်ဆုံးသီတင်းပတ်က ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ အားရဖွယ်ကြားသိရပါသည်။ လက်ရှိဖြစ်ပွားနေသည့် တတိယလှိုင်းကာလအတွင်း ကိုဗစ်- ၁၉ ရောဂါကူးစက်ပြန့်ပွားမှုမြင့်မားခဲ့သော မြို့နယ် ၁၁၉ မြို့နယ်အား နေအိမ်တွင်နေထိုင်ရေး အစီအစဉ် (Stay at Home) သတ်မှတ်ဆောင်ရွက်ခဲ့ရာတွင် လူနာသစ်တွေ့ရှိရမှုနှင့် ပိုးတွေ့ရှိနှုန်း လျော့နည်းကျဆင်းလာသော မြို့နယ်များအား Stay at Home မြို့နယ်အဖြစ်မှ ဖြေလျှော့ပေးလျက်ရှိရာ နိုဝင်ဘာလ ၂၆ ရက်နေ့အထိ နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် ဆက်လက်အကျုံးဝင်နေသည့် မြို့နယ် ၁၁ မြို့သာကျန်တော့သည်မှာ နိုင်ငံတော်နှင့် ပြည်သူတို့၏ ညီညွတ်မှုတစ်ရပ်ဖြစ်ပေသည်။




**ဗိုင်းရပ်စ်သစ်တွေ့ရှိကြောင်း WHO ကြေညာချက်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သည် ထပ်မံတွေ့ရှိသော ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲသစ် (B.1.1.529) အား "အိုမီခရွန် (Omicron)"ဟု အမည်ပေးလိုက်ပြီး အဆိုပါဗိုင်းရပ်စ်သည် အကြိမ်ကြိမ်သန္ဓေပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ရာ စိုးရိမ်စရာကောင်းသော ဗိုင်းရပ်စ်ဖြစ်သည်ဟု ကြေညာထားသည်။ ၎င်းဗိုင်းရပ်စ်သစ်ကို တောင်အာဖရိကတွင် နိုဝင်ဘာလ ၂၄ ရက်နေ့က စတင်တွေ့ရှိခဲ့ပြီး ဘော့ဆွာနာ၊ ဘယ်လ်ဂျီယံ၊ ဟောင်ကောင်နှင့် အစ္စရေးတို့တွင်လည်း တွေ့ရှိထားသည်။

**ပြင်းအားပမာဏ ငါးဆပိုသည့် အိုမီခရွန်(Omicron) သည် ယခုအခါ အာရှတိုက်၏ ဂျပန်နိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ရာ မိမိတို့နိုင်ငံအတွင်း ကိုဗစ်လှိုင်းအသစ် မဖြစ်ပေါ်စေရေး အထူးသတိချပ်ဖို့လိုနေပါပြီ။ သို့သော် အကြောက်မလွန်ပါနှင့်။ မိမိတို့ မြန်မာနိုင်ငံသည် ပထမလှိုင်း၊ ဒုတိယလှိုင်းတို့ကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့ပြီး ဖြစ်ပါသည်။ တတိယလှိုင်းအခြေအနေမှာလည်း သုံးရာခိုင်နှုန်းအောက် ကျဆင်းနေပြီဖြစ်ရာ ကိုဗစ်ပျံ့နှံ့မှုလျော့ကျရေးအတွက် လက်ရှိအခြေအနေကို ဆက်လက်ထိန်းသိမ်းထားကြဖို့လို**

**ပြင်းထန်အိုမီခရွန်အကြောင်း သိကောင်းစရာ**

ကိုဗစ်-၁၉ မျိုးဗီဇပြောင်း အိုမီခရွန်၏ နောက်ဆက်တွဲဆိုးကျိုးများတွင် ၎င်း၏ဆူးချွန်၌ပါသည့် ခုခံအားစနစ်အရ အရေးပါသည့် RBD- Receptor Binding Domain နှင့် NTD- N-Terminal Domain နေရာများတွင် ပြောင်းလဲမှုများဖြစ်ခြင်းကြောင့် ကာကွယ်ဆေးများ၏ ထိရောက်မှု (neutralization antibodies effects) ကို လျော့ကျစေနိုင်သကဲ့သို့ လူလုပ်ပဋိပစ္စည်း (therapeutic monoclonal antibodies) များ၏ ထိရောက်မှုကိုလည်း လျော့ကျစေနိုင်သည်။ ထို့ပြင် ဆူးချွန်မှာပါရှိသည့် လူ့ခန္ဓာကိုယ်ဆဲလ်အတွင်းကိုဝင်ရောက်အောင် ဆောင်ရွက်နိုင်သည့်အပိုင်းတွင် ပြောင်းလဲမှုများ ဖြစ်ခြင်းကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုမြန်ဆန်စေခြင်း၊ အယ်လ်ဖာ၊ ဘီတာ၊ ဂမ်မာနှင့် ဒယ်လ်တာ မျိုးကွဲများကဲ့သို့ (nsp6 deletion) ပြောင်းလဲမှုများကြောင့် မွေးရာပါကိုယ်ခံအားစနစ် (innate immunity) ကို ရှောင်လွှဲနိုင်စွမ်းများရှိလာနိုင်၍ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုမြန်ဆန်နိုင်ကြောင်း သိရပါသည်။ နောက်ထပ်စိုးရိမ်ဖွယ်တစ်ရပ်မှာ ၎င်းဗိုင်းရပ်စ်သည် ဒယ်လ်တာမျိုးဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ထက် စပိုက်ခ်ပရိုတင်းတည်နေရာ၌ မျိုးဗီဇ အပြောင်းအလဲ ငါးဆတိတိပိုများနေကြောင်း အာဖရိကသုတေသနပညာရှင်များ၏ အဆိုအရ သိရပါသည်။

**ပြည်ပနိုင်ငံများနှင့် အိုမီခရွန်**

ဖိုင်ဇာနှင့် ဘိုင်အိုအန်တက် ကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို သုံးကြိမ်တိတိ ထိုးနှံပြီးသည့် အစ္စရေးဆရာဝန်နှစ်ဦးသည် အိုမီခရွန် ဗီဇပြောင်းကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း၊ ၎င်းတို့အနက် တစ်ဦးမှာ ပြီးခဲ့သည့်သီတင်းပတ်တွင် လန်ဒန်မြို့၌ပြုလုပ်ခဲ့သည့် ညီလာခံတစ်ခုသို့ တက်ရောက်ပြီး ပြန်လာခြင်းဖြစ်ကာ ၎င်း၏မိတ်ဆွေဆရာဝန်တစ်ဦးကို ဆက်လက်ကူးစက်စေခြင်းဖြစ်ကြောင်း တဲအဗစ်မြို့အနီးရှိ ရှီဘာဆေးရုံမှ တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ပြောကြားခဲ့သည်။ ထို့ပြင် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဂျပန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းရောဂါပိုး ပထမဆုံးကူးစက်ခံရသူတစ်ဦး တွေ့ရှိထားသဖြင့် နိုင်ငံအတွင်း ဗီဇပြောင်းပိုးကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန်အတွက် ပြည်ပခရီးသွားများ ဝင်ရောက်မည့်ဝင်ပေါက်များကို ပိတ်သွားမည်ဟု နိုဝင်ဘာလ ၂၉ ရက်နေ့က သတင်းထုတ်ပြန်ထားကြောင်း လေ့လာသိရပါသည်။ ထို့ကြောင့် စာရေးသူတို့ မြန်မာနိုင်ငံတွင်လည်း ကိုဗစ်လှိုင်းအသစ်မဖြစ်စေရေး ပြည်ဝင်၊ ပြည်ထွက်ခရီးသွားများကို အထူးစိစစ်ကြပ်မတ်နိုင်မှသာ တန်ကာကျပေမည်။

**အိုမီခရွန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ သတိပေးချက်**

လတ်တလောကာလတွင် အာဖရိကနိုင်ငံများ၏အခြေအနေများအရ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများသည် မျိုးဗီဇပြောင်းလဲသည့် အိုမီခရွန် (Omicron) ဝင်ရောက်လာမှုနှင့်အတူ လှိုင်းတစ်လှိုင်း အသစ်ဖြစ်ပွားနိုင်မှု၏ အစအသွင်ဖြစ်နေ၍ သတိကြီးစွာစောင့်ကြည့်ရမည့်အနေအထားဖြစ်ကြောင်းနှင့် အသစ်တွေ့ရှိသော အိုမီခရွန်ပိုး၏ မျိုးဗီဇ (nucleocapsid) မှာလည်း အယ်လ်ဖာ၊ ဂမ်မာနှင့် ဒယ်လ်တာမျိုးကွဲများကဲ့သို့ ပြောင်းလဲမှု (R203K + G204R mutations)များ ဖြစ်နိုင်၍ ရောဂါဝင်ရောက်ကူးစက်ဖြစ်ပွားနိုင်ခြင်း (infectivity) ကို မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

အချုပ်အားဖြင့်ဆိုသော် ပြင်းအားပမာဏ ငါးဆပိုသည့် အိုမီခရွန်(Omicron) သည် ယခုအခါ အာရှတိုက်၏ဂျပန်နိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ရာ မိမိတို့နိုင်ငံအတွင်း ကိုဗစ်လှိုင်းအသစ် မဖြစ်ပေါ်စေရေး အထူးသတိချပ်ဖို့လိုနေပါပြီ။ သို့သော် အကြောက်မလွန်ပါနှင့်။ မိမိတို့မြန်မာနိုင်ငံသည် ပထမလှိုင်း၊ ဒုတိယလှိုင်းတို့ကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့ပြီးဖြစ်ပါသည်။ တတိယလှိုင်း အခြေအနေမှာလည်း သုံးရာခိုင်နှုန်းအောက် ကျဆင်းနေပြီဖြစ်ရာ ကိုဗစ်ပျံ့နှံ့မှုလျော့ကျရေး အတွက် လက်ရှိအခြေအနေကို ဆက်လက် ထိန်းသိမ်းထားကြဖို့လိုပါသည်။ လူသားတို့နေထိုင်ရာ ဤကမ္ဘာကြီးအတွင်း ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲသစ်များ မဆိတ်သုဉ်းမချင်း မိမိတို့အားလုံး ဘဝနေထိုင်မှုပုံစံသစ်ဖြင့် ကိုဗစ်နှင့်အတူ ယှဉ်တွဲနေထိုင်ရမည်ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုတစ်ရပ်လုံး မလွဲမသွေပူးပေါင်းပါဝင်ဆောင်ရွက်ကြရပါမည်။ ထို့ပြင် ပါးစပ်နှင့် နှာခေါင်းစည်း တပ်ခြင်း၊ Face Shield တပ်ဆင်ခြင်း၊ လက်ကို ဆပ်ပြာဖြင့် စက္ကန့် ၂၀ ကြာ မကြာခဏဆေးကြောခြင်း၊ လူစုလူဝေးရှောင်ခြင်း အစရှိသည့် ကိုဗစ်-၁၉ စည်းကမ်းများကို စဉ်ဆက်မပြတ်လိုက်နာကာ ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူကြပါရန်နှင့် ကိုဗစ်လှိုင်းသစ် မဖြစ်စေရန် ပိုမိုသတိရှိကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။



## ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်မြတ်ထွန်းအိမ်ရာ၊ အမှတ်-၂၁၆/၂၂၂ မြေညီထပ်၌တည်ရှိသော ထွန်းစေရီကုမ္ပဏီလီမိတက် ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည် –

Shiny

အထက်၌ ကပ်နှိပ်ဖော်ပြထားသော 'Shiny' အမှတ်တံဆိပ် အမည် အမှတ်အသားသည် ထွန်းစေရီကုမ္ပဏီလီမိတက် ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ဖန်တီးထားသော ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားဖြစ်ပြီး အဆိုပါကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားအားအသုံးပြု၍ ဆပ်ပြာတုံး၊ ဆပ်ပြာခဲ၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာရည်၊ ဆပ်ပြာခရင်မ်၊ အဝတ်အထည်ပျော့ဆေး၊ အစွန်းချွတ်ဆေး၊ မှန်ကြည်ဆေးရည်၊ ပန်းကန်ဆေးဆပ်ပြာရည်၊ ရေချိုးခန်းသုံးသန့်စင်ဆေးရည်မျိုးစုံ၊ ကြမ်းတိုက်ဆေး၊ ကြွေချေးချွတ်ဆေး၊ မီးဖိုခန်းသုံးသန့်စင်ဆေးရည်မျိုးစုံ၊ လက်သန့်ဆေးရည်အပါအဝင် အထွေထွေပိုးသန့်စင်ဆေးရည်မျိုးစုံတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည်ဖြစ်သဖြင့် အဆိုပါ 'Shiny' ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားအား တစ်ဦးတည်းမူပိုင်ပြုလုပ်သုံးစွဲနိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ အထက်ပါ ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားနှင့် ထပ်တူထပ်မျှ၊ ဆင်တူယိုးမှားဖြစ်စေသော ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားတစ်ခုခုကို တစ်ဦးတည်းမူပိုင် ပြုလုပ်မှတ်ပုံတင်လျက်ဖော်ပြပါ ကုန်ပစ္စည်းအမျိုးအစားများနှင့်တူညီသော ကုန်ပစ္စည်းများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းဖြင့် သုံးစွဲလျက်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အထက်ပါ 'Shiny' ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားအား ထွန်းစေရီကုမ္ပဏီလီမိတက် မှ တစ်ဦးတည်းမူပိုင်ပြုလုပ်သုံးစွဲရန် တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**သင်းကြူစိုး LL.B., LL.M.**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)**
**ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။**

## မော်တော်ယာဉ် ကမ-၃ပျောက်မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ်အမှတ်၊ 7H/9445 ယာဉ်ပိုင်ရှင်အမည် ဒေါ်ထရေးဇာ[၂/ဒမဆ(နိုင်)၀၃၃၃၀၄]သည် မော်တော်ယာဉ် ကမ-၃ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်- **ကညန၊ ပြည်နယ်ဦးစီးမှူး(လှိုင်ကော်မြို့)**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်
## ၂၀၂၁ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၇၆
### ကွယ်လွန်သူ ဦးသန်းထွဋ်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ လမ်း(၄၀)၊ ပထမထပ်၊ **အမှတ်-၁၉၇** ၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသန်းထွဋ်၏ ကျန်ရစ်သောပစ္စည်းများအပေါ် အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်တင်မျိုးနွယ်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ရက်(၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသန်းထွဋ်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ရက်(၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်တင်မျိုးနွယ်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးခွန်ဖြူ)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၇)၊ မြေကွက်အမှတ်(၃၇၃/က)၊ မြေကွက်တည်နေရာအမှတ်(၃၇၃/က)၊ (၈၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဒေါ်သင်းသင်းခိုင်[၁၂/ဥကတ(နိုင်)၀၅၆၈၉၂]အမည်ပေါက်ပါမစ်မြေအား ပါမစ်မြေအမည်ပေါက် ဒေါ်သင်းသင်းခိုင်ထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူသူ ဒေါ်မြင့်မြင့်စန်း[၁၂/ဒပန(နိုင်)၀၃၄၅၈၃]မှ ပါမစ်မူရင်း(အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းစာရွက်တွင် မြေကွက်ချထားခြင်းခံရသူ၏ လက်မှတ်မပါပါ) စာချုပ်တို့တင်ပြ၍ နှစ်(၆၀)မြေငှား(ဂရန်)လျှောက်ထားလာခြင်းဖြစ်ပါသည်။ ပါမစ်ရှိအိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းစာရွက်တွင် မြေကွက်ချထားပေးခံရသူ လက်မှတ်မပါခြင်းနှင့် အရောင်းအဝယ်စာချုပ် (၁၊ ၂၊ ၃၊ ၄) ပြည့်စုံစွာချုပ်တင်ပြထားခြင်းမရှိပါသဖြင့် အကြောင်းကြားခဲ့ရာ ပါမစ်ရှိ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းစာရွက်တွင် မြေကွက်ချထားပေးခံရသူလက်မှတ်မပါရှိခြင်းမှာ အမည်ပေါက်ထံမှ ဝယ်ယူခဲ့ခြင်းမဟုတ်ဘဲ အရပ်စာချုပ်ဖြင့်ဝယ်ယူခဲ့ခြင်းသာဖြစ်ကြောင်း စာချုပ်(၁၊ ၂၊ ၃) သက်သေနိုင်/ကတ်မှတ်မပါခြင်း၊ ကုတ်နံပါတ်ကွဲလွဲနေခြင်းအား ပြဿနာပေါ်ပါက တာဝန်ယူကြောင်း၊ စာချုပ်(၃၊ ၄)တို့အား ပြည့်စုံစွာစာချုပ်များတင်ပြလာပါသည်။ သို့ဖြစ်ပါ၍ပါမစ်မြေအမည်ပေါက် ဒေါ်သင်းသင်းခိုင်ထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူသူ ဒေါ်မြင့်မြင့်စန်းမှ ပါမစ်မူရင်း(အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများ စာရင်းစာရွက်တွင် မြေကွက်ချထားပေးခံရသူလက်မှတ်မပါပါ) တင်ပြ၍ နှစ်(၆၀)မြေငှား (ဂရန်)လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆/ကံဘဲ့)၊ မြေကွက် အမှတ်(၁/င)၊ ဧရိယာ(၀.၂၂၉)ဧက၊ နှစ်(၆၀)မြေငှားဂရန်၊ မြေကွက်တည်နေရာအမှတ်(၂၁)၊ ပြည်သာယာလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ အမည်ပေါက် ဦးလွင်မြင့်(ခ) ကျော်ဟိန်း[၁၂/ဗဟန(နိုင်)၀၆၄၂၂၉]၊ ဒေါ်ခင်အေးဝေ[၁၂/ ရကန(နိုင်) ၀၅၅၅၅၅]၊ ဒေါ်ခင်အေးကြူ[၁၂/ရကန(နိုင်)၀၅၆၁၂၂]၊ ဒေါ်ဆွေဆွေဝင်း[၁၂/ရကန (နိုင်) ၀၃၈၈၂၆]၊ ဦးခင်ဇော်[၁၂/ပဇတ (နိုင်)၀၁၃၆၉၅]၊ ဒေါ်ခင်ထွေးရီ[၁၂/ရကန (နိုင်)၀၅၅၁၄၇]ဖြစ်ပြီး အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်အေးကြူ(ဇနီး) ကွယ်လွန်သဖြင့် ၎င်း၏အစုအား ခင်ပွန်းဖြစ်သူ ဦးမျိုးဝင်း[၇/ဒဥန(နိုင်)၀၈၂၁၁၆] မှ ကျန်အမည်ပေါက်များနှင့် ပူးတွဲ၍ နှစ်(၆၀)မြေငှားဂရန်၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းကြေညာမှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက် ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂Y၂၊ မြေကွက်အမှတ်-V ၃၄၃၊ မြေကွက်တည်နေရာအမှတ်(၇၄)၊ (၁၂)လမ်း၊ (၅)ရပ်ကွက်၊ လမ်းမတော်မြို့နယ် အမည်ပေါက် ဒေါ်လှညို[၁၂/လမတ(နိုင်)၀၁၀၂၉၈]မြေအား အမည်ပေါက်မိခင်ဒေါ်လှညိုသည် (၂၉-၇-၂၀၂၁)ရက်နှင့် ဖခင်ဦးအောင်သန်းသည် (၆-၁-၂၀၁၈)ရက်တို့တွင် ကွယ်လွန်ခဲ့ပြီး ၎င်းတို့တွင် ဦးလှသန်း၊ ဒေါက်တာအောင်ကျော်လင်း၊ ဦးဝင်းသော် သား(၃)ဦးထွန်းကားခဲ့ပြီး၊ ၎င်းတို့ထဲမှ သားအကြီးဆုံးဖြစ်သူ ဦးလှသန်းမှ အမည်ပေါက် မိခင်နှင့်ဖခင်တို့ထက် စော၍ (၅-၈-၁၉၉၁)ရက်တွင် ကွယ်လွန်ခဲ့ပါသဖြင့် ၎င်း၏အစုအတွက် တစ်ဦးတည်းသောအမွေမမီမြေးဖြစ်သူ ကိုဝင်းထိုက်အောင်[၁၂/လမတ(နိုင်)၀၃၄၀၃၄]မှ ကျန်သားများဖြစ်ကြသော ဒေါက်တာ အောင်ကျော်လင်း [၁၂/လမတ(နိုင်)၀၁၀၂၅၈]၊ ဦးဝင်းသော်[၁၂/လမတ(နိုင်)၀၂၄၇၃၁] တို့နှင့်အတူ သား/မြေးတော်စပ်ကြောင်း ၂၂-၉-၂၀၂၁ရက်ပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ နှစ်(၆၀)ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးမြဦး(ဒေါ်အေးကြည်၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ)၊ [၁၂/ပဇတ(နိုင်)၀၁၅၀၇၉]မှ ဖြူးမြို့၊ မြို့မအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁-က)၊ မြို့မစက်ရုံရပ်၊ ဦးပိုင်အမှတ် (၁၄)၊ ဧရိယာ ၀ ဒသမ ၂၀၅ ဧက၊ ဦးပိုင်အမှတ်(၁၅)၊ ဧရိယာ ၀ ဒသမ ၂၀၄ ဧက၊ စုစုပေါင်း ၀ ဒသမ ၄၀၉ ဧကရှိ အရှေ့-မီးရထားလမ်း၊ အနောက်-ပဲခူးလမ်း၊ တောင်-ဦးပိုင်အမှတ်(၁၆)၊ မြောက်-ဦးပိုင်အမှတ်(၁၃) အလားလေးရပ်အတွင်းရှိ ဦးသိန်းအောင် အမည်ပေါက် ဘိုးဘပိုင်ခြံမြေကွက်အား ဒေါ်အေးကြည်အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ၂၄-၁၂-၂၀၂၁ရက်မတိုင်မီ ဖြူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**ဖြူးမြို့**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့၊ အထက(ခွဲ)၊ ကလော့ကြီး၊ Grade(8)ကျောင်းဝင်နံပါတ်(၄၅၄၆)၊ မမေနဒီလှိုင်၏ဖခင်အမည်မှန်မှာ ဦးသန့်ဇင်[၁၀/ရမန(နိုင်)၁၆၂၆၉၄] ဖြစ်ပါကြောင်း။

**ဦးသန့်ဇင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ မန္တလေး(A) လမ်းနေ မနီလာ(ခ)မပါးပါး [၁၂/မဂတ(နိုင်)၀၇၈၆၇၁]၏သားဖြစ်သူ မောင်ချစ်ခင်(ခ)မောင်ချစ်၊ သမီးဖြစ်သူ မညီမ်းညီမ်းမျိုး(ခ)မဆုမ တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်(မြို့သစ်)၊ မြေကွက်အမှတ်(၅၅)၊ အကျယ်အဝန်းပေ(၂၅x၅၀)၊ ဧရိယာ(၀.၀၂၈)ဧကရှိ နှစ်(၆၀)မြေငှား ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော "အမှတ်(၆၆)၊ မင်္ဂလာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်ဟုခေါ်တွင်သော (၂)ခန်းတွဲ(၆)ထပ်တိုက်အဆောက်အဦ၏ ကန်ထရိုက်တာရရှိထားသော မြေညီထပ်အခန်း၊ အကျယ်အဝန်း(၁၂.၅ ပေ x ၅၀ ပေ)နှင့် အမြင့် (၁၇) ပေ ရှိထပ်ခိုးပါ တိုက်ခန်း"နှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဥပဒေအရ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ကန်ထရိုက်တာဖြစ်သူ ဦးသီဟ[၁၂/သကတ(နိုင်)၁၅၆၂၆၃]မှ ဝန်ခံသဖြင့် ဦးသီဟထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းထိုက်နှင့် ဒေါ်မေဝါလင်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲသဲမာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၆၀/၂၀၁၇)**
**LL.B, D.B.L, D.I.L, WIPO**
**အမှတ်-၈၃၇၊ မင်းရဲကောင်းပုံလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်းနံပါတ်-၀၉-၇၉၉၆၈၁၂၁၇၊ ၀၉-၆၉၂၉၁၉၉၂၁**

## အမည်ပြောင်း

မွန်ပြည်နယ်၊ ရေးမြို့၊ ရန်ကြီးအောင်ရပ်ကွက်သစ်(၁)လမ်းနေ (အဖ) ဦးပါဆန်း [၁၀/မဒန(နိုင်)၁၀၇၁၆၈]၏သမီး[၁၀/ရမန(နိုင်)၂၅၄၂၃၄] ကိုင်ဆောင်သူ မယဉ်ယဉ်ဖြိုးအား မဇင်ယုလှဲ့ဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဇင်ယုလှဲ့ဟန်**

## အမည်ပြောင်း

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အလက (ကော့လှိုင်)၊ Grade(6)မှ (အဖ) ဦးကြီး [၁၀/ခဇန(နိုင်)၀၀၅၁၇၅]၏ သမီး မရွှန်းလဲ့ခိုင်(ခ)မလင်းလက်ခိုင်အား မယုဝတီဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မယုဝတီ**

## ပျောက်ဆုံးကြောင်း

ဦးသက်ကိုလွင်[၁၄/ပသန(နိုင်)၁၆၃၂၀၅]ပိုင်ဆိုင်သော "M.V- ဘောဂဝတီ" ON-6402 (A) ရေယာဉ်၏လုပ်ငန်းလိုင်စင်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။

**ဖုန်း-၀၉-၅၀၉၄၄၀၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၉၊ မြေကွက်အမှတ်-7B/1A ၊ မြေပိုင်မြေပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ်(၂၅)၊ ၄-လွှာ(အေ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမြင့်အောင်[၁၂/မဂတ(နိုင်)၀၈၂၄၆၂]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးရဲလင်းအောင် [၉/တကန(နိုင်)၁၁၇၉၅၉]၊ ဒေါ်စန်းဇင်မာ[၁၀/မဒန(နိုင်)၁၆၁၈၇၈]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းတိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲလင်းအောင်၊ ဒေါ်စန်းဇင်မာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**တရားလွှတ်တော်ရှေ့နေများ**

| | |
|---|---|
| **ဦးတင်မောင်သိမ်း(မအူပင်) (LL.B)** | **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** |
| **(စဉ်-၅၉၉၁)** | **(စဉ်-၁၁၅၅၃)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၂၄၅၅၉၊ ၀၉- ၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ဖခင်အမည်မှန်

နောင်ချိုမြို့၊ အထက(၂)၊ ဒသမတန်းမှ မောင်စိုးပြည့်အောင်နှင့် အထက(ခွဲ)နမ့်ဆောင်ဟူး၊ ပဉ္စမတန်းမှ မောင်ပြည့်ဖြိုးအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင် [၁၃/နခတ(နိုင်)၀၆၃၆၀၈]ဖြစ်ပါကြောင်း။

**ဦးမောင်မောင်**

သင့်သွေးဖြင့်
အသက်ကယ်ပါ

## အများသိစေရန် ကြေညာချက်

မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊မေခါဝီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (စ)၊ မြေကွက်အမှတ် (၂၃၀/က)၊ အိမ်အမှတ် (၂၃၀/က)တွင် (၃)ထပ်တိုက်(Roof Slab)(မိသားစုနေအိမ်)+ခြံစည်းရိုး ဆောက်လုပ်ကာရုံခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန အမည်ပေါက် ဒေါ်ခင်ဝင်းဌေး၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးပြည့်စုံအောင်မှ Yangon Building Permit System (YBPS)တွင် အမှုတွဲအမှတ်၊ BP1-2520 ဖြင့် လျှောက်ထားလာရာတွင် မြေအမည်ပေါက် ဒေါ်ခင်ဝင်းဌေး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း တင်ပြနိုင်မှုမရှိခြင်းနှင့်ပတ်သက်၍ အဆိုပြုမြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာရရှိသူမှ ဝယ်ယူပိုင်ဆိုင်ထားပြီး အမည်ပေါက်နှင့် ဆက်သွယ်၍ မရတော့ပါသဖြင့် မြေအမည်ပေါက်၏ မှတ်ပုံတင်မိတ္တူဖြင့်သာ ခွင့်ပြုပေးပါရန် အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူမှ လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပင်းယ(၁၈)လမ်း၊ အမှတ်(၁၀၂၆-က)မှန်ခန်း၊ အကျယ်အဝန်း ပေ(၁၈x ၅၄)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ဆက်သွယ်ထားသော အကျိုးခံစားခွင့်များအားလုံးကို ဒေါ်စန်းထွေး[၁၂/ဥကတ(နိုင်)၀၇၇၂၈၅]သည် မိမိမှသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂၇)**
**အမှတ်(၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**Ph:09-783535003**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ ရန်မျိုးအောင်ဘုရားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ဝေဘာဂီ၊ မြေကွက်အမှတ်-၃၁၂၊ ဧရိယာ အလျား ပေ ၆၀ x အနံ ပေ၈၀ (၀.၁၁၀)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်(အားလုံး)ကို ဂရန်အမည်ပေါက် ပိုင်ရှင်ဦးမျိုးသူ[၁၂/လသန(နိုင်)၀၀၃၄၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးနိုင်[၁၂/ဥကမ(နိုင်)၀၆၉၀၅၇]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးစိုးဝင်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၁/၁၈)**
**ဗိုလ်အောင်ကျော်လမ်း၊ လိန်ကုန်းမြောက်ဘက်ကမ်း**
**အမှတ်(၂၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ Ph:-09-262137764**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်-(၃၁)၊ ပထမထပ်(ခြေရင်းခန်း) အလျား-(၁၅-ပေ)×အနံ(၆၀-ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် (၃-၂-၁၉၉၈)ရက်စွဲပါ အိမ်ခန်းအရောင်းအဝယ်ကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်သူများဖြစ်သော **မအေးအေးသက်** ( ၆/ထဝန (နိုင်) ၀၀၇၆၂၂ )နှင့် **မနုနုသိန်း** ( ၆/ထဝန(နိုင်)၀၀၇၆၂၃ )တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်အပြီးစာချုပ်ကို ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဦးသွင်ဇာနည်ဦး(ဥပဒေဘွဲ့) | ဒေါ်ခိုင်ဇင်လတ်(ဥပဒေဘွဲ့) |
| အထက်တန်းရှေ့နေ(စဉ်-၄၈၄၇၄) | အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၀) |

အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၅၊ ၈၂၉၆၁၃၂။

## ဆရာမ ဒေါ်ရီရီဖေ(ငြိမ်း)

**အ.ထ.က(၃) တောင်ကြီး (St.Anne's)**
**အ.ထ.က(၃) သန်လျင်(စိန့်ဂျော့ဂျက်စ်)နှင့်**
**အ.ထ.က(၃)ကမာရွတ်**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ် (၅၆/A-5)နေ (ဦးထွန်းဖေ-ဒေါ်သီလ)တို့၏သမီး၊ ဒေါ်စိမ်းကျော့ကျော့လှိုင်(Max Hotels Group)၏ ကျေးဇူးရှင်မွေးစားမိခင် ဆရာမကြီး ဒေါ်ရီရီဖေသည် ၅-၁၂-၂၀၂၂ (တနင်္ဂနွေနေ့) ည ၈:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၂၂ (တနင်္လာနေ့)တွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးစိန်လင်း

**ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)(ငြိမ်း)**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့နေ (ဦးသိန်းဟန်-ဒေါ်ကြည်ကြည်)တို့၏သား၊ (ဒေါ်စန်းစန်းမြင့်)(ခတ်ခဲစက်ရုံ)၊ ဒေါ်လှလှမြင့်(စက်မှု ထွေ/ ထိန်း)တို့၏မောင်၊ ဒေါ်စိုးစိုးပြုံး(အကြီးစား၌ာန)၏အစ်ကို၊ ဒေါ်အေးအေးမြင့်(ညွှန်ကြားရေးမှူး၊ စာရင်း-ငြိမ်း) ဆည်/ရေဦးစီး၌ာန၊ ၏ခင်ပွန်း၊ မောင်အာကာမင်း၊ ဒေါက်တာပိုင်ဟိန်းကျော်(Essential Dential Clinic 1,2) တို့၏မွေးသဖခင်ကျေးဇူးရှင်သည် ၆-၁၂-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၁၀:၅၈နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၈-၁၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၂-၂၀၂၂ရက် (တနင်္ဂနွေနေ့)တွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ တတိုင်းမွှေးလမ်း၊ အမှတ်(၈၀/၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးစိန်လင်း အသက်(၆၇)နှစ်**

**ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)(ငြိမ်း)**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃) ရပ်ကွက်၊ တတိုင်းမွှေးလမ်း၊ အမှတ် ၈၀/၁ နေ ဒေါ်အေးအေးမြင့် (ညွှန်ကြားရေးမှူး)(စာရင်း)(ငြိမ်း) ဆည်/ရေဦးစီး၌ာန ၏ခင်ပွန်းသည် ၆-၁၂-၂၀၂၂ရက် (တနင်္လာနေ့)နံနက် ၁၀:၅၈နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ငွေစာရင်းမိသားစု**
**ဆည်မြောင်းဦးစီး၌ာန**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၈)ရပ်ကွက်၊ သောကမြိုင် (၆)လမ်း၊ အမှတ်(၁၃၂၉/ခ)၊ အကျယ်အဝန်း အလျား ပေ (၂၀)x အနံ ပေ(၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေချပါမစ် အမည်ပေါက်သူ ဒေါ်ခင်အေးဝင်းချိုမှ အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်ဖြင့် နောက်ဆုံးလက်ရောက်ရရှိသူ ဒေါ်နန်းထွေး [မှတ်ပုံတင်အမှတ်-၁၂/ဒဂဆ(နိုင်) ၀၀၉၅၅၆] ကိုင်ဆောင်သူက ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးမြင့်လွင်[၈/ပခက(နိုင်) ၀၁၁၈၃၇]နှင့် ဒေါ်ရင်ရင်အေး [၈/ပခက(နိုင်)၁၀၆၂၅၈]တို့အား ရောင်းချရန်ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေများမှ ဝယ်ယူရန် စရန်ငွေအဖြစ် တစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။ အကယ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မင်းမင်းစိုး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၀၈၄၁)**
**ရုံးခန်း-ရှေ့နေများရုံးခန်း၊ ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးရှေ့၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၅၀၁၁၁၀၉၅၊ ၀၉-၆၉၂၂၅၉၄၅၇**

---

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ နှောင်ရိုးလမ်းသွယ်၊ မြေကွက်အမှတ်(၂၀၇)၊ ဦးဇောင်းဇယ်အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်ပါ မြေအကျယ် ပေ(၄၀ x ၆၀ )ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဦးစောအောင်[၁၂/ဗဟန(နိုင်) ၀၆၈၉၅၇]မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဒေါ်မင်းမင်းဆွေ [၁၂/ဥကမ(နိုင်)၁၈၂၉၇၈]မှ စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်မင်းမင်းဆွေ၏ညွှန်ကြားချက်အရ-**
**ဒေါ်ဟန်နီထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၆၉)**
**အမှတ်(၃၅/၆၄၀၊ ခ)၊ သမိန်ဗရမ်းလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၅၀၅၄၁၂၆**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာ၊ ရေကြည်ကန်လမ်း၊ အကွက်အမှတ်-၅၈၊ အိမ်အမှတ်(၀၁) (လျှာထားဆဲအမှတ်)၊ မြေအကျယ်အဝန်း ပေ(၂၀x၆၀)၊ ရွာမြေအမျိုးအစားနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ဝင်းဖြူ[၁၂/ကတန(နိုင်)၀၃၂၅၅၅]က ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိ၊ လက်ရောက်နေထိုင်နေပြီး တစ်ဦးတည်း တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု မြွက်ဟသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြနှင်းယု [၁၂/သကတ(နိုင်)၁၄၉၇၁၄]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လင်းလင်းဦး(LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၅၇)**
**ဖုန်း-၀၉-၄၂၁၁၂၀၇၃၃**

---

**ဘုရား၊ ရဟန်း၊ ရေတွင်း၊ တံတိုင်း ဒါယကာကြီး**

## ဦးဘချို

**(အကောက်ခွန်မှူး-ငြိမ်း)**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ်(၉)နေ (ဦးစိန်ဖိုး- ဒေါ်အေးညွန့်)တို့၏သား၊ (ဦးကံရှိန်- ဒေါ်တင်လှ)တို့၏ သားသမက်၊ ဒေါ်တင်ယု၏ခင်ပွန်း၊ မဖြိုးဖြိုးဆွေ၊ မောင်ဟိန်းအောင်ချို၊ မောင်သန့်စင်မိုး(ခ)မောင်မင်းသူထက်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ [ဦးညွန့်မောင်-ဒေါ်မြ(ခ)ဒေါ်မြမေ]၊ (ဦးလှမြင့်)-ဒေါ်တင်ဥ၊ (ဦးမြသွင်-ဒေါ်တင်လှိုင်)တို့၏ ညီ/မောင်သည် ၆-၁၂-၂၀၂၂ (တနင်္လာနေ့) နံနက် ၁:၄၀ နာရီတွင် ကျိုက်လတ်မြို့နယ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၈-၁၂-၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါမြို့နယ်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးသောင်းညွန့် (B.A,B.Ed)

**ကျောင်းဆရာ(ငြိမ်း)**
**အ.ထ.က(၂) ရန်ကင်း၊ အ.ထ.က.(၂)ပန်းဘဲတန်း**

**အသက်(၇၃)နှစ်**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ကျောက်ရဲကျေးရွာနေ(ဦးအောင်ကို)-(ဒေါ်သိန်း ရင်)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ(ဦးထွန်းရှိန်)-ဒေါ်ရီတို့၏သားသမက်၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ(ဦးလှသောင်း)-ဒေါ်ကျင်တို့၏ညီ၊ မကွေးတိုင်းဒေသကြီး၊ စလေမြို့နေ(ဦးစစ်လှိုင်)-ဒေါ်ကြည်ဝင်းတို့၏မောင်၊ ကျောက်ရဲကျေးရွာနေ ဦးသန်းငွေ-ဒေါ်ညိုညိုဆန်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေဦးမင်းလွင်-ဒေါ်မေပြုံးထူး၊ ဦးလွင်မိုး-ဒေါ်စန်းစန်းအေး၊ ဒေါ်ဖြိုးလဲ့ဆွေ၊ ဦးကျော်စွာမင်း-ဒေါ်ဇာဇာထွေး၊ ဦးထက်ပိုင်-ဒေါ်နှင်းဝတ်ရည်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ (ဒေါ်သန်းသန်းညွန့်)၏ခင်ပွန်းဖြစ်သူသည် ၆-၁၂-၂၀၂၂နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၈-၁၂- ၂၀၂၂ ရက်နေ့တွင် မီးသဂြိုဟ်မည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဟန်မင်းကြိုင်

**အငယ်တန်းစာရေး**
**ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)**

**အသက်(၃၂)နှစ်**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ရေယှားကျေးရွာနေ ဦးလှမြိုင်-ဒေါ်တင်သန်းတို့၏သား၊ ဆင်မရဲကျေးရွာနေ ဦးမိုးအေး-(ဒေါ်ကြည်ခင်)တို့၏ သားသမက်၊ မုံရွာမြို့ ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)၊ နန္ဒဝန်ရပ်ကွက်၊ ဝန်ထမ်းအိမ်ရာ၊ တိုက်အမှတ်(၁၅)၊ အခန်း(၃၀၂)နေ ဒေါ်အေးအေးမွန်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ကောင်းမြတ်ဖြိုး၏ ကျေးဇူးရှင်ဖခင်ကြီး ဦးဟန်မင်းကြိုင်သည် ၅-၁၂-၂၀၂၂ (တနင်္ဂနွေနေ့) ည ၁၁:၃၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ဆင်မရဲကျေးရွာသုသာန်၌ ကောင်းမွန်စွာ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-အိုင် ၁)၊ မြေကွက်အမှတ်(၁၉)၊ ဧရိယာ(၀.၁၅၁)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊ သံသုမာလမ်းမကြီး၊ အမှတ်(၁၉)၊ မြလမ်းဟုခေါ်တွင်သည့် မြေကွက်အဆောက်အအုံနှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါမြေကွက်နှင့်အဆောက်အအုံကို တရားဝင် ဝယ်ယူအမည်ပေါက်ပိုင်ဆိုင်သူ **ဒေါ်ကြည်ကြည်စန်း[၁၃/လရန(နိုင်)၀၁၆၆၆၅]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B, DBL,DML, DIL,DLP, WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766, HP: 09-5017044**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်း/တောင်ရပ်ကွက်၊ ရွှေလောင်းလမ်း၊ အမှတ်(၄၃)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ (၅)လွှာ/ဘီ၊ အကျယ်အဝန်း ပေ(၁၂.၅x၅၀) အကျယ်ရှိသော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်လှမြင့်[၁၂/စခန(နိုင်)၀၃၀၆၃၀]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း (လူကိုယ်တိုင်) လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-LRE Law Firm**

| | |
|---|---|
| **ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)၊** | **ဒေါ်စန်းစန်းနု(စဉ်-၁၄၁၈၄)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)၊** | **ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉)** |
| **ဒေါ်စုမြတ်နွယ်(စဉ်-၁၆၆၈၅)** | |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၉-၄၃၁၃၃၉၉၀**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**စာသင်ကျောင်းနှင့် စာကြည့်တိုက်(လက်ပံတန်း)၊ တိုးချဲ့ဆေးရုံ(ဒိုက်ဦးမြို့)**
**အလှူရှင်**

## ဦးကြည်(ဒိုက်ဦး)

**ညွှန်ကြားရေးမှူး၊ EPC/TSC (ငြိမ်း)**

**အသက်(၉၈)နှစ်**

ဒိုက်ဦးမြို့နေ (ဦးတုတ်-ဒေါ်စိမ်းရွှေ)တို့၏သား၊ [ဒေါက်တာတင်တင်ကြည် (ဒု-ဆေးမှူးချုပ်၊ EPC-ငြိမ်း)]၏ခင်ပွန်း၊ ဦးတင်ဇော်-ဒေါက်တာခင်မူမူ (Sydney, Australia)တို့၏ ကျေးဇူးရှင်ဖခင်၊ Semeera-Tin Julie Zaw (Sydney, Australia)တို့၏အဘိုး ဦးကြည်သည် ၃-၁၂-၂၀၂၂ (သောကြာနေ့) နံနက် ၇:၂၀ နာရီတွင် အမှတ်(၅၃/၅၅)၊ အောင်လှရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ရေတွင်း၊ နတ်လမ်း ဒါယိကာမကြီး**

## ဒေါ်ကျင်မြ

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၅)လမ်း၊ အမှတ်(၆၀/၆၂)၊ သုံးလွှာနေ (ဦးရှောင်-ဒေါ်အေးကြည်)တို့၏သမီး၊ [ဦးတင်အောင် (အောင်မေတ္တာပွဲရုံ)]၏ ချစ်လှစွာသောဇနီး၊ ဦးဝင်းစိန်-ဒေါက်တာခင်သန်းနွယ်၊ ဦးတင့်လွင်-ဒေါ်အဲလစ်(စ်)(ခ)ဒေါ်မြတ်မြတ်စိုး၊ ဒေါက်တာသန်းသန်းဆွေ၊ (ဦးခင်မောင်လေး-ဒေါ်အေးအေးဝင်း)၊ ဦးတိုနီ(ခ) ဦးဘုန်းကျော်-ဒေါက်တာခင်မာအောင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင်၊ ဒေါ်ခင်ရတနာဝင်း၊ ဒေါက်တာအိရွှေစင်ဝင်း၊ ဦးဝေမိုးအောင်၊ ဦးဖြိုးကျော်ကျော်-ဒေါ်ပိုင်ဖြူစင်မောင်၊ ဒေါက်တာအောင်ခန့်မောင်၊ ကိုထက်ဘုန်းကျော်တို့၏ ချစ်လှစွာသောဘွားဘွားကြီး၊ မခိုင်စုရတီကျော်၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၅-၁၂-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၄:၀၉ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၂-၂၀၂၂(စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# သင့်

# သွေးဖြင့်

# အသက်

# ကယ်ပါ

---

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ မြေကွက်အမှတ်(၁၆၀)၊ (၁၆၁)၊ (၁၆၂)၊**
**အလျား ပေ(၄၀)x အနံ ပေ(၆၀) မြေကွက်(၃)ကွက် နှစ်(၆၀)ဂရန်**
**မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရွှေဝါထွန်းလမ်းနှင့် မနော်ဟရီလမ်းထောင့်၊ အမှတ်(၁၆၀)၊ (၁၆၁)၊**
**(၁၆၂)ဟုခေါ်တွင်သည့် မြေကွက်အဆောက်အအုံနှင့်စပ်လျဉ်းပြီး**
**ကန့်ကွက်နိုင်ပါသည်**

အဆိုပါမြေကွက်နှင့်အဆောက်အအုံကို တရားဝင် အမည်ပေါက်ပိုင်ရှင် **ဦးမောင်ချို**ထံမှ အမွေဆက်ခံပိုင်ဆိုင်သူ ဇနီးဖြစ်သူ **ဒေါ်စန်းမြင့်[၁၀/မလမ(နိုင်)၁၄၈၂၆၃]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B, DBL,DML, DIL,DLP, WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766, HP: 09-5017044**

---

## "ကန့်ကွက်နိုင်ကြောင်း ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၃) ရပ်ကွက်၊ ရန်ကင်းလမ်းမကြီးပေါ်တွင် တည်ဆောက်ထားသော ရွှေမြို့တော်အိမ်ရာ (Golden City Condo) ရှိ တိုက်အမှတ် (၂)၊ အခန်းအမှတ် (၀၅၀၂)၊ ၅ လွှာ၊ (၁၂၃၈ စတုရန်းပေ) အကျယ်ရှိ ကွန်ဒိုတိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးလွှမ်းမိုး [၁၂/ကမတ (နိုင်) ၀၀၉၂၇၉] နှင့် ဒေါ်မိမိစံ [၁၂/ကမတ (နိုင်) ၀၄၆၄၀၁] တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးနိုးမင်းထိုက် (စဉ်- ၄၀၃၂၇) | ဦးကျော်ဇေယျ (စဉ်- ၃၁၂၁) |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| Ph: 09-420177685 | Ph:09-5007849 |

---

# မူးယစ်ကိုပစ်ပန်းတိုင်သစ်
# စိတ်သစ် လူသစ် ဘဝသစ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း အကြမ်းဖက်သမားများနှင့် လက်နက်/ခဲယမ်းများ ပို့ဆောင်ပေးလျက်ရှိသည့် တရားခံများအား ဖမ်းဆီးရမိ



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ပုသိမ်မြို့နယ် လင်းဝင်းကြီးအုပ်စု ပိတောက်ချောင်းကုန်းကျေးရွာနေ အေးသောင်းနေအိမ်၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ပုသိမ်မြို့ (၁၀)ရပ်ကွက် (၁)လမ်းမကြီးနေ ဒေါ်မြနှစ်နေအိမ်၌ သိမ်းဆည်းရမိသည့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၆**

အကြမ်းဖက်အဖွဲ့အစည်းများမှ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းတို့အား ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးမှုများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂ ရက်တွင် လုံခြုံရေး ပူးပေါင်းအဖွဲ့သည် ပုသိမ်မြို့နယ်အတွင်း အကြမ်းဖက် သမားများနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် **စိုးပိုင်ဦး**(၃၅)နှစ်နှင့် **အောင်ကျော်**(၅၆)နှစ်တို့ နှစ်ဦး ကို ပုသိမ်မြို့နယ် (၉)ရပ်ကွက် သင်္ဘောကျင်းတွင် ဖမ်းဆီးရမိခဲ့သည်။

တရားခံ **စိုးပိုင်ဦး**၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၂ ရက်တွင် ပုသိမ်မြို့ (၁၀) ရပ်ကွက် စက်ကုန်း ရပ်နေသူများဖြစ်သော **ချောစုလှိုင်**(၄၀)နှစ်ကို ဒီတို နေတာ ငါးချောင်း၊ လက်လုပ်သေနတ်ပြုလုပ်ရန် ဆင်ထားသည့် ပိုက် သုံးခု၊ Gas Gun သုံးခု၊ Laptop တစ်လုံး၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့** ❐

## မြန်မာ ယူ-၂၂ အသင်း အာဆီယံ ယူ-၂၂ ပြိုင်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲအတွက် လာမည့် နှစ်ဆန်းပိုင်းတွင် စတင်ပြင်ဆင်မည်

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာ ယူ-၂၂ အမျိုးသားဘောလုံးအသင်းသည် လာမည့်နှစ်တွင် ကျင်းပမည့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲ နှင့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် လာမည့် နှစ်ဆန်းပိုင်းတွင် စတင်ပြင်ဆင်သွားမည်ဖြစ်သည်။

**လေ့ကျင့်ရန် စီစဉ်ထား**

မြန်မာ ယူ-၂၂ အသင်းသည် အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပခဲ့သည့် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲယှဉ်ပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုရပ်နားထားပြီး ၂၀၂၂ နှစ်ဆန်းပိုင်းတွင် ပြန်လည်လေ့ကျင့်ရန် စီစဉ်ထားခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ်အဖြစ် ဘူလ်ဂေး ရီးယားနိုင်ငံသား ပိုပေါ့ဗ်က ဆက်လက်ကိုင်တွယ် မည်ဖြစ်ပြီး အာရှဖလားခြေစစ်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ယူ-၂၃ အသင်းမှ အသက်မီသည့် ကစားသမားများကို အခြေခံကာ ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်သည်။ လက်ရှိ ဆူဇူကီးဖလားပြိုင်ပွဲယှဉ်ပြိုင်နေသည့် မြန်မာ့ လက်ရွေးစင်အသင်းတွင် မြန်မာ ယူ-၂၂ အသင်းမှ

**စာမျက်နှာ ၂၄ ကော်လံ ၁ သို့** ❖

**ယနေ့** ဖတ်စရာ


### ထိုင်းနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းပိုးရပ်စ်ကူးစက်ခံရသူ စတင်တွေ့ရှိ

စာမျက်နှာ » ၁၃

### ရန်ကုန် - မန္တလေး မီးရထားလမ်းအား အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး

စာမျက်နှာ » ၁၄

### ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၌ တရားမဝင်ခွင့်ပြုချက်မဲ့ ဆူပူဆန္ဒပြမှုအား လုံခြုံရေး တပ်ဖွဲ့ဝင်များက လူစုခွဲထိန်းသိမ်းခြင်းများ ဆောင်ရွက်မှုအပေါ် မဟုတ်မမှန်သတင်းဖြန့်လွှင့်မှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်

စာမျက်နှာ » ၁၅





## ဦးဆောင်ဂိုးစတင်ခွင့်ပြုပေးခဲ့ရသော်လည်း လက်စတာစီးတီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အက်စ်တွန်ဗီလာအသင်း အနိုင်ရရှိ

ပရီမီယာလိဂ်ပွဲစဉ်(၁၅)ရဲ့ ဒီဇင်ဘာ ၅ ရက် နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်စ်တွန်ဗီလာအသင်းနဲ့ လက်စတာစီးတီး အသင်းတို့ရဲ့ပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်းဟာ လက်စတာ စီးတီးအသင်းကို ဦးဆောင်ဂိုး ခွင့်ပြုပေးခဲ့ရပေမယ့် နှစ်ဂိုး- တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ လက်စတာစီးတီးအသင်းဟာ ပထမပိုင်းပွဲကစားချိန် ၁၄ မိနစ်မှာ ဘားနက်စ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့တာဖြစ်ပြီး ပွဲကစားချိန် ၁၇ မိနစ်နဲ့ ၅၄ မိနစ်တို့မှာ အက်စ်တွန်ဗီလာ အသင်းကစားသမား

**စာမျက်နှာ ၂၄ ကော်လံ ၁ သို့** ❍